# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## နိဗ္ဗာန်ကမ်းတစ်ဖက်သို့

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သောသူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို(ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၃ ရက် | ၂၀၂၂ ခုနှစ်၊ ဇွန် ၁ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၁)၊ အမှတ် (၂၃၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၂ ခုနှစ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု မိုးရာသီအကြို သစ်ပင်စိုက်ပျိုး နိုင်ငံပိုင်သစ်တောစိုက်ခင်း ၂၄၂၆၉ ကေဋ္ဌ အပင်ပေါင်း သန်း ၂၀ ခန့် စိုက်ပျိုးသွားရန် စီမံထား

**နေပြည်တော် မေ ၃၁**

၂၀၂၂ ခုနှစ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် ရန်အောင်မြင်ကြိုးဝိုင်းအကွက်(၁၃)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ခရေပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ကောင်စီအတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ✪






### အမှာစကား ပြောကြား

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။


**ယနေ့** ဖတ်စရာ

သဘာဝအခြေပြုဖြေရှင်းနည်းများဖြင့် တစ်ခုတည်းသော ကမ္ဘာမြေကို ပူးပေါင်းပါဝင်ထိန်းသိမ်းကြပါစို့
၂၀၂၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ဆောင်းပါး စာ - ၁၀

တရုတ်နိုင်ငံ၌ ကောလိပ်ဝင်ခွင့်စာမေးပွဲသို့ ကျောင်းသားကျောင်းသူဦးရေ စံချိန်တင်ဝင်ရောက်ဖြေဆိုမည်
နိုင်ငံတကာသတင်း စာ - ၁၄

နိုင်ငံကြီးသားစိတ်ထား
ဆောင်းပါး စာ - ၁၆

မြန်မာ့အလင်း

# စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံ၍ စက်မှုလုပ်ငန်းထူထောင်

မိမိတို့နိုင်ငံ၏ စီးပွားရေးသည် လက်ရှိအချိန်အထိ စိုက်ပျိုးရေးကဏ္ဍကို အခြေခံထားရဆဲဖြစ်သည်။ နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် စက်မှုကဏ္ဍတွင်လည်း လုပ်အားကို အခြေပြုသည့် ကုန်ထုတ်လုပ်ငန်း အမျိုးအစားများဖြင့် အားယူလုပ်ကိုင်နေရဆဲဖြစ်သည်။ နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သော စိုက်ပျိုးရေးနှင့်အတူ မွေးမြူရေးလုပ်ငန်းများကိုပါ ပေါင်းစပ်လုပ်ကိုင်နိုင်သည့် ရေခံမြေခံများ ရှိနေသော်လည်း ယင်းကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုနည်းပါးနေပြီး နည်းပညာအားဖြင့်လည်း နောက်ကျနေကာ အိမ်နီးချင်းနိုင်ငံများထက် နိမ့်ကျနေသည်ကို တွေ့ရသည်။

မိမိတို့နိုင်ငံ၏ လက်လီစားသုံးသူများ ဈေးကွက်အတွင်းတွင် ပြည်ပမှ တင်သွင်းရောင်းချနေသည့် စားသောက်ကုန် အမြောက်အမြားရှိရာ ယင်းတို့ကို လေ့လာကြည့်ပါက မြန်မာနိုင်ငံတွင် စိုက်ပျိုးမွေးမြူထုတ်လုပ်နိုင်သည့် ကုန်ပစ္စည်းများသာ အများစုဖြစ်သည်ကို တွေ့ရှိနိုင်သည်။ ကုန်ကြမ်းသက်သက်ကိုသာ ထုတ်လုပ်ရောင်းချနေသည်ထက် စိုက်ပျိုးမွေးမြူထုတ်ကုန်များကို ခေတ်မီနည်းပညာများဖြင့် ထုတ်လုပ်ခြင်း၊ နိုင်ငံတကာစံချိန်မီ ထုပ်ပိုးခြင်းတို့ဖြင့် ပြည်တွင်းပြည်ပ ဈေးကွက်များတွင် ဝင်ရောက်နေရာယူနိုင်ရန် ကြိုးပမ်းသွားရန်လိုသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် တန်ဖိုးမြှင့်ကုန်ချောထုတ်လုပ်မှု လုပ်ငန်းစဉ်တစ်လျှောက်တွင် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာပြီး ပြည်တွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေမည်ဖြစ်သည်။

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၂) တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် “စိုက်ပျိုးရေးနဲ့ မွေးမြူရေးကို အခြေခံတဲ့ စီးပွားရေးလုပ်ငန်းတွေအများကြီး ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာ လုပ်လို့ရတယ်။ အဲ့ဒီအပေါ်မှာ တစ်ခါစက်မှုလုပ်ငန်းသွားမယ်ဆိုရင်တော့ လျှပ်စစ်ကလိုတာပေါ့။ ပြည်နယ်နဲ့တိုင်းဒေသကြီးအသီးသီးမှာ မိမိတိုင်းဒေသကြီးနဲ့ ပြည်နယ် အစီအစဉ်နဲ့ National Grid က မဟုတ်ဘဲ ကိုယ့်ဘာသာကိုယ် လျှပ်စစ်ရအောင် ကြိုးစားဆောင်ရွက်မယ်ဆိုလို့ရှိရင် အဲ့ဒီလျှပ်စစ်ထွက်နိုင်တဲ့နေရာတွေမှာ စောစောကပြောတဲ့ ကုန်ထုတ်လုပ်မှုကို အခြေခံတဲ့ စက်မှုလုပ်ငန်းတွေ ကျွန်တော်တို့ သွားလို့ရတယ်။ မွေးမြူရေးထုတ်ကုန်၊ စိုက်ပျိုးရေးထွက်ကုန်တွေအပေါ် အခြေခံတဲ့ ကုန်ထုတ်လုပ်မှုကို သွားမယ်ဆိုလို့ရှိရင် ဒေသတွင်းမှာ ပြည်နယ်နဲ့တိုင်းအလိုက် စက်မှုလုပ်ငန်းတွေ၊ စက်မှုဇုန်တွေ ပေါ်လာမယ်”ဟူ၍ ထည့်သွင်းပြောကြားခဲ့သည်။

စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုလုပ်ငန်းသည် မိမိတို့နိုင်ငံ၏ လက်တွေ့ဘဝနှင့် ကိုက်ညီပြီး ကနဦးလှမ်းရမည့် ခြေလှမ်းလည်းဖြစ်သည်။ အနာဂတ်တစ်ချိန်ချိန်တွင် နည်းပညာမြင့် စက်မှုနိုင်ငံဖြစ်လာရေးကို မျှော်မှန်းထားရမည်ဖြစ်သော်လည်း ပစ္စုပ္ပန်တွင်မူ အဖြစ်နိုင်ဆုံးကိုသာ စတင်ကြိုးပမ်းကြရမှာဖြစ်သည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးမှ စားသောက်ကုန်နှင့် အခြားကုန်ပစ္စည်း အများအပြားထုတ်လုပ်ပြီး ကမ္ဘာ့ဈေးကွက်တွင် မိမိတို့အိမ်နီးချင်းနိုင်ငံများ နေရာယူထားနိုင်ပြီဖြစ်ရာ မိမိတို့၏ ရေခံမြေခံကို အခြေခံ၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို မြှင့်တင်ကာ စက်မှုလုပ်ငန်းများလည်း ထူထောင်နိုင်ကြပါစေကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဒေါက်တာ ဝင်းဝင်းသန်း | ပါမောက္ခချုပ်<br>မြိတ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| ( ခ ) ဒေါက်တာ သန်းသန်းဦး | ပါမောက္ခချုပ်<br>ထားဝယ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| ( ဂ ) ဦးဇော်ဇော် | ပါမောက္ခချုပ်<br>ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရေနံချောင်းတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာချိုချိုမြင့် ကို ယင်းတက္ကသိုလ်၏ ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ကျောင်းဖွင့်ချိန်အလှ

✳ စိန်ပန်းတွေလည်း ကျဲပြန့်နေ
ကျောင်းတွေဖွင့်ပြီ ညီညီရေ။
စာပေပညာတတ်စေဖို့
ကျောင်းကိုသွားကြစို့။

✳ ကိုကို့သူငယ်ချင်း မောင်ဖိုးနီ
သူလည်းကျောင်းတက်မည်
ညီညီ့အတန်းဖော် ပူစူးမ
လိုက်ဖို့ ခေါ်ခဲ့ပါ့။

✳ စိတ်ချပါလေ ကိုကိုရေ
ပူးမနဲ့သူငယ်ချင်းတွေ။
သူတို့မှာလေပျော်မဆုံး
ကျောင်းတက်ကြဖို့စီစဉ်တုန်း။

✳ အားလုံးတူတူသွားမယ်လေ
ညီ ညီမတို့လာကြဟေ။
ဆရာတွေက ကြိုနေကြ
ဆရာမတွေကကြိုနေကြ
ကျောင်းဖွင့်ချိန်အလှ။ ။

မြင်းမူမောင်နိုင်မိုး

## ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံသူဦးရေ ၅၂ သိန်းကျော်ရှိပြီဖြစ်

နေပြည်တော် မေ ၃၁



ကန်ကြီးထောင့်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်လက်ခံဆောင်ရွက်ပေးစဉ်။

၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် အခြေခံပညာ ကျောင်းများ၏ ကျောင်းအပ်နှံမှု သီတင်းပတ်အဖြစ် မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိ သတ်မှတ်၍ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံမှုလက်ခံခြင်းများကို ဆောင်ရွက်လျက်ရှိရာ ကျောင်းအပ်စတင်လက်ခံသည့် မေ ၂၆ ရက်မှ ယနေ့အထိ ၆ ရက်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၌ ကျောင်းအပ်နှံသူ ကျောင်းသား ကျောင်းသူ ၅၂၆၄၉၄၆ ဦး ရှိကြောင်း အခြေခံပညာဦးစီးဌာနမှ သိရသည်။



တောင်ငူမြို့ အထက (နတ်စင်ကုန်း)၌ ကျောင်းအပ်နှံသည့် ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာများ ပေးအပ်စဉ်။

ယနေ့တွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာ ကျောင်းများအလိုက် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှု တာဝန်ခံများနှင့် ဆရာ ဆရာမများက ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံနိုင်ရေး ဆောင်ရွက်ပေးကြပြီး ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ထောက်ပံ့ပေးအပ်သည့် စာရေးကိရိယာများနှင့် ကျောင်းသုံးစာအုပ်များကိုလည်း တစ်ပါတည်း ထောက်ပံ့ပေးအပ်ကြသည်။

ကျောင်းများ၏ လုံခြုံရေးနှင့် ကျောင်းအပ်နှံမှု လက်ခံဆောင်ရွက်သည့် ဆရာ ဆရာမများ၊ လာရောက် ကျောင်းအပ်နှံကြသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများ၏ လုံခြုံရေးအတွက် သက်ဆိုင်ရာလုံခြုံရေး တာဝန်ရှိသူများနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၃၁

နေပြည်တော်နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ **မိုး/ဇလ**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခရေပျိုးပင်ကို စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပျဉ်းကတိုးပျိုးပင်ကို စိုက်ပျိုးပေးစဉ်။

■ **သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းစိုသာယာလှပစေပြီး အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်၊ သစ်တောသစ်ပင်များနှင့် သစ်တောဂေဟစနစ်သည် လူသန်းပေါင်းများစွာ၏ လိုအပ်သည့် အစားအစာ၊ သစ်၊ ဝါး၊ ကြိမ်၊ ဆေးဖက်ဝင်ပင် အစရှိသည့် သစ်တောထွက်ပစ္စည်းအမျိုးမျိုးကို ထောက်ပံ့ပေးနေသကဲ့သို့ ရာသီဥတုပြောင်းလဲမှုကိုလည်း ထိန်းညှိပေး**

■ **ထို့ပြင် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးခြင်း၊ လေထုအတွင်းမှ ကာဗွန်ကို စုပ်ယူသိုလှောင်ဖယ်ရှားပေးခြင်း၊ ရေနှင့်လေကို သန့်စင်ပေးခြင်း၊ မြေတိုက်စားမှု၊ မြေပြိုမှုများမှ ကာကွယ်ပေးခြင်း၊ ဝတ်မှုန်ကူးပေးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝစေခြင်း၊ မြေဆီမြေနှစ် အဆင့်ဆင့်ဖြစ်ပေါ်စေခြင်း စသည့်ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများနှင့် အကျိုးကျေးဇူးများစွာကိုလည်း ပံ့ပိုးပေးလျက်ရှိ**

❂ *ရွှေဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ၂၀၂၂ ခုနှစ်၊ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ ဂေဟစနစ်ထိန်းသိမ်းနိုင်စေရန်နှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများ တက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း။

**တက်ညီလက်ညီ ပူးပေါင်းပါဝင်**

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၅ ၌ "နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည်"ဟု အခြေခံမူချမှတ်ထားပြီး နိုင်ငံသူ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ၊ ပုဒ်မ ၃၉၀ ၌ နိုင်ငံသားတိုင်းသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်းကိစ္စရပ်များတွင် နိုင်ငံတော်အားကူညီရန် တာဝန်ရှိကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံသူ နိုင်ငံသားတိုင်းသည် တစ်ဦးချင်းအနေဖြင့်သာမက တစ်နိုင်ငံလုံးအနေဖြင့်ပါ သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးကို တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အသိပေးမှာကြားလိုကြောင်း။

သစ်တောသစ်ပင်များ စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းသည် ဂေဟစနစ် ပြန်လည်ကောင်းမွန်ရှင်သန်ရေးနှင့် နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် လုပ်ငန်းဖြစ်သည့်အတွက် အမျိုးသားအဆင့် လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယခင်နှစ်များတွင် သစ်ပင်စိုက်ပျိုးပွဲတော်များကို မိုးရာသီဖြစ်သည့် ဇွန်လနှင့် ဇူလိုင်လများတွင်သာ ကျင်းပခဲ့သည်ဖြစ်သော်လည်း ယခုနှစ်တွင် မိုးဦးကျစောပြီး ရာသီဥတုပြောင်းလဲလာခြင်းကြောင့် မေလအတွင်းမှစ၍ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲတော်များ ဒေသအသီးသီးတွင် ဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ ဇွန်နှင့် ဇူလိုင်လများတွင်လည်း နိုင်ငံနှင့်အဝန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် သစ်ပင်စိုက်ပွဲတော်များကို ဆက်လက်ကျင်းပသွားကြရန် မှာကြားလိုကြောင်း။

**အကျိုးကျေးဇူးများ ရရှိခံစားနိုင်မည်**

သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းစိုသာယာလှပစေပြီး အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်ကြောင်း၊ သစ်တောသစ်ပင်များနှင့် သစ်တောဂေဟစနစ်သည် လူသန်းပေါင်းများစွာ၏ လိုအပ်သည့် အစားအစာ၊ သစ်၊ ဝါး၊ ကြိမ်၊ ဆေးဖက်ဝင်ပင် အစရှိသည့် သစ်တောထွက်ပစ္စည်းအမျိုးမျိုးကို ထောက်ပံ့ပေးနေသကဲ့သို့ ရာသီဥတုပြောင်းလဲမှုကိုလည်း ထိန်းညှိပေးကြောင်း၊ ထို့ပြင် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးခြင်း၊ လေထုအတွင်းမှ ကာဗွန်ကို စုပ်ယူသိုလှောင်ဖယ်ရှားပေးခြင်း၊ ရေနှင့် လေကို သန့်စင်ပေးခြင်း၊ မြေတိုက်စားမှု၊ မြေပြိုမှုများမှ ကာကွယ်ပေးခြင်း၊ ဝတ်မှုန်ကူးပေးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝစေခြင်း၊ မြေဆီမြေနှစ် အဆင့်ဆင့်ဖြစ်ပေါ်စေခြင်း စသည့်ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများနှင့် အကျိုးကျေးဇူးများစွာကိုလည်း ပံ့ပိုးပေးလျက်ရှိကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်းသည် ဇရပ်တန်ဆောင်း၊ ဂူ၊ ကျောင်း၊ ပြာသာဒ်နှင့် အခြားထာဝရကုသိုလ်များကဲ့သို့ပင် တူညီသည့် ကုသိုလ်အကျိုးကျေးဇူးများကို ရရှိခံစားနိုင်မည်ဖြစ်ကြောင်း။

ယင်းသို့ သစ်ပင်စိုက်ပျိုးကြရာတွင်လည်း တစ်ပင်စိုက်တစ်ပင်ရှင်သန်စေရန် အရေးကြီးပြီး စိုက်သမျှသစ်ပင် ရှင်သန်စေရန်အတွက် အောင်လုံသန်စွမ်းသည့် သက်တမ်းရင့်ပျိုးပင်များဖြစ်ရန် အရေးကြီးသည့်အတွက် ပျိုးသက် နှစ်နှစ်သားနှင့်အထက်၊ အမြင့် နှစ်ပေအထက် သစ်ပင်များရရှိအောင် ဆောင်ရွက်ရန်ဖြစ်ကြောင်း။

**စဉ်ဆက်မပြတ် ဆောင်ရွက်**

သစ်စေ့မှ စိုက်ပျိုးနိုင်သည့် အမြင့် နှစ်ပေနှင့်အထက် အရွယ်ပျိုးပင်တစ်ပင် ဖြစ်လာသည်အထိ အချိန်၊ ငွေ၊ လုပ်အားများစွာ အရင်းအနှီး စိုက်ထုတ်ခဲ့ရသည်ဖြစ်သည့်အတွက် တစ်ပင်စိုက်တစ်ပင်ရှင်၊ စိုက်သမျှအပင် ရှင်သန်စေရေး၊ အကျိုးရှိစေရေး ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန်လိုကြောင်း။

သစ်ပင်စိုက်ပျိုးချိန်မှစ၍ ရေလောင်းခြင်း၊ ပေါင်းရှင်းခြင်း၊ ခါးဆွခြင်း၊ မီးဘေးကာကွယ်ခြင်း၊ ကျွဲ၊ နွားတိရစ္ဆာန်များ ဖျက်ဆီးခြင်းမရှိအောင် ကာကွယ်ခြင်း စသည့်ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို ရာသီအလိုက် ဆက်လက်လုပ်ဆောင်မှသာ စိုက်ပျိုးပြီးအပင်များ ရာနှုန်းပြည့် ရှင်သန်ကြီးထွားအောင်မြင်နိုင်မည်ဖြစ်ကြောင်း။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်သည်နှင့်အညီ ထင်း၊ မီးသွေးကို လောင်စာအဖြစ် အသုံးပြုကြဆဲဆိုသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး ချက်ပြုတ်စားသောက်ရန်အတွက် အများစုသည် ထင်းကို အဓိကထားသုံးစွဲကြသည်ဖြစ်သည့်အတွက် သဘာဝသစ်တောများအပေါ် မှီခိုအားထားနေကြကြောင်း၊ ယင်းကိုလျှော့ချရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကျေးရွာပိုင် ထင်းစိုက်ခင်းများကို တစ်ရွာလျှင် အနည်းဆုံး နှစ်ဧက စိုက်ပျိုးတည်ထောင်ကြရန် မှာကြားခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် လမ်းညွှန်ခဲ့သကဲ့သို့ သစ်ပင်စိုက်ပျိုးရေးကိုလည်း တွန်းအားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၁ ခုနှစ်၊ မိုးရာသီတွင် နိုင်ငံပိုင်သစ်တောစိုက်ခင်း ၂၈၇၁၅ ဧကၐ အပင် ၂၃၉၇၃၀၅၁ ပင် စိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် နိုင်ငံပိုင်သစ်တောစိုက်ခင်း ၂၄၂၆၉ ဧကၐ အပင်ပေါင်း သန်း ၂၀ ခန့် စိုက်ပျိုးသွားရန် စီမံထားသည်ဟု သိရကြောင်း။

နိုင်ငံအတွင်း ဖောက်လုပ်ထားသည့် ဆက်သွယ်ရေး လမ်းဘေးဝဲ/ယာ စိမ်းလန်းစိုပြည်ရေးနှင့် ခရီးသွားပြည်သူလူထုအနေဖြင့် စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေးအတွက် တောပါးနေရာများ၌ သစ်တောကွက်များ စနစ်တကျစိုက်ပျိုးနိုင်ရေး ဆောင်ရွက်ခဲ့ရာတွင် ၂၀၂၁ ခုနှစ်က လမ်းပိုင်း ၆၆၃ ပိုင်းတွင် အပင်ပေါင်း ၂၇၈၅၇၃ ပင် စိုက်ပျိုးခဲ့ပြီး ယခု ၂၀၂၂ ခုနှစ် မိုးရာသီ၌ လမ်းပိုင်း ၈၅၉ ပိုင်းတွင် အပင်ပေါင်း ၂ သိန်း ၅ သောင်းကျော် စိုက်ပျိုးသွားကြမည်ဖြစ်ကြောင်း။

**တာဝန်ယူဆောင်ရွက်ရမည်**

ထို့ပြင် စိုက်ပျိုးပြီးသည်နှင့် မလုံလောက်ဘဲ ရှင်သန်ကြီးထွားအောင် ထိန်းသိမ်းစောင့်ရှောက်ရန်လည်း လိုအပ်ကြောင်း၊ စိုက်ပျိုးပြီးအပင်များကိုလည်း တစ်ပင်စိုက် တစ်ပင်ရှင်စနစ်ဖြင့် အောင်မြင်အောင် ဆောင်ရွက်ရန် ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး ပြည်သူအားလုံးကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုကြောင်း။

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ၂၀၀၀ ပြည့်နှစ် သစ်တောသယံဇာတ ဆန်းစစ်လေ့လာခြင်း အစီရင်ခံစာအရ မြန်မာနိုင်ငံ၏ သစ်တော ဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၅၁ ဒသမ ၅၄ ရာခိုင်နှုန်း၊ ၂၀၁၀ ပြည့်နှစ် အစီရင်ခံစာတွင် သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၆ ဒသမ ၉၆ ရာခိုင်နှုန်း၊ ၂၀၁၅ ခုနှစ် သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းနှင့် ၂၀၂၀ ပြည့်နှစ် အစီရင်ခံစာတွင် သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းရှိသောကြောင့် တဖြည်းဖြည်းနှင့် သစ်တောဖုံးလွှမ်းမှုဧရိယာ လျော့နည်းလာပြီး သစ်တောများ ပိုမိုပျက်စီးလာသည်ကို စိစစ်တွေ့ရှိရကြောင်း။

သစ်တောပြုန်းတီးခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများအနေဖြင့် ရာသီဥတုဆိုးရွားစွာ ပြောင်းလဲလာခြင်း၊ မြစ်၊ ချောင်း၊ ကန်များ ညစ်ညမ်းလာပြီး ရေချိုများ ခန်းခြောက်လာခြင်း၊ ကမ်းခြေများနှင့် ပင်လယ်သမုဒ္ဒရာ ပျက်စီးယိုယွင်းခြင်း၊ တောင်ပေါ်ဒေသ မြေဆီလွှာများ ပြုန်းတီးခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းပျောက်ဆုံးခြင်းစသည့် ဂေဟစနစ်များ ယိုယွင်းပျက်စီးမှုများနှင့်အတူ လူသားများ အသက်ရှင်ရပ်တည်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများနှင့် ထိခိုက်မှုများဖြစ်ပေါ်စေခဲ့ကြောင်း။

တစ်ဖက်က သစ်ပင်များစိုက်ပျိုးခြင်း၊ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းတို့ကို အရှိန်အဟုန်နှင့် ဆောင်ရွက်နေသကဲ့သို့ ၂၀၂၁-၂၀၂၂ ခုနှစ် (Mini-budget)နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်များတွင် သစ်ထုတ်လုပ်မှုကို ရပ်ဆိုင်းထားပြီး သဘာဝတောများ ပြန်လည်ထိန်းသိမ်းရေး လုပ်ငန်းများကိုလည်း တွန်းအားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် သစ်အလုံးလိုက်နှင့်ခွဲသား ပြည်ပသို့ ရောင်းချခြင်းကိုလည်း ခွင့်မပြုဘဲ ကုန်ချောထုတ်လုပ်ပြီးမှသာ တင်ပို့ရောင်းချရေး ထိန်းသိမ်းဆောင်ရွက်နေကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ရန်အောင်မြင်ကြိုးဝိုင်း အကွက်(၁၃)၌ သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသူများက ပျိုးပင်များ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

**အမြော်အမြင်ကြီးစွာဖြင့် ဆောင်ရွက်**

နေပြည်တော်ကောင်စီနယ်မြေသည် နိုင်ငံတော်၏ မြို့တော်ဖြစ်သည်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အဓိကထားဆောင်ရွက်နေသည်ဖြစ်သည့်အတွက် Green City၊ Clean City၊ Smart City အဖြစ် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စံပြနယ်မြေတစ်ခုဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်ပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်း သစ်တော သစ်ပင်များနှင့် စိမ်းလန်းစိုပြည်စေရေး သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးတို့ကိုလည်း အမြော်အမြင်ကြီးစွာဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း။

ယင်းသို့ ဆောင်ရွက်နေမှုများသည် မိမိတို့အတွက်သာမက အနာဂတ်မျိုးဆက်သစ်များအတွက် သစ်ပင်သစ်တောများနှင့် ပိုမိုစိမ်းလန်းစိုပြည်သည့် ကျန်းမာသော၊ ပျော်ရွှင်ဖွယ်ကောင်းသော၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေသော၊ သန့်ရှင်းကောင်းမွန်သော မြို့ပြများကို ထာဝရကောင်းမွန်နေသော အမွေအဖြစ်ပေးနိုင်ရန် ကြိုးစားလုပ်ဆောင်နေခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ထိန်းသိမ်းဆောင်ရွက်နေစဉ်ကာလအတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပတ်သက်၍ ဆောင်ရွက်လျက်ရှိသည့် မြေပေါ်မြေအောက် သဘာဝသယံဇာတများ ထုတ်ယူသုံးစွဲမှုများကို လျှော့ချပြီး တိုင်းပြည်၏ အရန်သယံဇာတအဖြစ် ထိန်းသိမ်းနိုင်ရေး၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုလျှော့ချရေးနှင့် ပြန်လည်မျှတလာစေရေး၊ နိုင်ငံပိုင်သစ်တောများ ရေရှည်တည်တံ့စေရေး၊ ကျေးရွာပိုင်ထင်းစိုက်ခင်းများ တည်ထောင်ရေး၊ ပင်လယ်ကမ်းခြေဒေသများရှိ ဒီရေတောများ ထာဝစဉ်ဖွံ့ဖြိုးတိုးတက်စေရေး စသည့်လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားပြည်သူများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများက ပူးပေါင်းပါဝင်ဆောင်ရွက်ကြခြင်းဖြင့် **"သစ်ပင်စိုက်ပျိုးရေးပွဲတော်များ နိုင်ငံအနှံ့ကျင်းပ၍ စိမ်းလန်းသည့် မြန်မာ့ရေမြေတောတောင်ဖြစ်အောင် ဖန်တီးပုံဖော်ကြရမည်"** ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

**ဦးဆောင်စိုက်ပျိုးပေး**

ထို့နောက် ရန်အောင်မြင်ကြိုးဝိုင်း အကွက်(၁၃) ရှိ အမှတ်(၁) နေရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ခရေပျိုးပင်ကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပျဉ်းကတိုးပျိုးပင်ကို လည်းကောင်း သတ်မှတ်နေရာများတွင် ဦးဆောင်စိုက်ပျိုးပေးကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ကောင်စီအတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများ၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ တာဝန်ရှိသူများသည် ရန်အောင်မြင် ကြိုးဝိုင်းအကွက်(၁၃) ရှိ အမှတ်(၁) နေရာတွင် ပျိုးပင်များကို သတ်မှတ်နေရာများ၌ စိုက်ပျိုးပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရန်အောင်မြင်ကြိုးဝိုင်းအကွက်(၁၃)၌ အခမ်းအနားသို့ တက်ရောက်လာကြသူများ တပျော်တပါး ပျိုးပင်များ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ရန်အောင်မြင်ကြိုးဝိုင်းအကွက်(၁၃) ရှိ အမှတ်(၂) နေရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယင်းမာပျိုးပင်ကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပန်းမဲဇလီပျိုးပင်ကို လည်းကောင်း ကျောင်းသား ကျောင်းသူများနှင့်အတူ သတ်မှတ်နေရာများတွင် စိုက်ပျိုးပေးကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက ရန်အောင်မြင်ကြိုးဝိုင်း အကွက်(၁၃) ရှိ အမှတ်(၂)နေရာတွင် ပျိုးပင်များကို သတ်မှတ်နေရာများ၌ စိုက်ပျိုးပေးကြသည်။

ယနေ့အခမ်းအနားတွင် စိန်ပန်းနီ၊ တပေဘူတ၊ ကျူးလစ်၊ ငုရွှေဝါ၊ ပျဉ်းမ၊ တမလန်း၊ ပိတောက်၊ ပျဉ်းကတိုး၊ သင်းဝင်၊ အင်ကြင်း၊ ယမနေ၊ ယင်းမာ၊ ကျွန်း၊ ဆီသပြေ၊ မဟော်ဂနီ၊ ဒဟတ်၊ သခွတ်၊ မဲဇလီ၊ ထနောင်း၊ ရင်းတိုက်၊ မြန်မာရှား၊ ပနားမားငု၊ ပန်းမဲဇလီ၊ တမာ၊ သကာန်း၊ ဝါးမင်း၊ ပန်းပိတောက်၊ စွယ်တော်၊ ငုစပ်၊ မယ်ဇယ်၊ ယူကလစ်၊ ခရေ၊ ဖျောက်ဆိပ်၊ ဝါးဘိုးနှင့် ထီးရိုးဝါး စသည့်ပျိုးပင် ၃၅ မျိုး၊ ပျိုးပင်အရေအတွက် ၂၇၃၉ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

**ထင်းစိုက်ခင်း တစ်ရွာ နှစ်ဧကစိုက်ပျိုး**

ယခု၂၀၂၂ ခုနှစ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု မိုးရာသီတွင် နိုင်ငံပိုင်သစ်တောစိုက်ခင်း၊ သဘာဝတောတန်ဖိုးမြှင့် စိုက်ပျိုးခြင်း၊ အထူးစိမ်းလန်းစိုပြည်ရေးစိုက်ပျိုးခြင်း၊ ကျေးရွာထင်းစိုက်ခင်း တစ်ရွာ နှစ်ဧကစိုက်ပျိုးခြင်း၊ လူထုဖြန့်ပျိုးပင်များအနေဖြင့် ပျိုးပင်ပေါင်း ၃၀ ဒသမ ၅၇ သန်း စိုက်ပျိုးရန်လျာထားကြောင်း သိရသည်။

မိမိတို့နိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် FAO ၏ ၂၀၂၀ ပြည့်နှစ် တွက်ချက်မှုအရ နိုင်ငံကုန်းမြေအကျယ်အဝန်း၏ ၄၉ ဒသမ ၁၉ ရာခိုင်နှုန်းသာ ရှိသည့်အတွက် နိုင်ငံတော်၏ သစ်တောဖုံးလွှမ်းမှု တိုးတက်ကောင်းမွန်လာစေရန်နှင့် သစ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နိုင်ငံပိုင်သစ်တောစိုက်ခင်းများကို တိုးမြှင့်တည်ထောင်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ ၁၀ နှစ်တာကာလအတွက် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း (MRRP)ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းစီမံချက်နှင့်အညီ အဖိုးတန်သစ်မျိုးများဖြစ်သည့် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ထင်းရှူးစိုက်ခင်းများအပြင် ရေဝေရေလဲနှင့် ဒီရေတောစိုက်ခင်းများကို ဧက ၄၂၀၀၀ ကျော် တည်ထောင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်းတွင်လည်း ဧက ၂၂၀၀၀ ကျော် စိုက်ပျိုးတည်ထောင်နိုင်ခဲ့ကြောင်း၊ စီးပွားရေးစိုက်ခင်းများကို အောင်မြင်အောင် တည်ထောင်ထိန်းသိမ်းနိုင်မည်ဆိုပါက နောင်ကာလတွင် နိုင်ငံတော်အတွက် သစ်လိုအပ်ချက်ကို သဘာဝတောများ ထိခိုက်ခြင်းမရှိစေဘဲ ထုတ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၂)တွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၂)သို့ တက်ရောက် အမှာစကားပြောကြား

## ကျောင်းသား ကျောင်းသူများ ငြိမ်းချမ်းစွာပညာသင်ကြားနိုင်ရေးနှင့် ပညာပြည့်ဝစွာသင်ကြားနိုင်ရေးအတွက် လိုအပ်ချက်များကို နည်းလမ်းရှာ၍ ဖြည့်ဆည်း

**နေပြည်တော် မေ ၃၁**

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၂)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

### တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်မှု

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်တွင် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကြောင့် ဆူပူမှုများ ဖြစ်ပေါ်ခဲ့ကာ အချို့ EAO အဖွဲ့များ၏ သွေးထိုးမြှောက်ပင့်ပေးမှုများကြောင့် အကြမ်းဖက်မှုများအထိ ဖြစ်ပေါ်ခဲ့ပြီး ယနေ့အချိန်အထိ ဖြစ်ပေါ်လျက်ရှိကြောင်း၊ သို့သော် အကြမ်းဖက်မှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် အတတ်နိုင်ဆုံး ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ အကြမ်းဖက်မှုများကြောင့် တာဝန်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အပြစ်မဲ့ပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ကြောင်း၊ ယခုအခါ အေးချမ်းသည့်အနေအထားသို့ ရောက်ရှိလာပြီဖြစ်ကြောင်း။

### ကိုဗစ် -၁၉ ရောဂါထိန်းချုပ်နိုင်မှု

နိုင်ငံတစ်ခုသည် ရပ်တန့်နေ၍မရဘဲ ဆောင်ရွက်ရန်ရှိသည်များကို ဆက်လက်ဆောင်ရွက်နေရန် လိုကြောင်း၊ မိမိတို့တာဝန်ယူပြီးနောက်ပိုင်း ကိုဗစ် ၁၉ ကူးစက်မှု ဒုတိယလှိုင်းနှင့် တတိယလှိုင်းတို့ကို ခက်ခဲစွာဖြင့် ကျော်ဖြတ်ခဲ့ရကြောင်း၊ သို့သော် ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ တာဝန်ရှိသည့် ကျန်းမာရေးဝန်ထမ်းများနှင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာစီမံခန့်ခွဲသည့် အဖွဲ့အစည်း အသီးသီးအပင်ပန်းခံဆောင်ရွက်ခဲ့မှုများကြောင့် လက်ရှိအချိန်တွင် ထိန်းသိမ်းနိုင်သည့် အနေအထားကို ရောက်ရှိလာခြင်းပင်ဖြစ်ကြောင်း၊ ကိုဗစ် – ၁၉ ကူးစက်မှုအနေဖြင့် ယခုလ ၃၀ ရက်အထိ မိမိတို့နိုင်ငံတွင် ၈ သန်းကျော်ကိုစစ်ဆေးခဲ့ပြီး ပိုးတွေ့ရှိသူအနေဖြင့် ၆၁၃၃၂၆ ဦး တွေ့ရှိခဲ့ကြောင်း၊ သေဆုံးသူအနေဖြင့် ၁၉၄၃၄ ဦးရှိခဲ့ကြောင်း၊ ယခုအခါ ပိုးတွေ့ရာခိုင်နှုန်း ၀ ဒသမ ၁၆ ရာခိုင်နှုန်းသာရှိကြောင်း၊ မေ ၃၀ ရက်တွင် ကမ္ဘာ့တစ်ဝန်းကူးစက်မှု လူဦးရေ ၂၅၃၄၆၂ ဦးတွေ့ရှိရပြီး ပိုးတွေ့သူ စုစုပေါင်း ၅၃၁ သန်းကျော်ရှိပြီဖြစ်ကြောင်း၊ နိုင်ငံတကာတွင် မိမိတို့ထက် ပိုမိုခံစားရကြောင်း၊ မိမိတို့နိုင်ငံတွင် ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားချိန်၌ အခက်အခဲဖြစ်ပေါ်နေချိန်တွင် ပြည်တွင်းမှ အဓိကပူးပေါင်းပါဝင်ကူညီဆောင်ရွက်ခဲ့သည့် ပြည်သူလူထုများ၊ မိတ်ဆွေကောင်းပီသစွာဖြင့် အကူအညီပေးခဲ့သည့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ရုရှား နိုင်ငံ၊ မလေးရှား နိုင်ငံနှင့် အခြားအကူအညီပေးခဲ့သည့် နိုင်ငံများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ဆူပူအကြမ်းဖက်မှုအခက်အခဲ၊ ကိုဗစ်– ၁၉ ရောဂါ ကူးစက်မှုအခက်အခဲများကို ဖြေရှင်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း။

### ပညာရေးကဏ္ဍ မြှင့်တင်မှု

ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနိုင်ရေးအတွက် ၂၀၂၁ ခုနှစ်တွင် ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ကိုဗစ် – ၁၉ ရောဂါ ကူးစက်မှုများကြောင့် ပြန်လည်ပိတ်ထားခဲ့ရမှုများလည်း ဖြစ်ပေါ်ခဲ့ကြောင်း၊ အဆိုပါအချိန်တွင် ကျန်းမာရေးဝန်ထမ်းများ၏ CDM ပြုလုပ်မှုများ၊ အကြမ်းဖက် PDF များက အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အခက်အခဲများ ဖြစ်ပေါ်ခဲ့သော်လည်း ၂၀၂၂ ခုနှစ် မတ်လနောက်ဆုံးပတ်အတွင်း အတန်းတင်စာမေးပွဲများကို ကျင်းပပေးနိုင်ခဲ့ကြောင်း၊ ယခုနှစ်ပညာသင်နှစ်တွင် ကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိပြီး ၄ သန်း ၉ သိန်းကျော် အပ်နှံပြီးဖြစ်၍ ဆက်လက်တိုးတက်လာမည့်အခြေအနေ တွေ့ရှိရကြောင်း၊ အဆင့်မြင့်ပညာနှင့် ပတ်သက်၍ တက္ကသိုလ်များ၊ ကောလိပ်များကိုလည်း ယခုနှစ်တွင် ပြန်လည်ဖွင့်လှစ်လျက်ရှိပြီး ကျောင်းသား ကျောင်းသူများစွာ ပညာသင်ကြားလျက်ရှိသည်ကို တွေ့ရှိရကာ ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားရေးအတွက် စိတ်ဓာတ်ပြင်းပြလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ကျောင်းသား ကျောင်းသူများ ငြိမ်းချမ်းစွာ ပညာသင်ကြားနိုင်ရေးနှင့် ပညာပြည့်ဝစွာ သင်ကြားနိုင်ရေးအတွက် လိုအပ်ချက်များကို အစိုးရအနေဖြင့် နည်းလမ်းရှာ၍ ဖြည့်ဆည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

### နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်၊ စီးပွားရေးကောင်းမွန်ရန် လိုအပ်မှုနှင့် ထုတ်ကုန်ပစ္စည်းများ တိုးမြှင့်ရန်လိုအပ်မှု

နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကိုလည်း ပုံမှန်လည်ပတ်အောင် ဆောင်ရွက်နေရန်လိုကြောင်း၊ နိုင်ငံတကာတွင် ကိုဗစ် –၁၉ ရောဂါ ဖြစ်ပွားမှုများကြောင့် စီးပွားရေးထိခိုက်မှုများရှိကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ပြည်ပပို့ကုန်နှင့် ပတ်သက်၍ မျှော်မှန်းထားသလောက် တင်ပို့နိုင်ခဲ့ခြင်း မရှိကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများရှိမှသာလျှင် ပြည်ပသို့ ကုန်ပစ္စည်းများ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်သည့်ကုန်ပစ္စည်းများသည်လည်း ဈေးကွက်ဝင်ပြီး အရည်အသွေးကောင်းမွန်မှုရှိရန် လိုကြောင်း၊ နိုင်ငံတစ်ခု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် တိုးတက်မှုများရရှိနိုင်မည်ဖြစ်ကြောင်း၊ အစိုးရတစ်ရပ်အနေဖြင့် ရငွေရရှိမှသာလျှင် နိုင်ငံတော်၏

*စာမျက်နှာ ၆ သို့*

❖ **ယခုနှစ်ပညာသင်နှစ်တွင် ကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိပြီး ၄ သန်း ၉ သိန်းကျော် အပ်နှံပြီးဖြစ်၍ ဆက်လက်တိုးတက်လာမည့်အခြေအနေ တွေ့ရှိရ၊ အဆင့်မြင့်ပညာနှင့် ပတ်သက်၍ တက္ကသိုလ်များ၊ ကောလိပ်များကိုလည်း ယခုနှစ်တွင် ပြန်လည်ဖွင့်လှစ်လျက်ရှိပြီး ကျောင်းသား ကျောင်းသူများစွာ ပညာသင်ကြားလျက်ရှိသည်ကို တွေ့ရှိရကာ ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားရေးအတွက် စိတ်ဓာတ်ပြင်းပြလျက်ရှိသည်ကို တွေ့ရှိရ**

# နိုင်ငံတစ်ခု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် တိုးတက်မှုများရရှိနိုင်မည်ဖြစ်၊ အစိုးရတစ်ရပ်အနေဖြင့် ရငွေရရှိမှုသာလျှင် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးကို အပြည့်အဝ ကြိုးပမ်းဆောင်ရွက်နိုင်မည်

*စာမျက်နှာ ၅ မှ*

ဖွံ့ဖြိုးတိုးတက်ရေးကို အပြည့်အဝ ကြိုးပမ်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားချိန်တွင် ရငွေများနည်းပါးမှုဖြစ်ပေါ်ခဲ့ပြီး နောက်ပိုင်းတွင် ပြန်လည်တိုးတက်မှုများ ရှိခဲ့ကြောင်း၊ သို့သော် အပြည့်အဝရရှိခြင်း မရှိသေးကြောင်း၊ ရသင့်ရထိုက်သည့် အခွန်အခများရရှိအောင် သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများမှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ လုပ်ဆောင်ရာတွင် အချို့စက်ပစ္စည်းများသည် သက်တမ်းကြာမြင့်ခြင်း၊ နည်းပညာအရ နောက်ကျခြင်းများရှိသဖြင့် စက်စွမ်းအား ပြည့်လည်ပတ်နိုင်မှု မရှိခြင်း၊ သွင်းအားစုများ ပြည့်ဝစွာမရရှိခြင်းတို့ကြောင့် အရည်အသွေးပြည့်မီသည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ခြင်း မရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ရရှိသည့် ငွေအင်အားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ ငွေများကို အတတ်နိုင်ဆုံးချွေတာသုံးစွဲရန်နှင့် မဖြစ်မနေ သုံးစွဲရမည်ဆိုပါက စည်းမျဉ်း၊ စည်းကမ်း ဥပဒေနှင့်အညီ စနစ်တကျဖြင့် စိစစ်သုံးစွဲကြရန်လိုကြောင်း၊ နိုင်ငံ၏ကုန်သွယ်မှု လိုအပ်ချက်အရ အချို့သော ပြည်ပ သွင်းကုန်တင်သွင်းခြင်းများကို ကန့်သတ်ခဲ့ရကြောင်း၊ သို့သော် စက်သုံးဆီ၊ စားဆီတို့နှင့်ပတ်သက်၍ ကမ္ဘာ့ဈေးကွက်အခြေအနေအရ ဈေးနှုန်းမြင့်တက်ခြင်းများရှိခဲ့သော်လည်း လုံးဝပြတ်လပ်ခြင်းများ မရှိအောင် စီမံခဲ့ကြောင်း။

အဆောက်အဦဆောက်လုပ်ရန်အတွက် အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သံမဏိနှင့် ဘိလပ်မြေများ ထုတ်လုပ်နိုင်သည့် ကုန်ကြမ်းပစ္စည်းများရှိကြောင်း၊ အဆိုပါ ကုန်ကြမ်းပစ္စည်းများကို အသုံးချ၍ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် သံနှင့် ဘိလပ်မြေထုတ်လုပ်ခြင်းလုပ်ငန်းများကို အသေးစားစက်မှုဇုန်များ ဖော်ဆောင်၍ ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သဖြင့် ဒေသအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

## ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်ရေး၊ မြေယာအသုံးချမှုနှင့် ကုန်ထုတ်စွမ်းအားတိုးတက်ရန် လိုအပ်မှု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်ရေး၊ မြေယာအသုံးချမှုနှင့် ကုန်ထုတ်စွမ်းအားတိုးတက်ရေးတို့နှင့် ပတ်သက်၍ "ပြီးခဲ့တဲ့တစ်လလောက်က ကျွန်တော် ဝန်ကြီးချုပ်များကို ပြောပါတယ်။ ကိုယ့်ရဲ့ရေမြေသဘာဝကို အသုံးချပြီးတော့ ကုန်ထုတ်လုပ်မှုတွေ တိုးမြှင့်အောင် ဆောင်ရွက်သွားမယ်ဆိုလို့ရှိရင် နိုင်ငံတော်အတွက် များစွာ အထောက်အကူရမယ်ဆိုတာလေး ပြောလိုပါတယ်။ အဲဒီတော့ စောစောကပြောတဲ့ ရေခံမြေခံနဲ့ ပတ်သက်တာပေါ့။ ရေတွေ၊ မြေတွေ ကျွန်တော်တို့မှာရှိတယ်။ စိုက်ပျိုးလုပ်ကိုင်နိုင်တဲ့ မြေတွေရှိတယ်။ မွေးမြူရေးလုပ်ကိုင်နိုင်တဲ့မြေတွေရှိတယ်။ အဲဒီတော့ မကြာခင်ကပဲ ကျွန်တော် နေပြည်တော်ကောင်စီနယ်မြေဖွံ့ဖြိုးရေးနဲ့ ပတ်သက်ပြီး သီးခြားအစည်းအဝေးလေး လုပ်ခဲ့ပါတယ်။ အဲဒီမှာ ကျွန်တော်ပြောပါတယ်။ ကျွန်တော်တို့က မြေကို အပြည့်အဝအသုံးချဖို့ ဥပမာ စိုက်ဧက ၃၃ သန်းရှိတယ်။ သီးထပ်သီးညှပ်ပေါင်းလိုက်ရင် ဧက ၄၈ သန်းရှိတယ်။ အဲဒီတော့ သန်းပေါင်း ၁၅ သန်းလောက်က တစ်သီးပဲ စိုက်တဲ့အနေအထားရှိတယ်။ ကျန်တာက သီးထပ်သီးညှပ် စိုက်တယ်။ အဲဒီ ၁၅ သန်းလောက်က ကျွန်တော်တို့က နှစ်သီးစိုက်လို့ရအောင် ကြိုးစားရှိရင် စိုက်ပျိုးရေးကရတဲ့ ထုတ်ကုန်ပစ္စည်းတွေ နှစ်ဆလောက် တက်လာနိုင်တာရှိတယ်။ မဖြစ်နိုင်ဘူးလို့ တွက်ပေမယ့် တကယ်လုပ်ရင်ဖြစ်ပါတယ်။ အဲ့ဒီမှာလိုတဲ့ ခုနကပြောတဲ့ မြေရယ်၊ မျိုးရယ်၊ ရေရယ် ဒီဟာကိုပဲ ကျွန်တော်တို့က ဖန်တီးပေးရမှာပဲ။ အဲဒီက အခြေခံတဲ့၊ ထွက်လာတဲ့ဟာတွေကို မွေးမြူရေးလုပ်ငန်းတွေမှာ အများကြီးသုံးလို့ရမယ်။ တိရစ္ဆာန်အစားအစာတွေ အများကြီးဖြစ်လာမယ်။ စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းရှိမယ်။ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းအောင်မြင်လာပြီဆိုလို့ရှိရင်၊ ဒီစိုက်ပျိုးရေးနဲ့ မွေးမြူရေးကို အခြေခံတဲ့စီးပွားရေးလုပ်ငန်းတွေ အများကြီး ပြည်နယ်နဲ့တိုင်းဒေသကြီးတွေမှာ လုပ်လို့ရတယ်။ အဲ့ဒီအပေါ်မှာ တစ်ခါ စက်မှုလုပ်ငန်းသွားမယ်ဆိုရင်တော့ လျှပ်စစ်က လိုတာပေါ့။ ပြည်နယ်နဲ့ တိုင်းဒေသကြီးအသီးသီးမှာ မိမိ တိုင်းဒေသကြီးနဲ့ ပြည်နယ် အစီအစဉ်နဲ့ National Grid က မဟုတ်ဘဲ ကိုယ့်ဘာသာကို လျှပ်စစ်ရအောင် ကြိုးစားဆောင်ရွက်မယ်ဆိုလို့ရှိရင် အဲဒီလျှပ်စစ် ထွက်နိုင်တဲ့နေရာတွေမှာ စောစောကပြောတဲ့ ကုန်ထုတ်လုပ်မှုကို အခြေခံတဲ့ စက်မှုလုပ်ငန်းတွေ ကျွန်တော်တို့သွားလို့ရတယ်။ မွေးမြူရေးထုတ်ကုန်၊ စိုက်ပျိုးရေးထွက်ကုန်တွေအပေါ် အခြေခံတဲ့ ကုန်ထုတ်လုပ်မှုကိုသွားမယ်ဆိုလို့ရှိရင် ဒေသတွင်းမှာ ပြည်နယ်နဲ့ တိုင်းအလိုက် စက်မှုလုပ်ငန်းတွေ၊ စက်မှုဇုန်တွေ ပေါ်လာမယ်။ ဒါက ဘာလဲဆိုတော့ ဖြစ်နိုင်တဲ့နည်းလမ်းကို ကျွန်တော်က ပြောတာပါ။ မဖြစ်နိုင်တာ ကျွန်တော် မပြောပါဘူး။ ပြည်နယ်နဲ့တိုင်းများကလည်း ကိုယ့်ဒေသအလိုက် စီးပွားရေး ဇုန်လေးတွေကို။ ဟိုဘက် အဝေးကလာပြီး ရင်းနှီးမြှုပ်နှံပြီးတော့ လုပ်တဲ့ဟာမျိုးတွေထက်၊ ကိုယ့်ဒေသမှာ ထွက်တဲ့ ထုတ်ကုန်ပစ္စည်းကို အခြေခံတဲ့ ကုန်ထုတ်လုပ်မှုသွားတာက ပိုပြီးတော့ ကောင်းပါတယ်။ ကျွန်တော် အဲဒါ ပုသိမ်မှာ တစ်ခါပြောခဲ့ပါတယ်။ ပုသိမ်စက်မှုဇုန်သွားကြည့်ရင်းနဲ့ အထည်ချုပ်လုပ်ငန်းတွေ၊ နိုင်ငံခြားက ခေါ်မယ်၊ ပြုမယ်ဆိုတာ။ ဟုတ်ပြီ။ ဒါကတော့ ဖြစ်နိုင်ပါတယ်။ သို့သော်လည်းပဲ ခင်ဗျားတို့ ဒီမှာ ဆန်စက်တွေ ရှိတယ်။ ပဲတွေ စိုက်နေတယ်။ အဲဒီတော့ အဲ့ဒီကနေ ထွက်တဲ့၊ အခြေခံတဲ့ တန်ဖိုးမြင့်ကုန်တွေ ထုတ်နိုင်ဖို့ကြိုးစား။ ဟင်းသီးဟင်းရွက်တွေ စိုက်၊ မွေးမြူရေးလုပ်ငန်းတွေ လုပ်၊ အဲဒီကနေပြီးတော့ တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းတွေ လုပ်မယ်ဆိုလို့ရှိရင် အများကြီး အထောက်အကူရလိမ့်မယ်။ ဒါတွေက ပြည်နယ်နဲ့ တိုင်းအလိုက် အကောင်အထည်ဖော်ဖို့ လိုပါတယ်။"

> ❂ **ယခုနှစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အားကစားသမားများအနေဖြင့် အားကြိုးမာန်တက် ကြိုးစားယှဉ်ပြိုင်ခဲ့ကြသည်ကို တွေ့ရှိရ၊ ယခင်သုံးနှစ် ပြိုင်ပွဲမှတ်တမ်းများကို ကြည့်မည်ဆိုပါက ယခုအကြိမ်ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲရလဒ်သည် ယခင်အကြိမ်များထက် ပိုမိုကောင်းမွန်သည်ကို တွေ့ရှိရ**

## အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လိုအပ်မှု

အားကစားကဏ္ဍနှင့် ပတ်သက်၍ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မိမိတို့နိုင်ငံအနေဖြင့် အဆင့် ၇ ရရှိခဲ့ကြောင်း၊ အားကစားပြိုင်ပွဲ သွားရောက် ယှဉ်ပြိုင်မည့် အားကစားသမားများကိုလည်း မိမိကိုယ်တိုင်တွေ့ဆုံအားပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ယခုနှစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အားကစားသမားများအနေဖြင့် အားကြိုးမာန်တက် ကြိုးစားယှဉ်ပြိုင်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ ယခင်သုံးနှစ် ပြိုင်ပွဲမှတ်တမ်းများကို ကြည့်မည်ဆိုပါက ယခုအကြိမ်ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲရလဒ်သည် ယခင်အကြိမ်များထက် ပိုမိုကောင်းမွန်သည်ကို တွေ့ရှိရကြောင်း၊ (၂၉) ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အားကစားနည်း ၂၉ နည်း၊ အားကစားသမား ၃၈၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ပြီး ရွှေ ၇ ခု၊ ငွေ ၁၀ ခု၊ ကြေး ၂၀ ခု စုစုပေါင်း ၃၇ ခုရရှိခဲ့ကြောင်း၊ အကြိမ် (၃၀) မြောက်တွင် အားကစားနည်း ၃၁ နည်း၊ အားကစားသမား ၃၅၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေ ၄ ခု၊ ငွေ ၁၈ ခု၊ ကြေး ၅၁ ခု စုစုပေါင်း ၇၃ ခု ရရှိခဲ့ကြောင်း၊ (၃၁)ကြိမ်မြောက်တွင် အားကစားနည်း ၂၀၊ အားကစားသမား ၂၈၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ယခင်နှစ်ထက် အားကစားနည်းနှင့် လူဦးရေ နည်းပါးခဲ့ကြောင်း၊ သို့သော် ရွှေ ၉ ခု၊ ငွေ ၁၈ ခု၊ ကြေး ၃၅ ခု စုစုပေါင်း ၆၂ ခု ရရှိခဲ့ကြောင်း၊ တိုးတက်မှုရှိလာသည်ဟု ပြော၍ ရနိုင်မည်ဖြစ်ကြောင်း၊ အားကစားသည် နိုင်ငံတစ်ခု၏ ဂုဏ်သိက္ခာပင်ဖြစ်ကြောင်း၊ အားကစားမြှင့်တင်ရေးအတွက် ငွေကြေးထောက်ပံ့မှု ကောင်းမွန်သည့်နိုင်ငံ၊ အားပေးမှု စဉ်ဆက်မပြတ်သည့်နိုင်ငံ၊ လုံခြုံရေးနှင့် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုရှိသည့် နိုင်ငံများသည် မိမိတို့ထက် သာလွန်သည်ကို တွေ့ရှိရကြောင်း၊ အဆိုပါအချက်မှာ မိမိတို့နိုင်ငံ၏အခြေအနေကို မီးမောင်းထိုးပြနေခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ငွေကြေးကြွယ်ဝရေးအတွက်ကို ယခုထက် ပိုမိုဆောင်ရွက်ရန်၊ နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိရန်၊ လုံခြုံမှုနှင့် ပဋိပက္ခများမရှိရန် စသည့်အချက်များရှိရန် လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက မျိုးချစ်စိတ်ဓာတ်၊ တိုင်းပြည်ချစ်စိတ်များဖြစ်ပေါ်လာပါက ယခုထက် ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း။

နိုင်ငံတစ်ခု၏ ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာ မြှင့်တင်ရေးအတွက် အားကစားကို အားပေးရန်လိုကြောင်း၊ လေ့ကျင့်မှုကိုလည်း လုပ်ဆောင်ရမည်ဖြစ်ပြီး လေ့ကျင့်ရေး အထောက်အကူပြုပစ္စည်းများ၊ အားကစားကွင်းနှင့် အားကစားရုံများကို ကောင်းမွန်စွာဖြင့် ဖြည့်တင်းပေးရန်လိုသကဲ့သို့ အာဟာရပြည့်ဝအောင် ကျွေးမွေးရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ အားကစားသမားများအနေဖြင့်လည်း စည်းကမ်း စနစ်တကျနေထိုင်ပြီး စားသောက်နေထိုင်မှု စနစ်တကျရှိရန်လိုကြောင်း၊ အားကစားသမားများအနေဖြင့် ကြံ့ခိုင်မှုပိုင်းဆိုင်ရာများနှင့် ကိုယ်ခန္ဓာဖွံ့ဖြိုးမှုများ အားနည်းသည်ကို တွေ့ရှိရကြောင်း၊ ကိုယ်ခန္ဓာဖွံ့ဖြိုးမှုအတွက် စားသောက်မှုအပိုင်းကို ပြင်ဆင်ရန် လိုအပ်သည်များကို လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အားကစားပွဲများ ဆောင်ရွက်ရာတွင်လည်း တိုင်းပြည်အတွက်အကျိုးရှိစေရေး စနစ်တကျဖြင့် စီစဉ်ဆောင်ရွက်ရန်လိုကြောင်း၊ အားကစားပြုလုပ်ခြင်းသည် ပြည်သူတစ်ဦးချင်း ကျန်းမာကြံ့ခိုင်ရေးမှသည် နိုင်ငံတကာအားကစားများအထိ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း၊ အားကစားများ ဆောင်ရွက်ရာတွင် အဖြစ်သဘောဆောင်ရွက်ခြင်းမျိုး မပြုလုပ်ဘဲ အောက်ခြေမှအစ ကောင်းမွန်အောင် ကြိုတင်ပြင်ဆင်၍ ဆောင်ရွက်ရန်လိုကြောင်း၊ အားကစားသမားများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဘဝအာမခံချက်များရှိစေရေးအတွက်လည်း ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မကြာမီအချိန်တွင်လည်း စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်သွားမည်ဖြစ်သဖြင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ရှိ ရေအားလျှပ်စစ်စက်ရုံများ ပြင်ဆင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လက်ရှိအခြေအနေ၌ နိုင်ငံခြားသားပညာရှင်များ ငှားရမ်းဆောင်ရွက်လျက်ရှိရာမှ နောင်တွင် မိမိတို့နိုင်ငံမှ အင်ဂျင်နီယာပညာရှင်များဖြင့် အစားထိုးဆောင်ရွက်သွားနိုင်ရေးစီစဉ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေးအတွက် အင်ဂျင်နီယာနည်းပညာရှင်များ လိုအပ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းများ၊ နည်းပညာကောလိပ်များ၊ နည်းပညာတက္ကသိုလ်များ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (ဗဟိုဝန်ထမ်းတက္ကသိုလ်) များတွင် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေခြင်းမှာ နိုင်ငံ့ဝန်ထမ်းကောင်းများ မွေးထုတ်ပေးရန် ရည်ရွယ်ချက်ဖြင့် သင်ကြားပေးနေခြင်းဖြစ်ကြောင်း၊ သင်တန်းများတွင် အခြေခံစစ်ပညာကို ထည့်သွင်းသင်ကြားပေးနေရခြင်းမှာလည်း နိုင်ငံ့ဝန်ထမ်းများ စည်းကမ်းတကျနေထိုင်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် သင်ကြားပေးနေခြင်းဖြစ်ကြောင်း ပြောကြားသည်။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရအနေဖြင့် ပညာရေးနှင့်ပတ်သက်၍ ပြုပြင်ပြောင်းလဲမှုအဖြစ် KG + 9 ပညာရေး စနစ်ကို မသင်မနေရအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင်လည်း အဆိုပါပညာရေးစနစ်နှင့် ပတ်သက်၍ ထည့်သွင်းဆွေးနွေး ရှင်းလင်းပြောကြားခဲ့ကြောင်း၊ ယင်းစနစ်သည် ၂၀၁၀ ပြည့်နှစ်က စတင်ခဲ့သည့်နှစ် ၃၀ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းတွင် ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ KG + 9 သင်ယူပြီးစီးပါက KG + 10 + 11 + 12 မှတစ်ဆင့် အဆင့်မြင့်ပညာရေးသို့ လည်းကောင်း၊ စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း၊ စက်မှုလက်မှု အထက်တန်းကျောင်းအပါအဝင် အသက်မွေးပညာသင်ကျောင်းများသို့ လည်းကောင်း ဆက်လက်တက်ရောက်သင်ကြားနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အဆိုပါ အသက်မွေးပညာသင်ကျောင်းများ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုကျောင်းများမှတစ်ဆင့် ထူးချွန် ကျောင်းသား ကျောင်းသူများကို သက်ဆိုင်ရာ တက္ကသိုလ်ပညာရပ်များ ဆက်လက်သင်ကြားနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်း၍ စီစဉ်ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ပညာရေး နေ့သင်တန်း တက်ရောက်ခြင်းဖြင့် ကျယ်ပြန့်သည့် လူမှုဆက်ဆံရေးအသိုက်အဝန်း တည်ဆောက်နိုင်ပြီး စီမံခန့်ခွဲမှုအပိုင်းတွင် ပိုမိုအားကောင်းသည်ကို တွေ့ရှိရကြောင်း၊ ဥပဒေနှင့် စီးပွားရေးပညာရပ်သည် နိုင်ငံတော်တည်ဆောက်ရေးတွင် အရေးကြီးသည့် ကဏ္ဍတစ်ရပ်ဖြစ်သဖြင့် တက္ကသိုလ်များတွင် အဆိုပါ ပညာရပ်များနှင့် သက်ဆိုင်သည့်ဘွဲ့၊ ဒီပလိုမာများ ပေးအပ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ထူးချွန်သူများအနေဖြင့် အဆင့်မြင့်အတန်းများ ဆက်လက်တက်ရောက်သွားနိုင်မည်ဖြစ်ကြောင်း။

ပညာရေးကဏ္ဍတွင် နိုင်ငံရေးရောထွေးမှု မရှိစေရန် အမျိုးသားပညာရေး ဥပဒေပါ ပြဋ္ဌာန်းချက်များကို ပြန်လည်သုံးသပ်ပြီး ပြင်ဆင်သင့်သည်များကို ပြင်ဆင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ တက္ကသိုလ်ပညာရေးတွင် နိုင်ငံရေးသိပ္ပံ ဘာသာရပ်ကို သင်ကြားနိုင်သော်လည်း ပညာရေးနှင့် နိုင်ငံရေး ရောထွေး၍ မရပါကြောင်း၊ နိုင်ငံရေး ဆောင်ရွက်လိုပါက နိုင်ငံရေးနယ်ပယ်သို့ သွားရောက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်သည့် အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားဘာသာစာပေများကို သင်ကြားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြစ်သည့်အတွက် မူဝါဒအပိုင်းတွင် တစ်မျိုးတည်းဖြစ်ရန် လိုအပ်ကြောင်း၊ မတူညီသည်များကို ပေါင်းစပ်ညှိနှိုင်းရန် လိုအပ်ကြောင်း၊ မြန်မာစာ၊ မြန်မာစကားသည် ပြည်ထောင်စု၏ တရားဝင်ရုံးသုံး၊ ကျောင်းသုံးစာပေဖြစ်သဖြင့် နိုင်ငံသားအားလုံးအနေဖြင့် သင်ကြားတတ်မြောက်ထားရမည်ဖြစ်ကြောင်း။

အုပ်ချုပ်ရေးယန္တရားတွင် ခရိုင်ဖွဲ့စည်းမှုကို အဓိကထားစီမံဆောင်ရွက်ရသည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အသစ်ထပ်မံဖွဲ့စည်းထားသည့်ခရိုင်များအပါအဝင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသအဖွဲ့များတွင် အရေးကြီးသည့် ဌာနဆိုင်ရာရုံးများ အမြန်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရသည့် ဝန်ကြီးဌာနများအနေဖြင့် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်များတွင် ပညာရေးကဏ္ဍနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ပိုမိုအလေးထား ဦးစားပေးဆွေးနွေး ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လယ်ဝေးမြို့နယ်၌ မိုးစပါးအထွက်နှုန်းနည်းသော တောင်သူများအား မျိုးစပါးများ ထောက်ပံ့ပေးအပ်

**လယ်ဝေး မေ ၃၁**

နေပြည်တော် လယ်ဝေးမြို့နယ် ကျေးရွာများ၌ မိုးစပါးအထွက်နှုန်းနည်းသော တောင်သူများအား အထွက်နှုန်း တိုးတက်လာရေးအတွက် မျိုးစပါးများ ထောက်ပံ့ပေးအပ်ပွဲကို မေ ၃၁ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပရာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ကြသည်။




အဆိုပါ အခမ်းအနားတွင် နေပြည်တော် ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးဝင်းထိန်က လယ်ဝေးမြို့နယ်တွင် နှစ်စဉ် မိုးစပါး စိုက်ဧက ခြောက်သောင်းကျော်နှင့် နွေစပါး စိုက်ဧက ၁၃၀၀၀ ကျော် စိုက်ပျိုးလျက်ရှိရာ ဆည်ရေ သောက်နည်းလမ်း၊ မျိုးကောင်းမျိုးသန့် အသုံးပြုစိုက်ပျိုးခြင်းနှင့် စိုက်နည်းစနစ် ပြောင်းလဲစိုက်ပျိုးခြင်းတို့ဖြင့် စိုက်ပျိုးလျက်ရှိကြောင်း၊ အဆိုပါ စိုက်ဧရိယာများရှိ အချို့သောကျေးရွာများတွင် အထွက်နှုန်း နည်းပါးလျက်ရှိသောကြောင့် မျိုးသန့်အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၎င်းဧရိယာများမှာ ကုန်းသာ၊ ကျောက်ကျောင်းစုနှင့် ကန်သာအုပ်စုတို့ရှိ တောင်သူပေါင်း ၁၇၃ ဦးအတွက် ဆင်းသုခ မျိုးသန့်စပါး ၃၀၆ တင်း ထောက်ပံ့ပေးအပ်ခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော် ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ စိုက်ပျိုးရေး ဦးစီးဌာန တိုင်းဦးစီးမှူးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆောင်တို့က တောင်သူများအား မျိုးစပါးများ ထောက်ပံ့ ပေးအပ်ကြောင်း သိရသည်။ (ဝဲပုံ) **မောင်ကျော်ကြီး**

## Colombo Plan Staff College for Technician Education (CPSC) မှ Online In-Country Program on Developing Modern TVET Curriculum သင်ကြားရေးအစီအစဉ်၏ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မေ ၃၁**

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် Colombo Plan Staff College for Technician Education (CPSC) တို့ ပူးပေါင်း၍ In–Country Program on Developing Modern TVET Curri–culum သင်ကြားရေး အစီအစဉ်၏ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုင်းကျော်နိုင်ဦး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက် ၍ CPSC မှ ညွှန်ကြားရေးမှူးချုပ် Prof. G.L.D Wickramasinghe နှင့် ဖိလစ်ပိုင်နိုင်ငံရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ သံရုံးတာဝန်ခံ ဦးအောင်ကျော်ဦးတို့က အမှာစကားများ ပြောကြားပြီး ဦးစီးဌာနနှင့် CPSC တို့၏ Video များ ပြသခဲ့ကြသည်။

အဆိုပါ Developing Modern TVET Curri–culum သင်ကြားရေးအစီအစဉ်အား ဦးစီးဌာနရှိ ကောလိပ်၊ သိပ္ပံ၊ ကျောင်းများမှ ဘာသာရပ်ခေါင်းဆောင်များနှင့် အဖွဲ့ဝင် စုစုပေါင်း ၃၀ ကို သင်ရိုးညွှန်းတမ်းရေးဆွဲရာတွင် အထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ မေ ၃၀ ရက်မှ ဇွန် ၃ ရက်အထိ CPSC နှင့်ပူးပေါင်း၍ ကျင်းပခြင်းဖြစ်သည်။ သင်တန်းတွင် Theme Paper များအဖြစ် Overview of the TVET System in Myanmar, Understanding Competency Based Training, Identifying Priority Occupations, Identifying Competencies, Designing CBT Programmes နှင့် Developing a Curriculum Framework တို့ ပါဝင်ကြမည်ဖြစ်ပြီး Group Work များပြုလုပ်၍ အဓိက မျှော်မှန်းရလဒ်များအနေဖြင့် Post–COVID Issues and Challenges, List of Priority Skills Requirements, DACUM Chart, Program Design, Module Design နှင့် Curriculum Framework များ ရရှိမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**တိမ်အသင့်အတင့် ဖြစ်ထွန်းနေ**

**နေပြည်တော် မေ ၃၁** – ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၊ အရှေ့အလယ်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် မေ ၃၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါ အခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် (၁၂)နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မေ ၃၀ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၂၀၃ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရန်ကင်းမြို့နယ်နှင့် တာမွေမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၀၀၈ ဦး၊ ဧရာဝတီတိုင်းဒေသ ကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၀၄၅၅ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌ ဒေသခံပြည်သူ ၅၅၄၂ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၃၄၂၁၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။



ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ မေ ၃၀ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း အတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၄၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဥပဒေအရာရှိအဆင့်-၄ (အစမ်းခန့်)များ လုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ် ၁/၂၀၂၂ သင်တန်းဆင်းပွဲကျင်းပ



နေပြည်တော် မေ ၃၁

**ဥပဒေအရာရှိ အဆင့်-၄(အစမ်းခန့်)များ လုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ် ၁/၂၀၂၂ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန မြေညီထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)**

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးက ဥပဒေအရာရှိအဖြစ် ဘဝသစ်စတင်ပြီဖြစ်ပြီး သင်တန်းတွင် ဥပဒေ၊ နည်းဥပဒေ၊ ရုံးလုပ်ငန်းနှင့် အမှုလိုက်ဘာသာရပ်များ၊ မဟာဗျူဟာစီမံကိန်း၊ ဥပဒေအရာရှိကျင့်ဝတ်၊ မျှတသော တရားစီရင်ရေးဆိုင်ရာ စံနှုန်းများဖြင့် ပြည့်ပြည့်စုံစုံ ပို့ချပေးခဲ့ပြီး ပြင်ပပညာရှင်များ၊ မှူခင်းရဲတပ်ဖွဲ့နှင့် မှုခင်းဆရာဝန်ကြီးကို ဖိတ်ခေါ်၍ ပို့ချပေးခဲ့ခြင်းတို့ကြောင့် ဥပဒေအရာရှိ ဘဝတစ်လျှောက်လုံးအတွက် တန်ဖိုးမဖြတ်နိုင်သော အသိပညာဗဟုသုတများ ပေးနိုင်သဖြင့် တာဝန်ကျရာနေရာတွင် ဥပဒေအရာရှိ အဆင့်-၄ တာဝန်ကို ကျေကျေပွန်ပွန်ထမ်းဆောင်ရင်း ဥပဒေရေးရာဝန်ကြီးဌာနနှင့် နိုင်ငံတော်၏ဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်သွားမည့် ဥပဒေအရာရှိများဖြစ်ကြပါစေကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် နိုင်ငံတော်ကချမှတ်ထားသော မြေယာမူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် နိုင်ငံ၏စားနပ်ရိက္ခာ ဖူလုံပိုလျှံရေးအတွက် စိုက်ပျိုးမြေများ မလျော့ပါးစေရန် စီမံဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၃၁**



မြေယာများကို အကျိုးရှိရှိ အသုံးချနိုင်ရန်နှင့် စိုက်ပျိုးမြေများပေါ်တွင် သီးနှံစိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ထုတ်လုပ်မှုစွမ်းအား တိုးတက်လာစေရန် စိုက်ပျိုးရေဖူလုံစွာရရှိရေး၊ လယ်ယာသုံး စက်ကိရိယာများနှင့် သွင်းအားစုပစ္စည်းများ အသုံးပြုနိုင်ရေး လုပ်ငန်းများကို ဘက်စုံကဏ္ဍစုံ အလေးထား ဆောင်ရွက်လျက်ရှိကြောင်း ယနေ့ မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၆) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ပြောကြားသည်။

**ဆွေးနွေး**

အစည်းအဝေးသို့ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးနှင့် ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဝင်များ တက်ရောက်ကြပြီး အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့် ကိစ္စရပ်များကို ဖတ်ကြားတင်ပြရာ အစည်းအဝေး တက်ရောက်လာကြသူများက လုပ်ငန်းအကြောင်းအရာ တစ်ခုချင်းအလိုက်ဆွေးနွေး ဆောင်ရွက်ကြသည်။

**စိစစ်ဆောင်ရွက်**

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် နိုင်ငံတော်က ချမှတ်ထားသော မြေယာမူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံပိုလျှံရေးအတွက် စိုက်ပျိုးမြေများ မလျော့ပါးစေရန် စီမံ ဆောင်ရွက်လျက်ရှိပြီး ပြည်သူများအကျိုးအတွက် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အသုံးပြုခဲ့သော လယ်ယာမြေများအတွက် မူလပိုင်ရှင်တောင်သူများနှင့် မြေရှင်များ နစ်နာမှုမရှိစေရေး တည်ဆဲလယ်ယာမြေ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သက်ဆိုင်ရာ ဘဏ္ဍာနှစ်အလိုက် လျော်ကြေး၊ နစ်နာကြေးများ အချိန်မီ ပေးလျော်နိုင်ရန်ကိစ္စ၊ လယ်ယာမြေကို အခြားလုပ်ငန်းများ ဆောင်ရွက်ရန် တင်ပြလာသောကိစ္စ၊ လယ်ယာမြေ ဥပဒေပုဒ်မ ၂၈ ပုဒ်မခွဲ (က) နှင့်အညီ လယ်ယာမြေကို အခြားသီးနှံပြောင်းလဲစိုက်ပျိုးခွင့် လျှောက်ထားလာသော ကိစ္စအပါအဝင် လယ်ယာမြေနှင့် သက်ဆိုင်သော ကိစ္စရပ်များကို နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့် တည်ဆဲဥပဒေများနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေကူမြို့တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

**ရွှေကူ မေ ၃၁**

ကချင်ပြည်နယ် ရွှေကူမြို့တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၉ ရက် နံနက် ၁၀ နာရီခန့်က ရွှေကူမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာ့ဂုဏ်ရည်ခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်းက ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် ဆောင်ရွက်ရသည့် ရည်ရွယ်ချက်မှာ လူတိုင်းအခြေခံပညာသင်ယူခွင့် ရရှိစေရန်၊ ကျောင်းအပ်နှံရေး အခွင့်အလမ်းများရရှိပြီး ကျောင်းတက်၊ ကျောင်းနေနှုန်း မြင့်မားလာစေရန်နှင့် အခမဲ့ပညာရေးစနစ် ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ရေးတို့ဖြစ်ပါကြောင်း၊ ကျောင်းအပ်နှံရေး လုပ်ငန်းစဉ်များ အောင်မြင်နိုင်ရေးအတွက် ဒေသဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များ၊ မိဘပြည်သူများ၊ ဆရာ ဆရာမများက ပူးပေါင်းလုပ်ဆောင်ပေးကြစေလိုကြောင်း ပြောကြားသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဦးအောင်ဆွေက ၂၀၂၂-၂၀၂၃ ပညာသင်နှစ်ကျောင်းအပ်နှံရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်းက ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ် ၁၀ ဒါဇင်ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဦးအောင်ဆွေက လက်ခံရယူခဲ့သည်။

**ခင်ပပသိန်း(ပြန်/ဆက်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီအား ရွေးကောက်ပွဲကော်မရှင်ဥပဒေနှင့်အညီ စစ်ဆေး

**နေပြည်တော် မေ ၃၁**



ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ ( ဠ ) တွင် ပြဋ္ဌာန်းထားသော "နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ နိုင်ငံရေးပါတီများကို မှတ်ပုံတင်ခြင်း၊ ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်း" တာဝန်နှင့်အညီ နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အား၊ ပါတီပိုင်ရန်ပုံငွေနှင့် ပစ္စည်းများ စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စစ်ဆေးခြင်းနှင့် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း၊ ပါတီဆိုင်ရာ လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ထားခြင်း ရှိ၊ မရှိတို့ကို စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

**စစ်ဆေးဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး ဦးဆောင်ပြီး ပြည်နယ်စာရင်းစစ်ချုပ်ရုံး၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့မှ ဌာနဆိုင်ရာ ကိုယ်စားလှယ်များ ပါဝင်သည့် စစ်ဆေးရေးအဖွဲ့သည် ကယားပြည်နယ် အခြေစိုက်ဖြစ်သော ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ(Kayah State Democratic Party)ကို ကယားပြည်နယ် လွိုင်ကော်မြို့တွင် မေ ၂၇ ရက်မှ ၂၉ ရက်အထိ စစ်ဆေးဆောင်ရွက်ကြောင်း သိရသည်။

**သတင်းစဉ်**

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

❑ *ကျောဘုံးမှ*

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ ဒုတိယဥက္ကဋ္ဌ၊ ဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဦးလော့ယာကု၊ ဆွေးနွေးရေး ဒုတိယအဖွဲ့ခေါင်းဆောင်များဖြစ်ကြသည့် ပြင်ပဆက်ဆံရေးဌာန ဒုတိယဌာနကြီးမှူး ဦးပေါက်အိုက်ကောနှင့် လားရှိုးဆက်ဆံရေးရုံးတာဝန်ခံ ဦးညီရန်းတို့ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကုတို့က နှုတ်ခွန်းဆက်အမှာစကား ပြောကြားကြပြီး တက်ရောက်လာကြသူများက ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးကြပြီး တွေ့ဆုံဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားခဲ့သည်။ ဒုတိယနေ့ ဆွေးနွေးပွဲကို ဇွန် ၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံသည် ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးမှုလျှော့ချနိုင်ရေး အသိပညာမြှင့်တင်ခြင်း ဆောင်ရွက်ရာတွင် အမြင့်ဆုံး ၄၆ နိုင်ငံတွင် တစ်နိုင်ငံ အပါအဝင်ဖြစ်

နေပြည်တော် မေ ၃၁

**၂၀၂၂ ခုနှစ် "ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့" အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ၂၀၂၂ ခုနှစ် **"ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့"** အထိမ်းအမှတ် ဆောင်ပုဒ်မှာ **Tobacco: Threat to Our Environment "တို့ပတ်ဝန်းကျင်မထိခိုက်ရေး၊ ဆေးလိပ် ဆေးရွက်ကြီး ရှောင်ရှားပေး"** ဖြစ်ပါကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် ဆေးလိပ်၊ ဆေးရွက်ကြီး သုံးစွဲမှုကြောင့် နှစ်စဉ် လူဦးရေရှစ်သန်းကျော်သည် နာတာရှည်ရောဂါမျိုးစုံဖြစ်ပွား၍ သက်တမ်းစေ့မနေရဘဲ အချိန်မတိုင်မီ သေဆုံးလျက်ရှိကြောင်း၊ ၎င်းတို့အနက် ၁ ဒသမ ၂ သန်းခန့်သည် သူတစ်ပါး၏ ဆေးလိပ်ငွေ့ကို တစ်ဆင့်ခံရှူရှိုက်ရသည့်အတွက်ကြောင့် ရောဂါများဖြစ်ပွား သေဆုံးနေကြရပါကြောင်း၊ အလွယ်တကူ ကာကွယ်၍ရနိုင်သည့် အကြောင်းများကြောင့် သေဆုံးရခြင်းများတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီး ပစ္စည်းအမျိုးမျိုး သောက်သုံးခြင်းသည်"ထိပ်ဆုံး"တွင် ရှိနေကြောင်း၊ အဆိုပါ အကြောင်းရင်းကြောင့် အရွယ်ရောက်သူ ၁၀ ဦးတွင် တစ်ဦးသည် အသက်မသေသင့်ဘဲ သေဆုံးနေသည်ကို တွေ့ရှိနေရပါကြောင်း။

အများပြည်သူအား ဆေးရွက်ကြီးအန္တရာယ် သတိပေးနိုင်ရန်အတွက် ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် **"ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို စံသတ်မှတ်ချက်များနှင့်အညီ ထုပ်ပိုးခြင်းနှင့် ကျန်းမာရေးသတိပေးရုပ်ပုံများ၊ စာသားများကို ပုံနှိပ်ဖော်ပြခြင်းဆိုင်ရာအမိန့်"**ကို ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ အရှေ့တောင်အာရှတွင် ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံတို့နှင့်အတူ မြန်မာနိုင်ငံသည် တတိယမြောက် အကောင်အထည်ဖော် ဆောင်ရွက်သည့် နိုင်ငံဖြစ်ပါကြောင်း၊ ယခုနှစ် ဆောင်ပုဒ်ဖြစ်သည့် "Tobacco: Threat to Our Environment" "တို့ပတ်ဝန်းကျင် မထိခိုက်ရေး၊ ဆေးလိပ်ဆေးရွက်ကြီး ရှောင်ရှားပေး" ဟူသည့်အတိုင်း ထုတ်လုပ်သူ လုပ်ငန်းရှင်များမှလည်း သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရမှာဖြစ်သည့်အပြင် ပြည်သူများအနေဖြင့်လည်း ဆေးလိပ်နှင့်ဆေးရွက်ကြီး သုံးစွဲမှုကို ရှောင်ရှားကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါက်တာသန်းစိန်က မြန်မာနိုင်ငံ၏ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဆိုင်ရာ အောင်မြင်မှုများနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်းကောင်း၊ The Union အဖွဲ့၏ ဒေသဆိုင်ရာညွှန်ကြားရေးမှူး Dr. Tara Singh Bam နှင့် အရှေ့တောင်အာရှ ဆေးလိပ်နှင့်ဆေးရွက်ကြီး ထိန်းချုပ်ရေးမဟာမိတ်အဖွဲ့ (SEATCA) မှ Smoke Free Program Manager Dr. Domilyn C. Villarreiz တို့က ဆေးလိပ်နှင့် ဆေးရွက်ကြီးကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားကြပြီး ၂၀၂၂ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် မှတ်တမ်းဗီဒီယို ပြသသည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်ပြခန်းအား လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ နီးနွယ်ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာရှိကြီးများ၊ ပြည်နယ်/တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ တာဝန်ရှိသူများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကမ္ဘာ့ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုအခြေအနေ အစီရင်ခံစာ (၂၀၂၁) (Global Tobacco Epidemic Report 2021) အရ မြန်မာနိုင်ငံသည် လူမှုကွန်ရက် အပါအဝင် မီဒီယာပေါင်းစုံ အသုံးပြု၍ ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးမှု လျှော့ချနိုင်ရေး အသိပညာမြှင့်တင်ခြင်း ဆောင်ရွက်ရာတွင် စွမ်းဆောင်ရည် အမြင့်ဆုံး ၄၆ နိုင်ငံတွင် တစ်နိုင်ငံ အပါအဝင်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၂ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၃၁**

၂၀၂၂ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ရုံးအမှတ် (၃၁) အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**



ဦးစွာ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ၂၀၂၂ ခုနှစ်တွင် ဝန်ကြီးဌာနပေါင်းစုံ ပြိုင်ပွဲများအဖြစ် ဘော်လီဘော (အမျိုးသား/ အမျိုးသမီး)၊ ပိုက်ကျော်ခြင်း (အမျိုးသား)၊ ဘောလုံး(အမျိုးသား)၊ ဖူဆယ် (အမျိုးသား) နှင့် ပြေးခုန်ပစ် (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ ငါးပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန်အတွက် ပြိုင်ပွဲပြက္ခဒိန်အား ဝန်ကြီးဌာနများသို့ ကြိုတင်ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်း၊ စက်တင်ဘာလတွင် ကျင်းပမည့် အလွတ်တန်း (အမျိုးသား) ဘောလုံးပြိုင်ပွဲကို (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲများတွင် ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံတော် ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာန ပေါင်းစုံ ပြိုင်ပွဲများကိုလည်း ဒီဇင်ဘာ ၁၅ ရက်အပြီး ထပ်မံကျင်းပပေးသွားမည် ဖြစ်သည့်အတွက် ဝန်ကြီးဌာနများအနေဖြင့် ယခင်နှစ်များထက် ပိုမိုပါဝင်ယှဉ်ပြိုင်သွားကြစေလိုကြောင်း၊ ၂၀၂၂ ခုနှစ် ဇူလိုင်လမှစ၍ ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် (၁၆)နှစ်အောက်၊ အသက် (၁၉)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲနှင့် အသက်(၁၈) နှစ်အောက်၊ အသက်(၂၅) နှစ်အောက် (အမျိုးသမီး) ဘောလုံး ပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ပြီး ၎င်းပြိုင်ပွဲများမှ တစ်ဆင့် နိုင်ငံတော် ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ ပြိုင်ပွဲများတွင် ဝန်ကြီးဌာနကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ကစားနိုင်ရေးအတွက် အားကစားသမားများအား ရွေးချယ်၍ အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်ထားပြီး ဝင်ရောက် ကစားနိုင်ကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် သတ်မှတ်ထားသော စည်းမျဉ်း/ စည်းကမ်းများအတိုင်း ဝင်ရောက်ယှဉ်ပြိုင် ကြစေလိုကြောင်း၊ အသင်းလိုက် ပြိုင်ပွဲများတွင် ဆုကြေးငွေများအဖြစ် ပထမဆု သိန်း ၂၀၊ ဒုတိယဆု ၁၅ သိန်း၊ တတိယဆု ၁၀သိန်းနှင့် စတုတ္ထဆု ငါးသိန်း ချီးမြှင့်သွားမည်ဖြစ်ပြီး၊ ဆုဆွဲပြားနှင့် ဆုဖလားများလည်း ချီးမြှင့်သွားမည်ဖြစ်၍ ဝန်ကြီးဌာနများအနေဖြင့် ပြိုင်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် အစည်းအဝေး တက်ရောက်လာကြသည့် ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ဗဟိုအာဏာပိုင်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ညှိနှိုင်းဆုံးဖြတ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မေ ၃၁**

ထူးခြားသည့် နေ့အပူချိန်များမှာ မြင်းမူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ ဘောလခဲမြို့နှင့် ဖားဆောင်းမြို့တို့တွင် ၃၈ ဒီဂရီစင်တီဂရိတ်စီနှင့် သီပေါမြို့၊ ဟုမ္မလင်းမြို့၊ မြင်းခြံမြို့နှင့် မကွေးမြို့တို့တွင် ၃၇ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ခရမ်းမြို့တွင် ၄ ဒသမ ၁၃ လက်မ၊ မချမ်းဘောမြို့တွင် ၂ ဒသမ ၃၂ လက်မ၊ မုဒုံမြို့တွင် ၁ ဒသမ ၈၉ လက်မ၊ ရန်ကုန် (မြို့လယ်) တွင် ၁ ဒသမ ၈၅ လက်မ၊ ဟိုင်းကြီးကျွန်းမြို့တွင် ၁ ဒသမ ၅၇ လက်မ၊ ပေါင်မြို့တွင် ၁ ဒသမ ၅၀ လက်မ၊ ငါးသိုင်းချောင်းမြို့တွင် ၁ ဒသမ ၃၈ လက်မ၊ မိုးကုတ်မြို့တွင် ၁ ဒသမ ၃၀ လက်မ၊ ပလက်ဝမြို့နှင့် ရေးမြို့တို့တွင် ၁ ဒသမ ၂၂ လက်မစီနှင့် ပြည်မြို့တွင် ၁ ဒသမ ၁၅ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

၂၀၂၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်းပါး

# သဘာဝအခြေပြုဖြေရှင်းနည်းများဖြင့် တစ်ခုတည်းသောကမ္ဘာမြေကို ပူးပေါင်းပါဝင်ထိန်းသိမ်းကြပါစို့

ဒေါက်တာဝင်းထိန် (ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန)

ဤကမ္ဘာမြေပေါ်ရှိ လူသားများအပါအဝင် သက်ရှိသတ္တဝါများအားလုံးသည် ခေတ်အဆက်ဆက် ကမ္ဘာမြေပေါ်မှ သဘာဝအရင်းအမြစ်များကို မှီခိုထုတ်ယူသုံးစွဲရင်း မိမိတို့၏ နေ့စဉ်ဘဝများကို ဖြတ်သန်းလာခဲ့ကြပါသည်။ ကမ္ဘာမြေပြင်ပေါ်တွင် သက်ရှိများမှ မိမိတို့၏ စားဝတ်နေရေးအတွက် လိုအပ်သော မြို့ပြအဆောက်အအုံများ တည်ဆောက်ခြင်း၊ စိုက်ပျိုးမြေများချဲ့ထွင် စိုက်ပျိုးလုပ်ကိုင်ခြင်း၊ ရေရရှိရေးအတွက် ဆည်တာတမံတည်ဆောက်ခြင်း စသည်တို့အတွက် ဆောင်ရွက်ရာမှ ကမ္ဘာမြေ၏ ရေထု၊ လေထု၊ မြေထုကို အသွင်သဏ္ဍာန်အမျိုးမျိုး ပြောင်းလဲဖန်တီးလာကြပါသည်။ ပြုန်းတီးနေသော သစ်တောများ၊ တိမ်ကောနေသော မြစ်များ၊ ပျက်စီးနေသော လယ်ယာမြေများ၊ ညစ်ညမ်းနေသော ရေထု၊ လေထု၊ မြေထုများမှာ လူသားများ၏ စီမံခန့်ခွဲမှုလွန်ကဲသော လုပ်ရပ်များ၏ ရလဒ်များပင် ဖြစ်ပါသည်။

ကမ္ဘာ့ပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုကြောင့် ကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲမှု၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးမှု၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ အပူချိန်မြင့်မားလာမှု၊ COVID-19 ကပ်ရောဂါဖြစ်ပေါ်မှု၊ သဘာဝဘေးအန္တရာယ်ကျရောက်မှု စသည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ကမ္ဘာတစ်ဝန်းတွင် ရင်ဆိုင်နေကြရပြီဖြစ်ပါသည်။ ရာသီဥတုပြောင်းလဲမှုသည် တောမီးများလောင်ကျွမ်းခြင်း၊ မုန်တိုင်းများ တိုက်ခတ်ခြင်း၊ မိုးခေါင်ရေရှားခြင်းနှင့်အတူ စားနပ်ရိက္ခာ ဖူလုံရေးဆိုင်ရာ စိန်ခေါ်မှုများစွာကို ဖြစ်ပေါ်ခံစားစေပါသည်။ ကမ္ဘာမြေမှ ရင်ဆိုင်ကြုံတွေ့နေရသည့် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများမှာ တစ်ဦးချင်းအလိုက်၊ နိုင်ငံအလိုက် ကြုံတွေ့ခံစားနေရသည် မဟုတ်ဘဲ အရွယ်မရွေး၊ လူမျိုးမရွေး၊ နိုင်ငံမရွေး ရင်ဆိုင်ကြုံတွေ့ကြရမည်ဖြစ်သည့်အတွက် လူသားတိုင်းက ဤကမ္ဘာမြေကို ပြန်လည်ထိန်းသိမ်းရန် လိုအပ်နေပြီဖြစ်ပါသည်။

## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဖြစ်ပေါ်လာပုံ

လူသားတို့ကြောင့် အဘက်ဘက်ကယိုယွင်းလာသည့် ကမ္ဘာမြေကို ပြန်လည်ထိန်းသိမ်း စောင့်ရှောက်နိုင်မည့် အစီအစဉ်များ ရေးဆွဲချမှတ်ဆောင်ရွက်ရန် လိုအပ်နေကြောင်း ၁၉၇၀ ပြည့်နှစ်တွင် ကမ္ဘာ့နိုင်ငံ့ခေါင်းဆောင်များက သတိပြုမိလာပါသည်။ သို့အတွက် ၁၉၇၂ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ကုလသမဂ္ဂ လူ့ပတ်ဝန်းကျင်ဆိုင်ရာ ညီလာခံ (United Nations Conference on the Human Environment) ၏ ရလဒ်တစ်ခုအနေဖြင့် ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ် (United Nations Environment Programme-UNEP) စတင်ဖြစ်ပေါ်လာပြီး ကမ္ဘာမြေကို ပြန်လည်ထိန်းသိမ်းရန် တစ်ဦးတစ်ယောက်ချင်း၏ အင်အားမှ အဖွဲ့အစည်းအလိုက် အင်အားစုကြီး ဖြစ်ထွန်းလာစေရန် ရည်ရွယ်၍ ဇွန်လ ၅ ရက်နေ့ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့ပါသည်။ ၁၉၇၄ ခုနှစ်တွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ အခမ်းအနားကို "တစ်ခုတည်းသော ကမ္ဘာမြေ (Only One Earth)" ဟူသော ဆောင်ပုဒ်ဖြင့် စတင်ကျင်းပခဲ့ ကြပြီး UNEP နှစ် (၅၀) ပြည့် အထိမ်းအမှတ်အနေဖြင့် ယခု ၂၀၂၂ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အခမ်းအနားကို "တစ်ခုတည်းသော ကမ္ဘာမြေ (Only One Earth)" ဟူသော ဆောင်ပုဒ်ဖြင့်ပင် ကျင်းပသွားမည် ဖြစ်ပါသည်။

> ○ ကမ္ဘာမြေကပင် လူသားများ လိုအပ်သော အစာအာဟာရ၊ သောက်သုံးရေ၊ ပရိဘောဂပစ္စည်း၊ ကုန်ကြမ်းပစ္စည်း၊ ဆေးဝါးများစသည့် နေ့စဉ် အခြေခံလိုအပ်ပစ္စည်းများကို သဘာဝ လက်ဆောင်မွန်များသဖွယ် ထောက်ပံ့ဖြည့်စွမ်းပေးလျက်ရှိ




## ဆောင်ပုဒ်၏အနှစ်သာရ

ယခုနှစ် ဆောင်ပုဒ်၏ အနှစ်သာရမှာ ကျွန်ုပ်တို့သည် ဤကမ္ဘာမြေရေရှည်တည်တံ့စေရန်အတွက် သဘာဝတရားနှင့်အညီ ပြုမူနေထိုင်ရန်လိုအပ်ကြောင်း၊ အဖွဲ့အလိုက်၊ တစ်ဦးချင်းအလိုက် ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေစွာနေထိုင်ပြီး ပိုမိုစိမ်းလန်းသော ကမ္ဘာကြီး ဖြစ်တည်လာရေးအတွက် တတ်စွမ်းသရွေ့ ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ဤကမ္ဘာမြေပေါ်တွင် ကျွန်ုပ်တို့မှသည် အနာဂတ်မျိုးဆက်များ ရေရှည်တည်တံ့စွာ ဆက်လက်နေထိုင်နိုင်ရေးအတွက် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆောင်ရွက်ချက်များ၊ သဘာဝနှင့် လိုက်လျောညီထွေစွာ နေထိုင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များတွင် ကျွန်ုပ်တို့လူသားတိုင်း ပူးပေါင်းပါဝင် ဆောင်ရွက်ကြစေလိုကြောင်း ဖော်ညွှန်းထားပါသည်။

## ကမ္ဘာမြေမှ ထောက်ပံ့ပေးသည့် သဘာဝလက်ဆောင်မွန်များ

ဤကမ္ဘာမြေသည် မူလအားဖြင့် သန့်စင်သောလေ၊ ကြည်လင်သောရေ၊ အာဟာရ ပြည့်ဝသောမြေသယံဇာတ၊ စိမ်းလန်းစိုပြည်သော သစ်ပင်၊ ပန်းပင်များ၊ အမျိုးစုံလင်လှသော သားငှက်တိရစ္ဆာန်များ၊ ရေနေသတ္တဝါများဖြင့် ဖွဲ့စည်းထားရှိပြီး သဘာဝဂေဟစနစ်၊ အစာကွန်ရက်စနစ်များ၏ လည်ပတ်ချိတ်ဆက်မှုမှာ ဟန်ချက်ညီလျက်ရှိပေသည်။ ဤကမ္ဘာမြေကပင် လူသားများလိုအပ်သော အစာအာဟာရ၊ သောက်သုံးရေ၊ ပရိဘောဂပစ္စည်း၊ ကုန်ကြမ်းပစ္စည်း၊ ဆေးဝါးများစသည့် နေ့စဉ်အခြေခံလိုအပ်ပစ္စည်းများကို သဘာဝလက်ဆောင်မွန်များ သဖွယ် ထောက်ပံ့ဖြည့်စွမ်းပေးလျက်ရှိပါသည်။

လူသားတို့သည်သဘာဝမှဖန်တီးပေးထားသော အရင်းအမြစ်များကို လိုအပ်သလို ထုတ်ယူသုံးစွဲပြီး စွန့်ပစ်ပစ္စည်းကို ပုံစံအမျိုးမျိုးဖြင့် ကမ္ဘာမြေကို ပြန်လည်စွန့်ထုတ်ပေးလျက်ရှိကြပါသည်။ တိုးတက်လာသောလူဦးရေနှင့်အတူ စွန့်ပစ်လာသည့် စွန့်ပစ်ပစ္စည်းများကြောင့် ကမ္ဘာကြီး၏ ရေထု၊ လေထု၊ မြေထုများမှာ တစ်နေ့ထက် တစ်နေ့ ညစ်ညမ်းလာပါသည်။ အထင်ရှားဆုံး ဥပမာအနေဖြင့် စက်မှုလုပ်ငန်းများ လည်ပတ်နိုင်ရန်အတွက် ရုပ်ကြွင်းလောင်စာ လောင်မြိုက်မှုမှ ထွက်ပေါ်လာသော ကာဗွန်ဒိုင်အောက်ဆိုက်၊ ဆာလဖာဒိုင် အောက်ဆိုက် စသည်တို့မှာ ကမ္ဘာ့လေထုအတွင်းတွင် ရှိသင့်သည်ထက် အဆမတန် ရောက်ရှိခိုအောင်းလျက်ရှိပါသည်။ ရုပ်ကြွင်းလောင်စာ အပါအဝင် အခြားသော အရင်းအမြစ်များကို စနစ်တကျ ပြန်လည်ထိန်းသိမ်းမှုမရှိဘဲ သုံးစွဲမှုပိုများလာသည်နှင့်အမျှ ကမ္ဘာ့ပတ်ဝန်းကျင်သည်လည်း ပိုမိုညစ်ညမ်းလာမည်ဖြစ်ပါသည်။ ကမ္ဘာကြီးသည်လည်း ပိုမိုယိုယွင်းလာမည် ဖြစ်သည်။

## သဘာဝအခြေပြုဖြေရှင်းနည်းများ (Nature-based Solutions-NbS)၏ ဆိုလိုရင်းအဓိပ္ပာယ်

ကမ္ဘာ့ပတ်ဝန်းကျင် တစ်စထက်တစ်စယိုယွင်း ပျက်စီးလာခြင်းကြောင့် ဖြစ်ပေါ်လာသည့် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို တားဆီးလျှော့ချရန်နှင့် ပြန်လည်ကုစားပြီး ပုံမှန်အခြေအနေ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ရာတွင် အရိုးရှင်းဆုံးနှင့် ငွေကြေးကုန်ကျမှု သက်သာစွာဖြင့် သဘာဝကို အခြေခံသည့် ဖြေရှင်းနည်းများကို အသုံးပြုခြင်းသည် အကောင်းဆုံး ဖြေရှင်းနည်းတစ်ခုဖြစ်ပြီး ၎င်းနည်းလမ်းများမှာ ယနေ့ခေတ်တွင် ကမ္ဘာ့နိုင်ငံများမှ လက်ခံကျင့်သုံးလာသော Nature-based Solutions (NbS) ကို ဆိုလိုခြင်းဖြစ်ပါသည်။

**"သဘာဝအခြေပြုဖြေရှင်းနည်းများသည် လူမှုဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ထိရောက်စွာနှင့် လိုက်လျောညီထွေဖြစ်စွာ ဖြေရှင်းနိုင်ရေးအတွက် သဘာဝဂေဟစနစ် (သို့မဟုတ်) ပုံသဏ္ဍာန်ပြောင်းလဲ**ထားသော ဂေဟစနစ်များကို ထိန်းသိမ်းခြင်း၊ ရေရှည်တည်တံ့စွာ စီမံခန့်ခွဲခြင်း၊ ပြန်လည်ထိန်းသိမ်းခြင်းနှင့်အတူ လူသားများ၏ ကောင်းကျိုးချမ်းသာနှင့် ဇီဝမျိုးစုံမျိုးကွဲများကို အကျိုးပြုသော **လုပ်ငန်းစဉ်များပင်"** ဖြစ်သည်ဟု အပြည်ပြည်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးအဖွဲ့ (International Union for Conservation of Nature-IUCN) မှ အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

## သဘာဝအခြေပြုဖြေရှင်းနည်း အမျိုးအစားနှင့် အရေးပါပုံ

သဘာဝအခြေပြုဖြေရှင်းနည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို လေ့လာရာတွင် (၁) သဘာဝအလျောက် မူလရှိနှင့်နေသော ဂေဟစနစ်များ၏ စွမ်းဆောင်ရည်နှင့် အကျိုးသက်ရောက်မှုများကို ထိန်းသိမ်းခြင်းနှင့် မြှင့်တင်ခြင်း (ကြိုးဝိုင်းသစ်တောဧရိယာအဖြစ် သတ်မှတ်ခြင်း)၊ (၂) သဘာဝဂေဟစနစ်များကို ရေရှည်တည်တံ့ပြီး ဘက်စုံလုပ်နိုင်စွမ်းရှိသော ဂေဟစနစ်အဖြစ် စီမံဆောင်ရွက်ခြင်း (ကမ်းရိုးတန်းဒေသ ပြန်လည်ထိန်းသိမ်းခြင်း) နှင့် (၃) သဘာဝဂေဟစနစ်များကို စနစ်တကျ ပုံစံရေးဆွဲ၍ စီမံဆောင်ရွက်ခြင်း (မြို့ပြပန်းခြံနေရာ စီမံဖန်တီးခြင်း)ဟူ၍ အမျိုးအစား သုံးမျိုး တွေ့ရှိနိုင်ပါသည်။

သဘာဝအခြေပြုဖြေရှင်းနည်းများတွင် ဂေဟစနစ်များ ပြန်လည်ထိန်းသိမ်းခြင်း၊ လေ/ရေ အရည်အသွေး ကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ မြို့ပြအစိမ်းရောင် အပန်းဖြေနေရာများ ဖန်တီးခြင်း၊ ကမ်းရိုးတန်းဒေသကို သဘာဝဘေးဒဏ်မှ ခံနိုင်ရည်ရှိအောင် ဆောင်ရွက်ခြင်း၊ မြို့ပြနေရာများ ပြန်လည်စိမ်းလန်းစိုပြည်အောင် ဆောင်ရွက်ခြင်း၊ လူထုကျန်းမာရေးနှင့် သုခချမ်းသာတိုးတက်အောင် ဆောင်ရွက်ခြင်း၊ အစိမ်းရောင်စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ ရာသီဥတုပြောင်းလဲတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်း၊ ရေအရင်းအမြစ်ထိန်းသိမ်းခြင်းနှင့် ညစ်ညမ်းမှု ကာကွယ်ထိန်းချုပ်ခြင်း စသည်တို့ပါဝင်ပါသည်။

သဘာဝအခြေပြု ဖြေရှင်းနည်းများသည် သဘာဝဂေဟစနစ်များကို ကာကွယ်ခြင်း (Protect)၊ စီမံခန့်ခွဲခြင်း (Manage)နှင့် ပြန်လည်ထိန်းသိမ်းခြင်း(Restore) ဆောင်ရွက်လျက် လူသားများ၏ ရာသီဥတုပြောင်းလဲမှုအပေါ် ခံနိုင်ရည်အားမြှင့်တင်ရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးရေး၊ လူမှုစီးပွားနှင့် လူနေမှုဘဝမြှင့်တင်ရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ကာကွယ်ထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ်ဒဏ်လျှော့ချရေး စသည်တို့ကို ဖော်ဆောင်ပေးနိုင်သည့် Win-Win ဖြေရှင်းချက်များပင်ဖြစ်သည်။ ၎င်းအပြင် သဘာဝအခြေပြုဖြေရှင်းနည်းများသည် ပါရီသဘောတူညီချက်၏ ပန်းတိုင်များ၊ ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်ရေးရည်မှန်းချက်များ အောင်မြင်ရေး၏ သော့ချက်တစ်ခုလည်း ဖြစ်ပါသည်။ သဘာဝအခြေပြုဖြေရှင်းနည်းများကို ၂၀၂၁ ခုနှစ်တွင် UNEP မှ Triple Planetary Crisis ဖြစ်သော ရာသီဥတုပြောင်းလဲမှု လိုက်လျောညီထွေဖြစ်ရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးနှင့် ညစ်ညမ်းမှုထိန်းချုပ်ကာကွယ်ရေးတို့အတွက် ဖြေရှင်းပေးနိုင်မည့် နည်းလမ်းတစ်ခုအဖြစ် ဖော်ပြထားပါသည်။

## ရေအရင်းအမြစ်ရှားပါးမှုအတွက် သဘာဝအခြေပြုဖြေရှင်းနည်းများ

ဤကမ္ဘာမြေ၏ နေရာဒေသအနှံ့အပြားတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့်အတူ *စာမျက်နှာ ၁၁ သို့*

## ပညာရေးဝန်ကြီးဌာန

### “၂၀၂၂ -၂၀၂၃ ပညာသင်နှစ်”

### ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။
- ❖ ငွေကြေး/လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- ❖ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်း ဆောင်ရွက်ရန်။
- ❖ ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို ညွှန်ကြားချက်များအတိုင်း စနစ်တကျ တပ်ဆင်ရန်၊ လိုအပ်ပါက မျက်နှာအကာ (Face Shield) တပ်ဆင်ရန်။
- ❖ လက်ကို ရေနှင့် ဆပ်ပြာအသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် စနစ်တကျ မကြာခဏဆေးကြောရန်။
- ❖ လက်ဖြင့် နှာခေါင်း၊ ပါးစပ်၊ မျက်လုံးများမကိုင်ရန်။
- ❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာ ကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- ❖ အသက်(၁၂)နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာ ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်။

## တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအား သက်မှတ်ရက်တိုးမြှင့် ဖိတ်ခေါ်ခြင်း

ခြိမ်းခြောက်အကျပ်ကိုင်ခံရမှုကြောင့် လည်းကောင်း၊ ငြိမ်းချမ်းစွာ ဆန္ဒပြမှုများတွင် ပါဝင်ခဲ့မိသောကြောင့် လည်းကောင်း၊ သွားလာမှု ခက်ခဲခြင်းကြောင့် လည်းကောင်း စိုးရိမ်ကြောင့်ကြမှုများကြောင့် တာဝန်မှ ကင်းကွာခဲ့သော ပညာရေးဝန်ထမ်း ဆရာ ဆရာမများ၊ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူခံထားရသည့် ဆရာ ဆရာမများ အနေဖြင့် နိုင်ငံသား မျိုးဆက်သစ်လူငယ်များအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာဟူသော နာသုံးနာကိုရှေးရှု၍ သင်ကြားရေး တာဝန်ကို ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် မိမိတို့၏သဘောဆန္ဒအလျောက် မိမိတို့ နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ရာ ကျောင်း တည်ရှိသည့် မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ၊ မိမိတို့ လက်ရှိ နေထိုင်ရာဒေသရှိ နီးစပ်ရာမြို့နယ် ပညာရေးမှူးရုံးသို့ဖြစ်စေ ၃၁-၅-၂၀၂၂ရက်နေ့မတိုင်မီ သတင်းပို့ကြရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းထုတ်ပြန်ဖိတ်ခေါ်ခဲ့ရာ ယနေ့အထိ ဆရာ ဆရာမ (၂၄၈၂) ဦး ဆက်သွယ် သတင်းပို့ခဲ့ ပါသည်။

ဆက်သွယ်သတင်းပို့ရန် ဆန္ဒရှိပါသော်လည်း လမ်းပန်းဆက်သွယ်ရေးနှင့် အခြားသော အခက်အခဲများကြောင့် သတ်မှတ်ရက် အတွင်း သတင်းပို့နိုင်ခြင်းမရှိသော ဆရာ ဆရာမများအတွက် သတင်းပို့ဆက်သွယ်ရမည့်ရက်ကို (၇ - ၆ - ၂၀၂၂) ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ပေးလိုက်ကြောင်း အသိပေးကြေညာအပ် ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

*စာမျက်နှာ ၁၀ မှ*

ပူပြင်းခြောက်သွေ့ပြီး မိုးခေါင်မှုကြောင့် ရေအရင်း အမြစ်ရှားပါးမှုပြဿနာကို နှစ်စဉ်ကြုံတွေ့ နေရပေ သည်။ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာ သည့် ရေရှားပါးလာမှုအပေါ် ခံနိုင်ရည်ရှိရေးနှင့် အနာဂတ် ရေအရင်းအမြစ်ဖူလုံရေးကို ဖြေရှင်းရန် သဘာဝအခြေပြုဖြေရှင်းနည်းများကို အကောင် အထည်ဖော် ဆောင်ရွက်လာကြပါသည်။ ဥပမာ အားဖြင့် ရေအရင်းအမြစ်နှင့်ပတ်သက်သော သဘာဝ ဂေဟစနစ်များ (သစ်တော၊ ရေတိမ်ဒေသ၊ ရေဝပ် မြေ)ကို ပိုမို ခိုင်မာအောင် ပြန်လည်ထိန်းသိမ်းခြင်းကို နိုင်ငံအနှံ့အပြားတွင် လုပ်ဆောင်လာကြပါသည်။ ထိုနည်းတူစွာ သဘာဝအခြေပြုဖြေရှင်းနည်းများကို အခြေခံ အဆောက်အအုံတည်ဆောက်ခြင်း (Grey Infrastructure) နှင့် ပေါင်းစပ်ဆောင်ရွက်မှုကို လည်း ဆောင်ရွက်နိုင်ပါသည်။ ဥပမာအားဖြင့် ရေကြီးရေလျှံမှုစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ရေတား ကန်သင်းများ၊ ဆည်များတည်ဆောက်ခြင်းနှင့် ရေဝေရေလဲဒေသရှိ သစ်တောဧရိယာကို ပြန်လည် ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်နိုင်ပါသည်။ မိမိ တစ်ဦးချင်းအနေဖြင့် အိမ်ဝင်းပတ်ဝန်းကျင်တွင် ရေစိမ့်ဝင်နိုင်သော မြေနေရာများထားရှိပြီး မိုးရေ များ စိမ့်ဝင်စီးဆင်းစေခြင်းဖြင့် မြေအောက်ရေ ပြန်လည်ဖြည့်ဆည်းခြင်းနည်းကို ဆောင်ရွက်နိုင်ပါ သည်။ မိုးခေါင်ရေရှားသော ဒေသတွင်လည်း မိုးတွင်းကာလမှ မိုးရေ များကို သိုလှောင်ကန်တွင် စုဆောင်းသိုလှောင်ခြင်း ဖြင့် ရေအရင်းအမြစ်ဖူလုံ ရေးကို ဆောင်ရွက်နိုင်ပါသည်။ ထိုသို့သော သဘာဝ အခြေပြုနည်းလမ်းများမှာ ကမ္ဘာ့မြေ၏ ရေရှားပါးမှု ပြဿနာအတွက် ပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲ များကို ထိခိုက်ပျက်စီးမှု မရှိစေဘဲ ငွေကြေးကုန်ကျ မှုသက်သာစွာ ဆောင်ရွက်နိုင်သော နည်းလမ်းများ ဖြစ်ပါသည်။

> ❑ **စားနပ်ရိက္ခာဖူလုံရေးနှင့် လုံခြုံရေးသည် ယနေ့ကမ္ဘာပေါ်တွင် ကြုံတွေ့နေရသော အဓိကပြဿနာတစ်ခုပင် ဖြစ်ပါသည်။ ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေသည် ၇ ဒသမ ၈ ဘီလီယံမှ ၉ ဘီလီယံနီးပါးအထိ တိုးလာဖွယ်ရှိပြီး စားနပ်ရိက္ခာမှာလည်း ၇၀ ရာခိုင်နှုန်းအထိ လိုအပ်လာနိုင်ဖွယ်ရှိ**
>
> ❑ **၂၀၅၀ ပြည့်နှစ်တွင် တိုးတက်လာသော လူဦးရေအတွက် စွမ်းအင်လိုအပ်ချက်မှာ ယခုလက်ရှိ ထုတ်လုပ်နိုင်မှုထက် ၅၀ ရာခိုင်နှုန်း လိုအပ်လာမည်ဖြစ်ကြောင်း UNEP မှ ၂၀၂၁ ခုနှစ်တွင် ခန့်မှန်းဖော်ပြထား**

**စားနပ်ရိက္ခာစိန်ခေါ်မှုအတွက် သဘာဝအခြေပြုဖြေရှင်းနည်းများ**

စားနပ်ရိက္ခာဖူလုံရေးနှင့် လုံခြုံရေးသည် ယနေ့ ကမ္ဘာပေါ်တွင် ကြုံတွေ့နေရသော အဓိကပြဿနာ တစ်ခုပင်ဖြစ်ပါသည်။ ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့ လူဦးရေသည် ၇ ဒသမ ၈ ဘီလီယံမှ ၉ ဘီလီယံနီးပါး အထိ တိုးလာဖွယ်ရှိပြီး စားနပ်ရိက္ခာမှာလည်း ၇၀ ရာခိုင်နှုန်းအထိ လိုအပ်လာနိုင်ဖွယ်ရှိကြောင်း UNEP မှ ၂၀၂၁ ခုနှစ် ဆန်းစစ်ချက်တွင် ခန့်မှန်း ဖော်ပြထားပါသည်။ လိုအပ်သော စားနပ်ရိက္ခာကို ရေရှည်တည်တံ့သောနည်းလမ်းဖြစ်သည့် သဘာဝ အခြေပြုဖြေရှင်းနည်းများဖြင့် ထုတ်လုပ်ဖြည့်ဆည်း လျက် ကမ္ဘာ့မြေကို ပြန်လည်ထိန်းသိမ်းသွားရန် လိုအပ်ပါသည်။ ဥပမာအားဖြင့် Organic စိုက်ပျိုး ရေးစနစ်၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း များအသုံးပြုရေး (Good Agricultural Practices-GAP)၊ တောင်စောင်းဒေသတွင် ကွန်တိုစနစ်များဖြင့် စနစ်တကျစိုက်ပျိုးရေး၊ သဘာဝမြေသြဇာကို ထည့် သွင်းအသုံးပြုရေး၊ မျိုးသုဉ်းပျောက်ကွယ်မှု မဖြစ် စေရေးအတွက် တိရစ္ဆာန်နှင့် အပင်များအတွက် မူလမျိုးရိုးဗီဇများကို ထိန်းသိမ်းခြင်း၊ သားငါးများ၏ မူလမျိုးစိတ်များကိုထိန်းသိမ်းခြင်း၊ အထွက်နှုန်း မြင့်မားပြီး အရည်အသွေးကောင်းမွန်သော၊ ရာသီ ဥတုဒဏ်ခံနိုင်ရည်ရှိသော သီးနှံစပ်မျိုးများကို ထုတ် လုပ်ခြင်း၊ သစ်တောနှင့် သီးနှံရောနှောစိုက်ပျိုးခြင်း စသည့် သဘာဝ အခြေပြုဖြေရှင်းနည်းများဖြင့် ဆောင်ရွက်နိုင်ပါသည်။ စိုက်ပျိုးရေးတိုးချဲ့ပညာပေး ရေး၊ လိုအပ်သော အထောက်ပံ့များပေးအပ်ရေးနှင့် မြေပိုင်ဆိုင်မှုခိုင်မာရေးတို့ကိုလည်း ဆောင်ရွက်နိုင် သည်။ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း များကို အာဆီယံဒေသတွင်းနိုင်ငံများတွင် ကျယ်ပြန့် စွာဆောင်ရွက်လျက် ဤကမ္ဘာမြေကို ရေရှည် တည်တံ့မှုရှိသည့် စိုက်ပျိုးနည်းစနစ်များဖြင့် ပြန်လည်ထိန်းသိမ်းလျက်ရှိပါသည်။

**ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုအတွက် သဘာဝအခြေပြုဖြေရှင်းနည်းများ**

ယနေ့အချိန်ခါတွင် ကမ်းရိုးတန်းဒေသများ သည် ရာသီဥတုပြောင်းလဲမှုကြောင့် အပူပိုင်း ဆိုင်ကလုန်းမုန်တိုင်းများ ကျရောက်ခြင်း၊ ပင်လယ်ရေ မျက်နှာပြင် မြင့်တက်ခြင်းနှင့် ရေကြီးခြင်း၊ ပင်လယ် အပူလှိုင်းများ ရိုက်ခတ်ခြင်း အပါအဝင် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ သဘာဝဘေးအန္တရာယ်များစွာ ကြုံတွေ့နေရပါသည်။ သဘာဝဘေးဒဏ်များလျော့ပါး သက်သာစေရေးနှင့် ခံနိုင်ရည်ရှိရေးအတွက် နိုင်ငံ တကာတွင် သဘာဝအခြေပြုဖြေရှင်းနည်းများကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင် လာကြပါသည်။ ကမ်းခြေတစ်လျှောက်တွင် လှိုင်း ကြမ်းဒဏ်ခံနိုင်ရေးအတွက် သဘာဝအခြေပြု ဖြေရှင်းနည်းဖြစ်သည့် ပင်လယ်ဒီရေတော၊ လမု တောများကို ပြန်လည်စိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်း၊ ပင်လယ်မှ သယ်ဆောင်လာသည့် အနည်အနှစ်များ၊ လှိုင်းများဒဏ်ကို လျှော့ချနိုင်ရေးအတွက် စိမ့်မြေ များနှင့် Seagrass တို့ကို ထိန်းသိမ်းခြင်း၊ ပင်လယ်မှ လေမုန်တိုင်း၊ လေကြမ်းများကို တားဆီးရန်အတွက် ကမ်းရိုးတန်းသစ်တောများကို ပြန်လည်ထိန်းသိမ်း ခြင်း စသည်တို့ကို ဆောင်ရွက်နိုင်သည်။ ဒီရေတော ဂေဟစနစ်များကို ထိန်းသိမ်းခြင်းနှင့် ပြန်လည် ထူထောင်ခြင်းသည် ရာသီဥတုပြောင်းလဲမှု၏ အကျိုး သက်ရောက်မှုများအပေါ် ခံနိုင်ရည်ရှိရေးကို တိုးမြှင့် ပေးသည့်အပြင် ကမ်းရိုးတန်းဒေသရှိ ဒေသခံများ ၏ လူမှုစီးပွားဘဝကိုလည်း အကျိုးပြုပါသည်။ Scientific Reports တွင် ဖော်ပြခဲ့သည့် Menndez et al., (၂၀၂၀)၏ လေ့လာတွေ့ရှိချက်အရ ဒီရေတော များသည် နှစ်စဉ် လူ ၁၅ သန်းခန့် ရေလွှမ်းမိုးခြင်း ဒဏ်မှ ကာကွယ်နိုင်ပြီး ရေဘေးကာကွယ်ရေး ဝန်ဆောင်မှုများတွင် အမေရိကန်ဒေါ်လာ ၆၅ ဘီလီယံကျော် ပံ့ပိုးလျက် ကမ္ဘာ့မြေ၏ သဘာဝဘေး ဒဏ်များကို ကာကွယ်ပေးလျက်ရှိသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# နောင်ချိုမြို့နယ်ပညာရေးမှူးရုံး၊ နှစ်ထပ်ကျောင်းဆောင်အစည်းအဝေးခန်းမ၌ ပညာရေးဆိုင်ရာအစည်းအဝေးပြုလုပ်နေစဉ် PDF အမည်ခံအကြမ်းဖက်သမားများက ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲ၊ အခြေခံပညာမူလတန်းလွန်ကျောင်းအုပ် ဆရာမကြီးတစ်ဦးသေဆုံး၊ ကျောင်းအုပ်၊ ဆရာ၊ ဆရာမ ခြောက်ဦးနှင့် အရပ်သားဝန်ထမ်း တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် မေ ၃၁

**နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်ရင်သွေးငယ်များ၏ ပညာရေးတွင် နောက်ကျကျန်ရစ်မှုမဖြစ်ပေါ်စေရေးအတွက် ပညာသင်ကြားနိုင်မှုအခွင့်အလမ်းကို ပြည့်ဝစွာအသုံးချနိုင်စေရန် အခြေခံပညာကျောင်းများကို ဇွန် ၂ ရက်တွင် စတင်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိသည်။**



PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးသည့် နောင်ချိုမြို့နယ် ပညာရေးမှူးရုံးအစည်းအဝေးခန်းမ။

ထိုသို့ ပညာသင်ကြားရာတွင်လည်း ကျောင်းနေအရွယ် ကလေးငယ်တိုင်း ပညာသင်ယူခွင့် ရရှိစေရေး မေ ၂၅ ရက်မှစတင်၍ ကျောင်းအပ်နှံမှုများ စတင်လက်ခံဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာအတန်းများအလိုက် ကျောင်းဝတ်စုံ၊ ကျောင်းသုံးဖတ်စာအုပ်အပါအဝင် ကျောင်းသုံးစာရေးကိရိယာများကို နိုင်ငံတော်အစိုးရမှ အခမဲ့ထောက်ပံ့ပေးခြင်း စသည်ဖြင့် အကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ သို့ရာတွင် NUG အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြား သင်ယူခွင့်အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများကို ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အဦများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်း စသည့်နည်းလမ်းမျိုးစုံ အသုံးပြုကာ ပညာရေးကဏ္ဍ မြင့်မားရေးကို နှောင့်ယှက် ဖျက်ဆီးလျက်ရှိသည်။

**မိုင်းထောင်ဖောက်ခွဲဖျက်ဆီး**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့မွန်းလွဲ ၂ နာရီခန့်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့ မြို့နယ်ပညာရေးမှူးရုံး၊ နှစ်ထပ်ကျောင်းဆောင် အစည်းအဝေးခန်းမအား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ မြို့နယ်ပညာရေးမှူး ဒေါ်အေးသင်း ဦးစီး၍ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်များ၊ ဆရာဆရာမများဖြင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အဆင်ပြေချောမွေ့စွာ ဖွင့်လှစ်သင်ကြားနိုင်ရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီခန့်ထိ ပြုလုပ်ခဲ့ကြောင်း၊ အစည်းအဝေးပြုလုပ်ပြီးနောက် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် သင်ထောက်ကူပစ္စည်းများ ဖြန့်ဝေပေးခြင်း၊ ပညာရေးဝန်ထမ်းများအတွက် လစာများ ထုတ်ပေးခြင်းများ ဆောင်ရွက်လျက်ရှိစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက ယုတ်မာပက်စက်စွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း၊ ထိုသို့ မိုင်းထောင် ဖောက်ခွဲမှုကြောင့် အခြေခံပညာ မူလတန်းကျောင်း ကျောင်းအုပ်ကြီး သုံးဦးတွင် ခါးအောက်ပိုင်း မိုင်းစထိမှန်စိုးရိမ်ရ ဒဏ်ရာရရှိခဲ့ပြီး လက်ထောက်မြို့နယ် ပညာရေးမှူး အပါအဝင် ကျောင်းအုပ်၊ ဆရာ၊ ဆရာမ လေးဦးနှင့် အရပ်သားဝန်ထမ်း တစ်ဦးတို့ မစိုးရိမ်ရ ဒဏ်ရာများ ရရှိခဲ့ကြောင်း၊ ဒဏ်ရာရသူများကို ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိပြီး အခြေခံပညာမူလတန်းလွန်ကျောင်း (မျက်ချင်းနုကျေးရွာ) ကျောင်းအုပ် ဆရာမကြီးမှာ ရရှိဒဏ်ရာများဖြင့် သေဆုံးသွားကြောင်း သိရှိရသည်။

**စုံစမ်းဖော်ထုတ်လျက်ရှိ**

နောင်ချိုမြို့နယ် အတွင်း အခြေခံပညာကျောင်း စုစုပေါင်း ၁၈၇ ကျောင်းရှိပြီး ဇွန် ၂ ရက်တွင် စတင်ဖွင့်လှစ်နိုင်ရေး မြို့နယ်အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ ကျောင်းသား၊ ဆရာ၊ မိဘများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်လျက်ရှိသည့်အပေါ် နောင်ချိုမြို့ရှိ PDF အမည်ခံ အကြမ်းဖက်သမားများက ယခုကဲ့သို့ ယုတ်မာရိုင်းစိုင်းစွာ အဖျက်အမှောင့်လုပ်ငန်းများ ပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်းနှင့် ထိုသို့ပြုလုပ်ရာတွင် ပါဝင်ပတ်သက်သူများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိသည်။ တိုင်းရင်းသားပြည်သူ လူထုတစ်ရပ်လုံးကလည်း ၎င်းကဲ့သို့ ယုတ်မာရိုင်းစိုင်းသည့်လုပ်ရပ်ကို ကျူးလွန်ခဲ့သည့်၊ ကျူးလွန်ရန် အားပေးလှုံ့ဆော်နေသည့် NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ အပေါ် တစ်ခဲနက် ဝိုင်းဝန်း ဆန့်ကျင်ကြရန်နှင့် အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှု သတင်းများ ရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့များထံ သတင်းပို့ခြင်းဖြင့် ပြည်သူ့လုံခြုံရေး၊ ရင်သွေးငယ်များလုံခြုံရေးကို ဝိုင်းဝန်းကူညီ ပေးကြပါရန် မေတ္တာရပ်ခံ တိုက်တွန်းထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

PDF အမည်ခံ အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့ရသည့် နောင်ချိုမြို့နယ် ပညာရေးမှူးရုံးအစည်းအဝေးခန်းမနှင့် ဒဏ်ရာရရှိသူအား ဆေးကုသပေးနေစဉ်။





## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)

## သဘောထားထုတ်ပြန်ချက်

### ၁၃၈၄ ခုနှစ်၊ နယုန်လဆန်း (၂) ရက်

### ၂၀၂၂ ခုနှစ် မေလ(၃၁)ရက်

၂၀၂၂ ခုနှစ် မေလ ၃၁ ရက် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့၊ မြို့နယ် ပညာရေးမှူးရုံး၊ နှစ်ထပ်ကျောင်းဆောင် အစည်းအဝေးခန်းမအား NUG အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် ၎င်း၏ လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ မိုင်းဖောက်ခွဲမှုကြောင့် အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ကြီး သုံးဦး မိုင်းစထိမှန်စိုးရိမ်ရ ဒဏ်ရာရရှိခဲ့ကြောင်းနှင့် လက်ထောက်မြို့နယ်ပညာရေးမှူး အပါအဝင် ကျောင်းအုပ်၊ ဆရာ၊ ဆရာမ လေးဦးနှင့် အရပ်သားဝန်ထမ်း တစ်ဦးတို့ မစိုးရိမ်ရ ဒဏ်ရာများရရှိခဲ့ကြောင်း၊ ဒဏ်ရာရသူများအား ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိပြီး ကျောင်းအုပ်ဆရာမကြီးတစ်ဦးမှာ ရရှိဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း သိရှိရပါသည်။

၎င်းအဖျက်လုပ်ရပ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) အနေဖြင့် ပြင်းထန်စွာ ရှုတ်ချကန့်ကွက်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)

# နောင်ချိုမြို့၊ မြို့နယ် ပညာရေးမှူးရုံး၊ နှစ်ထပ်ကျောင်းဆောင် အစည်းအဝေးခန်းမအား PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့မှုအပေါ် သဘောထားထုတ်ပြန်ချက်များထုတ်ပြန်

၂၀၂၂ ခုနှစ် မေလ ၃၁ ရက် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့၊ မြို့နယ်ပညာရေးမှူးရုံး၊ နှစ်ထပ်ကျောင်းဆောင် အစည်းအဝေးခန်းမအား NUG အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် ၎င်း၏ လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သည်။

အဆိုပါ မိုင်းဖောက်ခွဲမှုကြောင့် အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ကြီး သုံးဦး မိုင်းစထိမှန်စိုးရိမ်ရ ဒဏ်ရာရရှိခဲ့ကြောင်းနှင့် လက်ထောက်မြို့နယ်ပညာရေးမှူးအပါအဝင် ကျောင်းအုပ်၊ ဆရာ ဆရာမ လေးဦးနှင့် အရပ်သားဝန်ထမ်း တစ်ဦးတို့ မစိုးရိမ်ရ ဒဏ်ရာများရရှိခဲ့ကြောင်း၊ ဒဏ်ရာရသူများအား ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိပြီး ကျောင်းအုပ်ဆရာမကြီးတစ်ဦးမှာ ရရှိဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ရသည်။

၎င်းအဖျက်လုပ်ရပ်နှင့် ပတ်သက်၍ ယနေ့တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) နှင့် မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့က ပြင်းထန်စွာ ရှုတ်ချကန့်ကွက်ကြောင်း သဘောထားထုတ်ပြန်ချက်များကို အသီးသီးထုတ်ပြန်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)

## သဘောထားထုတ်ပြန်ချက်

## ၁၃၈၄ ခုနှစ်၊ နယုန်လဆန်း (၂) ရက်

### ၂၀၂၂ ခုနှစ် မေလ(၃၁)ရက်

နိုင်ငံတော်အစိုးရတာဝန်ရှိသူများအနေဖြင့် အခြေခံပညာကျောင်းများအား ဇွန်လ ၂ ရက်တွင် စတင်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိပြီး မေလ ၂၅ ရက်မှ စတင်၍ ကျောင်းအပ်နှံမှုများအား စတင်လက်ခံဆောင်ရွက်ခြင်း၊ ကျောင်းဝတ်စုံ၊ ဖတ်စာအုပ်အပါအဝင် ကျောင်းသုံးစာရေးကိရိယာများကို အခမဲ့ထောက်ပံ့ပေးခြင်းတို့ကို အင်တိုက်အားတိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် NUG အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် ၎င်း၏ လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်သမားများက ယနေ့မွန်းလွဲ ၂ နာရီခန့်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့၊ မြို့နယ်ပညာရေးမှူးရုံး၊ နှစ်ထပ်ကျောင်းဆောင် အစည်းအဝေးခန်းမအား မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့ကြောင်း သိရှိရပြီး အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ကြီး သုံးဦး မိုင်းစထိမှန်စိုးရိမ်ရ ဒဏ်ရာရရှိခဲ့ကြောင်းနှင့် လက်ထောက်မြို့နယ်ပညာရေးမှူးအပါအဝင် ကျောင်းအုပ်၊ ဆရာ ဆရာမ လေးဦးနှင့် အရပ်သားဝန်ထမ်း တစ်ဦးတို့ မစိုးရိမ်ရ ဒဏ်ရာများ ရရှိခဲ့ကြောင်း၊ ဒဏ်ရာရသူများအား ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိပြီး ကျောင်းအုပ် ဆရာမကြီး တစ်ဦးမှာ ရရှိဒဏ်ရာများဖြင့် သေဆုံးသွားကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ အကြမ်းဖက်တိုက်ခိုက်ခြင်းကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)အနေဖြင့် ပြင်းထန်စွာ ပြစ်တင်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)
အလုပ်အမှုဆောင်အဖွဲ့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့

## သဘောထားထုတ်ပြန်ချက်

## ၁၃၈၄ ခုနှစ်၊ နယုန်လဆန်း (၂) ရက်

### ၂၀၂၂ ခုနှစ် မေလ(၃၁)ရက်

၁။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပြီး ဇွန်လ ၂ ရက်တွင် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်နိုင်ရေးအတွက်လည်း အင်တိုက်အားတိုက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရှိရပါသည်။

၂။ နိုင်ငံတော်အစိုးရအနေဖြင့် မိမိတို့၏အနာဂတ် မျိုးဆက်သစ်ကလေးငယ်များ၏ ပညာရေးနောက်ကျမှုမရှိစေရေးဆောင်ရွက်လျက်ရှိစဉ် NUG အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် ၎င်း၏ လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်သမားများက ယနေ့မွန်းလွဲ ၂ နာရီခန့်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့၊ မြို့နယ်ပညာရေးမှူးရုံး၊ နှစ်ထပ်ကျောင်းဆောင် အစည်းအဝေးခန်းမအား မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့ကြောင်း သိရှိရပါသည်။

၃။ ဖြစ်စဉ်တွင် အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ကြီး သုံးဦး၊ လက်ထောက် မြို့နယ် ပညာရေးမှူးအပါအဝင် ကျောင်းအုပ်၊ ဆရာ ဆရာမ လေးဦးနှင့် အရပ်သား ဝန်ထမ်း တစ်ဦးတို့ ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် ဒဏ်ရာရသူများအား ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိပြီး ကျောင်းအုပ် ဆရာမကြီး တစ်ဦးမှာ ရရှိဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း သိရှိရပါသည်။

၄။ ထိုကဲ့သို့ ပညာရေးဝန်ထမ်းများအပေါ် အကြမ်းဖက်တိုက်ခိုက်ခြင်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)အနေဖြင့် ပြင်းထန်စွာပြစ်တင်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)
အလုပ်အမှုဆောင်အဖွဲ့

## မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး(ဗဟို)

## သဘောထားထုတ်ပြန်ချက်

## ၁၃၈၄ ခုနှစ်၊ နယုန်လဆန်း (၂) ရက်

### ၂၀၂၂ ခုနှစ် မေလ(၃၁)ရက်

၂၀၂၂ ခုနှစ် မေလ ၃၁ ရက် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့၊ မြို့နယ် ပညာရေးမှူးရုံး၊ နှစ်ထပ်ကျောင်းဆောင် အစည်းအဝေးခန်းမအား NUG အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် ၎င်း၏ လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ မိုင်းဖောက်ခွဲမှုကြောင့် အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ကြီး သုံးဦး မိုင်းစထိမှန်စိုးရိမ်ရ ဒဏ်ရာရရှိခဲ့ကြောင်းနှင့် လက်ထောက်မြို့နယ်ပညာရေးမှူး အပါအဝင် ကျောင်းအုပ်၊ ဆရာ၊ ဆရာမ လေးဦးနှင့် အရပ်သားဝန်ထမ်း တစ်ဦးတို့ မစိုးရိမ်ရ ဒဏ်ရာများရရှိခဲ့ကြောင်း၊ ဒဏ်ရာရသူများအား ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိပြီး ကျောင်းအုပ်ဆရာမကြီးတစ်ဦးမှာ ရရှိဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း သိရှိရပါသည်။

ယင်းအဖျက်လုပ်ရပ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံး(ဗဟို) အနေဖြင့် ပြင်းထန်စွာ ရှုတ်ချကန့်ကွက်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံဟာသပညာရှင်များ
အစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

## သဘောထားထုတ်ပြန်ကြေညာချက် (၃/ ၂၀၂၂)

### ၂၀၂၂ ခုနှစ်၊ မေလ ၃၁ ရက်၊ အင်္ဂါနေ့

၁။ ယခုအချိန်သည် တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများအားလုံးတွင် ကျောင်းအပ်နှံရေးရက်သတ္တပတ်အဖြစ်သတ်မှတ်ပြီး ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် နိုင်ငံတော်မှ စီစဉ်ဆောင်ရွက်ပေးနေချိန်ဖြစ်ပါသည်။

၂။ သို့ရာတွင် နိုင်ငံတော်တည်ငြိမ်ရေးကို ထိပါးနှောင့်ယှက်ဖျက်ဆီးလိုသော အဖွဲ့အစည်းများက စာသင်ကျောင်းများ လူစည်ကားရာ နေရာများတွင် ဗုံးခွဲတိုက်ခိုက် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိရာ အပြစ်မဲ့ပြည်သူများ၊ ကျောင်းသား ကျောင်းသူများနှင့် ပညာရေးဝန်ထမ်းများပါ ထိခိုက်ဒဏ်ရာရ သေကျေပျက်စီးရသည့် သတင်းများကို စိတ်မချမ်းမြေ့ဖွယ် ကြားသိမြင်တွေ့နေရပါသည်။

၃။ နိုင်ငံနှင့်လူမျိုးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးသည် အဓိကကျသည့် အခြေခံအုတ်မြစ်ဖြစ်သဖြင့် လုံခြုံအေးချမ်းစွာပညာသင်ကြားနိုင်ရေးကို အနှောင့်အယှက်အဟန့်အတားပြုလုပ်သည့် အပြင် အပြစ်မဲ့ပြည်သူများ၏ အသက်ခန္ဓာများဆုံးပါးပျက်စီးအောင်ပြုလုပ်သည့် မည်သည့်အဖွဲ့အစည်းကိုမဆို အကြမ်းဖက်အဖွဲ့အစည်းအဖြစ်သတ်မှတ်ပါကြောင်းနှင့် လုံးဝလက်မခံကန့်ကွက်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

# အစိုးရသစ်လက်ထက် ဩစတြေးလျဝန်ကြီးချုပ် ပထမဆုံးဝန်ကြီးအဖွဲ့သစ် ကြေညာ

ကန်ဘာရာ မေ ၃၁

ဩစတြေးလျ ဝန်ကြီးချုပ် အန်တိုနီ အယ်လ်ဘာနီးစ်က မေ ၃၁ ရက်က ၎င်း၏ အလုပ်သမားပါတီ အစိုးရသစ်လက်ထက် ပထမဆုံးဝန်ကြီး အဖွဲ့သစ်ကို ထုတ်ဖော် ပြောကြားရာ အဖွဲ့ဝင် ၃၀ ပါ ပထမဆုံး ဝန်ကြီးအဖွဲ့သစ်တွင် အမျိုးသမီးအဖွဲ့ဝင် ၁၃ ဦး ပါဝင်ကြောင်း သိရသည်။



ဩစတြေးလျ ဝန်ကြီးချုပ် အန်တိုနီ အယ်လ်ဘာနီးစ်ကို အစိုးရအဖွဲ့ဝင်များနှင့်အတူ တွေ့ရစဉ်။

အထွေထွေရွေးကောက်ပွဲတွင် အလုပ်သမားပါတီက အနိုင်ရရှိပြီး ၁၀ ရက်အကြာ ဝန်ကြီးဌာနသစ်ဖွဲ့စည်းမည့် ကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

မေ ၃၁ ရက်က ဩစတြေးလျ အသံလွှင့် ကော်ပိုရေးရှင်းက လေဘာပါတီသည် အောက်လွှတ်တော်အမတ်နေရာ ၁၅၁ နေရာ၌ ၇၇ နေရာအထိ အနိုင်ရရှိပြီး အစိုးရဖွဲ့စည်းနိုင်မည်ဖြစ်ကြောင်း ခန့်မှန်းခဲ့သည်။

ကန်ဘာရာ၌ရွေးကောက်ပွဲကျင်းပချိန်မှစကာ ပထမဆုံးအကြိမ်အဖြစ် အလုပ်သမားပါတီရုံးခန်းတွင် မိန့်ခွန်းပြောကြားရာ အယ်လ်ဘာနီးစ်က ၎င်း၏အစိုးရလက်ထက် နိုင်ငံရေးခေါင်းစဉ်အောက်တွင် သဘောထားကွဲပြားမှုများကို အနည်းဆုံးဖြစ်အောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဝန်ကြီးသစ်များသည် အစိုးရအိမ်တော်တွင် ဇွန် ၁ ရက်တွင် ကျမ်းသစ္စာ ကျိန်ဆိုမည်ဖြစ်သည်။

ဆင်ဟွာ

# တရုတ်နိုင်ငံ၌ ကောလိပ်ဝင်ခွင့်စာမေးပွဲသို့ ကျောင်းသားကျောင်းသူဦးရေ စံချိန်တင်ဝင်ရောက်ဖြေဆိုမည်

ပေကျင်း မေ ၃၁

Gaokao (ဂေါက်ကောက်) (ကောလိပ်ဝင်ခွင့် စာမေးပွဲ) ဟု လူသိများသော ၂၀၂၂ ခုနှစ်အတွက် တရုတ်နိုင်ငံ၏ အမျိုးသား ကောလိပ်ဝင်ခွင့် စာမေးပွဲကို ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၁ ဒသမ ၉၃ သန်းဖြင့် စံချိန်တင်ဝင်ရောက် ဖြေဆိုမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါကောလိပ်ဝင်ခွင့်စာမေးပွဲကို နိုင်ငံအနှံ့ ဇွန် ၇ ရက်နှင့် ၈ ရက်တွင် ပြုလုပ်သွားမည်ဖြစ်သည်။ အဆိုပါ ဝင်ခွင့်စာမေးပွဲသည် တရုတ်နိုင်ငံတွင် လူမှုရေး လှုပ်ရှားမှုနှင့် အမျိုးသား အရည်အချင်းစစ် ရွေးချယ်ရာတွင် အလွန်အရေးပါသော ဝင်ခွင့် စာမေးပွဲဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံတွင် အဆိုပါဝင်ခွင့်စာမေးပွဲကို ၂၀၂၁ ခုနှစ်တွင် နိုင်ငံတစ်ဝန်း ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀ သန်းကျော် ဝင်ရောက်ဖြေဆိုကြကြောင်း ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

ဆင်ဟွာ

# ကနေဒါတွင် လေပြင်းမုန်တိုင်းတိုက်ခတ်ပြီးနောက် ကိုးရက်ကြာသည်အထိ လျှပ်စစ်ပြတ်တောက်နေဆဲ

အော့တဝါ မေ ၃၁

နွေဦးနှောင်းပိုင်းတွင် အားကောင်းသော လေပြင်းမုန်တိုင်းတိုက်ခတ်ပြီးနောက် ကနေဒါနိုင်ငံ၏ မြို့တော် အော့တဝါတွင် နေထိုင်သူ အများစုနှင့် အွန်တာရီယိုပြည်နယ်၊ ကွီဘက်စ်ပြည်နယ်တို့မှ အချို့နေရာများတွင် ကိုးရက်ကြာသည်အထိ လျှပ်စစ်ဓာတ်အားမရရှိသေးကြောင်း ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

မေ ၂၉ ရက်အထိ အော့တဝါရှိ အိမ်ခြေ ၉၀၀၀ နှင့် စီးပွားရေးလုပ်ငန်းများ လျှပ်စစ်ဓာတ်အား ပြတ်တောက်နေဆဲဖြစ်ကြောင်း၊ စာသင်ကျောင်းများလည်း လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကြောင့် ပိတ်ထားရဆဲဖြစ်ကြောင်း၊ သို့သော်လည်း ဟိုက်ဒရိုအော့တဝါက ၎င်းတို့၏ လျှပ်စစ်ဓာတ်အားသုံးစွဲသူ ၁၈၀၀၀၀ ၏ ၉၄ ရာခိုင်နှုန်းကို လျှပ်စစ်မီးပြန်လည်ရရှိအောင် လုပ်ဆောင်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း ပြောသည်။

မေ ၂၁ ရက်က လေပြင်းမုန်တိုင်းတိုက်ခတ်ပြီးနောက် မြို့တော် အော့တဝါ၊ အွန်တာရီယိုနှင့် ကွီဘက်ပြည်နယ်အချို့တို့တွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၉၀ ကီလိုမီတာအထိ တိုက်ခတ်ခဲ့ပြီး ၁၁ ဦး သေဆုံးခဲ့ကြောင်း၊ ထို့အပြင် ဟိုက်ဒရိုလျှပ်စစ်တိုင် ၁၉၀၀ နှင့် ရာနှင့်ချီ ယာဉ်ကြောထိန်း အချက်ပြမီးများ ပျက်ခဲ့ကြောင်း၊ အွန်တာရီယိုပြည်နယ်နှင့် ကွီဘက်စ်ပြည်နယ်မှ ဟိုက်ဒရို လျှပ်စစ်ဓာတ်အားသုံးစွဲသူ ၄၀၀၀၀၀ ကျော် လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့ကြောင်း သိရသည်။

အွန်တာရီယိုပြည်နယ်ရှိ အချို့နေရာများတွင် လျှပ်စစ်ဓာတ်အားလိုင်းများ ပြန်လည်တည်ဆောက်မှု ရက်သတ္တပတ်အနည်းငယ် ကြာမြင့်နိုင်ကြောင်း သိရသည်။

ဆင်ဟွာ



လေပြင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် လျှပ်စစ်ဓာတ်တိုင်များ လဲကျနေသည်ကို တွေ့ရစဉ်။

## နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ

### ဂျာမနီနိုင်ငံ၌ ငွေကြေးဖောင်းပွမှု အမြင့်ဆုံးအဆင့် ရောက်ရှိ

ဂျာမနီနိုင်ငံ၌ မေလတွင် ငွေကြေး ဖောင်းပွမှု ၇ ဒသမ ၉ ရာခိုင်နှုန်းအထိ ရောက်ရှိလာခြင်းသည် ၁၉၇၃-၁၉၇၄ ခုနှစ် ဆောင်းရာသီတွင် ပထမဆုံးအကြိမ် ရေနံအကျပ်အတည်း ဖြစ်ပွားမှုနောက်ပိုင်း အမြင့်ဆုံးအဆင့်သို့ ရောက်ရှိလာကြောင်း မေ ၃၀ ရက်က စာရင်းအင်းရုံးမှ ထုတ်ပြန်သော ပဏာမကိန်းဂဏန်းအချက်အလက်များအရ သိရသည်။ ယူကရိန်းပဋိပက္ခ... ဂျုံရှားပါးမှုနှင့် ကမ္ဘာ့စားနပ်ရိက္ခာအကျပ်အတည်းကို စိုးရိမ်မှုများကြားတွင် ဂျာမနီနိုင်ငံ၌ အစားအစာကုန်ဈေးနှုန်းသည် ၁၁ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး စွမ်းအင်ဈေးနှုန်းမှာ ၃၈ ဒသမ ၃ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း သိရသည်။

### ပျက်ကျလေယာဉ်မှ နောက်ဆုံး ကျန်ရှိသောရုပ်အလောင်းတွေ့ရှိ

မေ ၃၁ ရက် နံနက်ပိုင်းက နောက်ဆုံးကျန်ရှိနေသော ရုပ်အလောင်းတစ်ခုတွေ့ရှိမှုကြောင့် ပျက်ကျခရီးသည်တင် လေယာဉ်မှ ရုပ်အလောင်း ၂၂ ခုကို တွေ့ရှိပြီဖြစ်ကြောင်း နီပေါစစ်တပ်က ပြောသည်။ နောက်ဆုံးကျန်ရှိသည့် ရုပ်အလောင်းကို ရှာဖွေတွေ့ရှိကြောင်း၊ ထို့အပြင် လေယာဉ်ပျက်ကျနေရာမှ ကျန်ရှိသည့် ရုပ်အလောင်း ၁၂ ခုကို ခတ္တမန္ဒူသို့ ပို့ဆောင်လိုက်ပြီဖြစ် ကြောင်း နီပေါစစ်တပ်မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် နာရာရမ် ဆီဝဲလ်က ပြောသည်။ အဆိုပါ လေယာဉ်တွင် အိန္ဒိယနိုင်ငံသား လေးဦးနှင့် ဂျာမနီနိုင်ငံသား နှစ်ဦးအပါအဝင် ခရီးသည် ၁၉ ဦးနှင့် လေယာဉ်အမှုထမ်း သုံးဦး ပါဝင်သည်။

### ဩစတြေးလျနိုင်ငံ၌ ဆေးလိပ်ဖြတ်သူ များပြားလာ

ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးလ်ပြည်နယ် (အင်အက်စ်ဒဗလျူ)တွင် ဆေးလိပ်ဖြတ်သူ အရေအတွက် များပြားလာခြင်းကြောင့် ကျန်းမာရေးဌာနသည် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့တွင် ပါဝင်ကြရန် ပြည်သူများကို တိုက်တွန်းထားသည်။ မေ ၃၁ ရက်က ထုတ်ပြန်သောစစ်တမ်း၌ အသက် ၁၆ နှစ်အထက် နေ့စဉ်ဆေးလိပ်သောက်သုံးမှုနှုန်းသည် ၂၀၂၀ ပြည့်နှစ်တွင် ၉ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၁ ခုနှစ်တွင် ၈ ဒသမ ၂ ရာခိုင်နှုန်းအထိ ကျဆင်းလာကြောင်း ဖော်ပြထားသည်။ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် အသက် ၁၆ နှစ်မှ ၂၄ နှစ်အတွင်း အင်အက်စ်ဒဗလျူ၌ နေထိုင်သူ ၁၀ ဦးတွင် တစ်ဦး ထက်ပို၍ ဆေးလိပ်သောက်ကြသည်။

### ယခုနှစ် ပထမသုံးလပတ်အတွင်းပြင်သစ်၌ ဂျီဒီပီ ကျဆင်းလာ

ပြင်သစ်နိုင်ငံ၏ ပြည်တွင်းအသားတင် ကုန်ထုတ်လုပ်မှု (ဂျီဒီပီ) သည် ၂၀၂၂ ခုနှစ် ပထမ သုံးလပတ်အတွင်း ၀ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ပြင်သစ်စာရင်းအင်းနှင့် စီးပွားရေးဆိုင်ရာ လေ့လာရေးအဖွဲ့ (အိုင်အင်အက်စ် အီးအီး) က မေ ၃၁ ရက်တွင် ပြောသည်။ အဆိုပါအဖွဲ့၏ အဆိုအရ ဂျီဒီပီကျဆင်းမှုသည် အိမ်ထောင်စုစားသုံးမှုစရိတ်များ၊ အထူးသဖြင့် သယ်ယူပို့ဆောင်ရေးပစ္စည်းများ၊ အခြားထုတ်လုပ်သော ကုန်ပစ္စည်းများ၊ နေရာထိုင်ခင်းဝန်ဆောင်မှုများနှင့် စားသောက်ဆိုင်များတွင် ကျဆင်းလာသောကြောင့်ဖြစ်ကြောင်း သိရသည်။

### အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်သူ ၂၃၃၈ဦးထပ်မံတွေ့ရှိ

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၃၈ ဦး ထပ်မံတွေ့ရှိသည့်အတွက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၄၃၁၅၈၀၈၇ ဦးအထိ ရောက်ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်သော နောက်ဆုံးအချက်အလက်များအရ သိရသည်။ ထို့အပြင် မေ ၃၀ ရက် နံနက် နောက်ပိုင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၉ ဦးရှိသည့်အတွက် စုစုပေါင်းသေဆုံးသူ ၅၂၄၆၃၀ အထိ ရောက်ရှိလာခဲ့သည်။ ကိုဗစ်-၁၉ ပိုးတွေ့ဆဲလူနာ ၁၇၈၈၃ ဦးရှိသည့်အတွက် လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၈၅ ဦး တိုးလာကြောင်း သိရသည်။

# မေ ၃၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၀ ဒသမ ၁၄ ရာခိုင်နှုန်းရှိ

**(၃၁-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃၀-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၁-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၃၃၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၂၀၅,၃၉၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၃၃၆) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၇) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၃၀၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိသေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၃၁-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၇၁) ခု | (၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၃၀၂) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၁၀၉) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၃၂) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၀၂၃) ခု | - |
| **စုစုပေါင်း** | (၇,၃၃၉) ခု | (၁၀) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၃၁-၅-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၅၇၃၀၅၉၇ | ၈၂၅၁၈၃၁ | ၁၀၃၁၂၈၆ |
| ၂။ | အိန္ဒိယ | ၄၃၁၅၈၅၈၂ | ၄၂၆၁၅၅၇၄ | ၅၂၄၆၃၀ |
| ၃။ | ဘရာဇီး | ၃၀၉၇၇၆၆၁ | ၂၉၉၇၁၃၀၈ | ၆၆၆၅၆၈ |
| ၄။ | ပြင်သစ် | ၂၉၄၈၄၁၁၁ | ၂၈၈၇၂၉၇၃ | ၁၄၈၂၅၁ |
| ၅။ | ဂျာမနီ | ၂၆၃၁၀၂၉၄ | ၂၅၃၁၁၆၀၀ | ၁၃၉၀၆၉ |
| ၆။ | ဗြိတိန် | ၂၂၂၉၄၅၂၄ | ၂၁၉၂၃၅၈၀ | ၁၇၈၅၄၉ |
| ၇။ | ရုရှား | ၁၈၃၃၁၃၆၃ | ၁၇၇၃၉၃၅၆ | ၃၇၉၁၁၇ |
| ၈။ | တောင်ကိုရီးယား | ၁၈၁၀၃၆၃၈ | ၁၇၇၀၂၉၁၉ | ၂၄၁၇၆ |
| ၉။ | အီတလီ | ၁၇၃၉၆၇၂၃ | ၁၆၅၃၁၂၃၁ | ၁၆၆၆၃၁ |
| ၁၀။ | တူရကီ | ၁၅၀၇၁၇၇၂ | ၁၄၉၇၀၃၁၀ | ၉၈၉၆၁ |

## ၃၁-၅-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၇၁၉၃၇၉ | ၉၄၆၂၂၉၈ | ၄၃၀၇၉ |
| အင်ဒိုနီးရှား | ၆၀၅၄၉၇၃ | ၅၈၉၅၄၂၃ | ၁၅၆၅၉၁ |
| မလေးရှား | ၄၅၀၅၀၅၉ | ၄၄၄၅၆၁၁ | ၃၅၆၆၉ |
| ထိုင်း | ၄၄၅၀၄၅၇ | ၄၃၈၀၅၇၇ | ၃၀၀၂၂ |
| ဖိလစ်ပိုင် | ၃၆၉၀၅၈၁ | ၃၆၂၇၇၁၁ | ၆၀၄၅၅ |
| စင်ကာပူ | ၁၂၉၈၃၀၉ | ၁၂၂၀၄၄၀ | ၁၃၈၆ |
| မြန်မာ | ၆၁၃၃၃၆ | ၅၉၂၃၀၃ | ၁၉၄၃၄ |
| လာအို | ၂၀၉၉၈၉ | ၂၀၈၃၄၄ | ၇၅၆ |
| ဘရူနိုင်း | ၁၄၈၆၇၄ | ၁၄၆၈၅၄ | ၂၂၃ |
| ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၂၀၄ | ၃၀၅၆ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို
ပျက်စီးစေရန်အတွက် လက်ကို
ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး
စက္ကန့်(၂၀) ကြာဆေးကြောပါ။

# နိုင်ငံကြီးသားစိတ်ထား

ဗညားကျန်းထော

"Every man is his own historian."
လူတိုင်းလူတိုင်းဟာ ကိုယ့်သမိုင်းကို ကိုယ်တိုင်ပဲ ရေးနေကြရတာဖြစ်ပါတယ်။

**(ဆိုရိုးစကား)**

## (၁)

မျက်စိရှေ့မှောက်မှာပင် နိုင်ငံကြီး၊ နိုင်ငံငယ်များ တိုးတက်ဖွံ့ဖြိုးသွားကြသည်ကိုမြင်ရသည်။ သူတို့ခေါင်းဆောင်များက အမြော်အမြင်ကြီးကြသည်။ ပြည်သူများက ပူးပေါင်းပါဝင်ခဲ့ကြသည်။

မျက်စိရှေ့မှောက် နှစ်ပေါင်း ၂၀၊ ၃၀ ကာလလောက်တွင် အချို့နိုင်ငံများ လုံးချာလည်လိုက်နေကာ ဘာမှသိသိသာသာ တိုးတက်လာသည်ကို မတွေ့ရပေ။သူတို့နိုင်ငံခေါင်းဆောင်များက အရည်အချင်းနည်းကြသည်။ ပြည်သူများကလည်း တိုင်းပြည်ကိုကောင်းအောင် ပါဝင်ဆောင်ရွက်လိုစိတ် နည်းကြပေသည်။

အရှေ့ကိုလျှောက်ကြသူများက နှေးသူဖြစ်စေ၊ မြန်သူဖြစ်စေ အရှေ့ကိုတော့ ရောက်သွားကြလေသည်။ အနောက်ကိုရွေ့သူများကား ရှေးယခင်က ချမ်းသာသူဖြစ်စေ၊ ဆင်းရဲသူဖြစ်စေ နောက်သို့သာ ရောက်သွားကြလေသည်။ ဩော်...မင်းနှင့်ပြည်သူလက်တွဲညီညာမှ ပြည်သာမည် ဖြစ်ကြောင်း သင်ခန်းစာများ အထင်အရှားတွေ့မြင်နေရပေသည်။

## (၂)

နိုင်ငံသူ၊ နိုင်ငံသားများ၏ စွမ်းဆောင်ရည်ကအခြေခံကျကြောင်း တွေ့ရသည်။ ပြည်သူပြည်သားများက သူ့နေရာနှင့်သူ ခေတ်နှင့်အညီ တတ်မြောက်ကျွမ်းကျင်ကြပါက အိမ်ထောင်စုမိသားစုများ ချောင်လည်ကြသည်။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လက်မှုပညာ၊ စက်မှုပညာ၊ ကူးသန်းရောင်းဝယ်ရေး၊ ဝန်ဆောင်မှု စီးပွားရေးလုပ်ငန်း အမျိုးမျိုးမှာ အတတ်ပညာရှိမှ ထိရောက်သည်။

အခြေခံပညာကတော့ ကလေးသူငယ်နှင့်လူငယ်များကို သာမန်စာဖတ်တတ်ရုံ အသိပညာဖြည့်ဆည်းနိုင်အောင် အခြေခံဗဟုသုတ အသိအမြင် ပထဝီဝင်၊သမိုင်းရာဇဝင်၊ သိပ္ပံ၊ သင်္ချာ၊ ပြည်သူ့နီတိ၊ မြန်မာစာ၊ အင်္ဂလိပ်စာတို့ကို ကျောင်းမှာ သင်ကြားပေးကြပါလိမ့်မည်။ မပြည့်စုံပါ။ ထမင်းအိုးတည်နိုင်လောက်သောဝင်ငွေကို ရအောင် လုပ်မပေးနိုင်ပါ။ စိုက်ပျိုးရေးအထက်တန်းကျောင်း၊ စက်မှုအထက်တန်းကျောင်း အနည်းငယ်သော အရေအတွက်မှအပ အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းတို့သည် အသက်မွေးဝမ်းကျောင်းပညာရပ် အတတ်ပညာတို့ကို သင်မပေးပါ။

တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံစသည်တို့ကသာ သက်ဆိုင်ရာပညာရပ်၊ ဘာသာရပ်အသီးသီးကို တတ်မြောက်ကျွမ်းကျင်အောင် ဒီပလိုမာ၊ ဘွဲ့၊ ဘွဲ့လွန် စသည့်ဒီဂရီများ ချီးမြှင့်ကြသည်။

ဘွဲ့လက်မှတ်ရသော်လည်း အသက်မွေးမှုအတွက် အာမခံချက် အတတ်ပညာကား ပြည့်စုံချင်မှပြည့်စုံပါလိမ့်မည်။ ဘယ်တက္ကသိုလ်မှ မတက်ခဲ့ရဖူးသော်လည်း ဘွဲ့မရဘဲ ချမ်းသာကြွယ်ဝနေကြသူ၊ စီးပွားရေးမှာ အောင်မြင်သူများ မြန်မာနိုင်ငံမှာလည်းရှိသည်။ ယူဒီ ဦးခင်မောင်ဝင်း၊ ကျောက်စိမ်းဘုရားဒကာ ဦးစိုးနိုင်၊ အောင်သမာဓိ ဦးအောင် စသည့် ပုဂ္ဂိုလ်မျိုးများ ရှိကြပေသည်။ ကမ္ဘာမှာလည်းရှိ၏။ ဟောင်ကောင်သူဌေးကြီး လီကာရှင်း၊ အမေရိကန်မှ မတ်ဇူကာဘတ်၊ အက်ပဲကွန်ပျူတာစတင်သူ စတိဗ်ပေါလ်ဂျော့ဘ်၊ အမေဇုန်ကုမ္ပဏီ ထူထောင်သူ ဂျက်ဖ်ဘေးဇော့ စသော အောင်မြင်ထင်ရှား သန်းကြွယ်သူဌေး၊ လုပ်ငန်းရှင်ကြီးများအကြောင်းကို ရှာဖွေဖတ်ရှုလေ့လာကြည့်သည်။ သူတို့ကိုယ်တိုင် ကိုယ်တွေ့ဘဝဖြတ်သန်းမှုအရ အကျပ်အတည်း၊ အခက်အခဲ၊ အလွဲအချော်၊ အတားအဆီးအမျိုးမျိုးတို့ကို ရင်ဆိုင်ကျော်လွှားရကြောင်း ဝန်ခံကြသည်။ အနှိမ်ခံရ၊အထင်သေးခံရ၊ လူရာသွင်းခြင်းမခံရ၊ ငယ်ရွယ်စဉ်စာတော်သော်လည်း အနည်းငယ်သာ အသိအမှတ်ပြုခံရပြီး ကြောင်တောင်တောင်၊ ငေါင်တောင်တောင် ကောင်ဟု ပတ်ဝန်းကျင်က ထင်မြင်ယူဆခြင်းကို ခံခဲ့ရပေသည်။ မိမိစိတ်အားထက်သန်သောအရာတွင်သာ အချိန်ပေးအရေးထားကာ အများစုနှင့် ရောရောနှောနှော မဆက်ဆံနိုင်ခဲ့ခြင်းကြောင့်လည်း ဖြစ်နိုင်ပေသည်။

## (၃)

အတန်းပညာ ကျောင်းပညာကို အရေးမကြီးဘူးဟု မပစ်ပယ်စေလိုပါ။ ကျောင်းသင်ပညာရေးသည် ၁၀၀ဖိုးပေးလာသည်ကို ၄၀ ဖိုးလောက်သင်ရခဲ့သည်ဆိုလျှင်ပင် သာမန်အဆင့်အတန်းဝင်သည်။ ဥပမာဆိုရလျှင် အမှတ် ၂၀ ရာခိုင်နှုန်းအောက်ရောက်နေလျှင်တော့ သင်ညံ့နေသည်ဟု မှတ်ယူကြပါလိမ့်မည်။ အမှတ် ၃၀ လောက်သာ ရခဲ့လျှင် သင်သည် ဤဘာသာရပ်တွင် ကြိုးစားရန် လိုအပ်နေသေးကြောင်း မှတ်ချက်ပြုခံရမည်။ မည်သို့ဆိုစေ ၄၀ ရာခိုင်နှုန်းအထက်မှာ ရှိနေအောင် စာသင်သူကျောင်းသားတစ်ယောက်အနေဖြင့် တာဝန်ကျေသင့်လှပေသည်။

ထွန်းပေါက်အောင်မြင်ကြီးပွားကြသူ သူဌေးများ၊ နိုင်ငံရေးသမားများ၊ အနုပညာဖန်တီးသူများ၊ တတ်မြောက်ကျွမ်းကျင်သူ ပညာရှင်ကြီးများအားလုံး(အားလုံး)မှာ တူညီနေခဲ့ကြသော အချက်တစ်ခုကိုမူ ထင်ထင်ရှားရှားစာဖတ်သူများ သတိထားမိကြပေလိမ့်မည်။ သူတို့အားလုံး စာကြမ်းပိုးအကြီးစားကြီးများ ဖြစ်ကြသည်။

အောင်မြင်သောပုဂ္ဂိုလ်မှန်သမျှ စာတော်တော်ဖတ်ကြသည်။ ထူးချွန်သူမှန်သမျှက စာဖတ်သောအကျင့်စွဲကြသည်။ ဆင်းရဲစဉ်ကလည်း စာများများဖတ်သည်။ အောင်မြင်လာစဉ်မှာလည်း စာအဆက်မပြတ်ဖတ်သည်။ ထိပ်ဆုံးရောက်အောင် ခေါင်းဆောင်သို့မဟုတ် သန်းကြွယ်သူဌေးလုပ်ငန်းရှင် ဖြစ်နေကြချိန်မှာလည်း စာကောင်းပေကောင်းများကို မလွတ်တမ်းရှာဖွေဖတ်ရှုနေကြပေသည်။

ပေါ်လွင်လှသော အကြောင်းအကျိုးကွင်းဆက်မှာ စာများများဖတ်ကြသူများသည် တော်ကြသည်။အရည်အချင်းမြင့်မားကြသည်။ ထူးခြားထူးချွန်ကြသည်။ နိုင်ငံအတွက်ဖြစ်စေ၊ သူနှစ်သက်ရာ ရွေးချယ်ခဲ့သော နယ်ပယ်တွင်ဖြစ်စေ စာဖတ်အားကောင်းကြသူများသည် အမြဲတစေ သွေးနေ သနေသောဓားကဲ့သို့ အစဉ်ထက်မြက်နေကြသည်။ ဝမ်းစာပြည့်ဝသဖြင့် သူတို့လက်နှင့်ထိသမျှ ရွှေဖြစ်ကြရသည်။ စွမ်းရည်မြင့်မားစွမ်းအားတောက်ပြောင်ကြလေသည်။ စာသင်ခန်းမှာ ဆရာသင်ပြနိုင်သည်မှာ ပဏာမမိတ်ဆက်၊ အရိပ်အမြွက်မျှသာဖြစ်၏။ ရှေ့ဆက်ကာ အရင်းအမြစ် အသိပညာအတတ်ပညာတို့ကို တိုးပွားအောင် ကြိုးစားလေ့လာဆည်းပူးရမည်မှာ မိမိကိုယ်တိုင်လုပ်ရမှာ။

❖ **စာများများ ဖတ်ကြသူများသည် တော်ကြသည်။ အရည်အချင်းမြင့်မားကြသည်။ ထူးခြားထူးချွန်ကြသည်။ နိုင်ငံအတွက်ဖြစ်စေ၊ သူနှစ်သက်ရာ ရွေးချယ်ခဲ့သော နယ်ပယ်တွင်ဖြစ်စေ စာဖတ်အားကောင်းကြသူများသည် အမြဲတစေ သွေးနေ သနေသောဓားကဲ့သို့ အစဉ်ထက်မြက်နေကြသည်။ ဝမ်းစာပြည့်ဝသဖြင့် သူတို့လက်နှင့်ထိသမျှ ရွှေဖြစ်ကြရသည်။ စွမ်းရည်မြင့်မားစွမ်းအားတောက်ပြောင်ကြလေသည်**

❖ **အတွေးအမြင် အယူအဆလွဲချော်ခဲ့ရသူတချို့ကိုလည်း အမှန်သိသူ၊ ပကတိအရှိတရားကို နားလည်သူ၊ ဖြစ်နေပျက်နေသော အခြေအနေ အမှန်တရားကို မြင်နေကြသော ပြည်သူအများထုကြီးက ဝိုင်းဝန်းဖေးမ အမှန်မြင်အောင် မှန်ထောင်ပြသကဲ့သို့ သိမြင်စေရန် စာဖတ်ကြအောင် တိုက်တွန်းပါ**

## (၄)

စာကြည့်တိုက်များသို့သွားရမည်။ စာအုပ်များကို ရှာဖွေပြီး ဖတ်ချင်သမျှ ငှားယူဖတ်ရှုကြည့်ရမည်။ ဝတ္ထုဖြစ်စေ၊ ကဗျာဖြစ်စေ၊ အတ္ထုပ္ပတ္တိဖြစ်စေ၊ ခရီးသွားမှတ်တမ်းဖြစ်စေ၊ ဟင်းချက်နည်း၊ အလှပြင်နည်း၊ သစ်ပင်ပြုစုနည်း၊ ကလေးကျန်းမာအောင်ပျိုးထောင်နည်း၊ စက်ချုပ်နည်း၊ အင်္ဂလိပ်စာရေးသားနည်း၊ ဂျပန်စကားပြောနည်း၊ မလေး(ဘဟာဆာမလေးရှား)ဖြင့် ပြောဆိုဆက်ဆံနည်း၊ ဘာကြည့်ချင်သလဲ၊ ဘာသိချင်သလဲ၊ ဘာတတ်ချင်သလဲ၊ ဘာသင်ချင်သလဲ။ စာအုပ်များထဲတွင် အစုံရှိသည်။ စာအုပ်ထဲတွင် အကုန်ရှိနေသည်။ မိမိကအားထုတ်မှုပြုကာ ဆည်းပူးလေ့လာသင်ယူပါက သူများထက်စီးပွားတက်အောင် လုပ်ဆောင်နိုင်မည်။ လူမှုရေးကောင်းမွန်အောင် ဆက်ဆံနိုင်မည်။ ပတ်ဝန်းကျင်ကို သာယာလှပအောင်ဖြစ်စေ၊ တိုးတက်ဖွံ့ဖြိုးအောင်ဖြစ်စေ ပါဝင်ကူညီနိုင်ပေမည်။

လူတိုင်းလူတိုင်း ပြည်သူတိုင်းက နေ့စဉ်နေ့စဉ်သောက်ရေအိုးက ရေသောက်ဖြည့်တင်းနေကြသကဲ့သို့ စာအုပ်စာပေဖတ်ရှုလေ့လာခြင်းဖြင့် မိမိဘဝကို ပိုမိုလှပသန့်မာကြံ့ခိုင်အောင် ဆောင်ရွက်ကြပါလျှင် မိမိတို့နေထိုင်ရာ ရပ်ရွာရပ်ကွက်သာမက မြို့၊ ခရိုင်၊ ပြည်နယ်၊ နိုင်ငံ၊ ကမ္ဘာသူ၊ ကမ္ဘာသားများအတွက်ပင် ပိုမိုတိုးတက်စည်ပင်သော ကမ္ဘာလောကဖြစ်အောင် ပါဝင်ထူထောင်နိုင်ကြမည် ဖြစ်၏။

## (၅)

ပြုသူကပြု၊ ဖျက်သူကဖျက်။ လုပ်သူကလုပ်၊ဘေးထိုင်ဘုပြောသူကပြော။ မညီမညွတ်ဖရိုဖရဲဖြစ်ချင်ရာဖြစ်၊ လုပ်ချင်ရာ လုပ်နေကြသူတချို့၏ မူရင်းအဓိကလက်သည်တရားခံသည် လမ်းကြောင်းအမှန်နှင့် ဖြစ်ရပ်ဖြစ်စဉ်အမှန်တရားကို မမြင်ခြင်း။

အဝိဇ္ဇာမှောင်အတိကျကာ Delusion အမှားကို အမှန်ထင်၊ Illusion အရှိတရားကိုမမြင်။ အယူအဆ အထင်အမြင်သဘောထားလွဲချော်နေကြခြင်းက အရင်းမူလတရားပေတည်း။

လူဆိုသည်ကား မှားတတ်သည်။

သူသူငါငါ အမှန်တည့်တည့်ကို အလွယ်တကူမမြင်။ အပြစ်တင်စရာ မဟုတ်။ အသွားတစ်တိုင်သွားသူကို ဆွဲခေါ်လျှင် အပြန်တစ်တိုင် (နှစ်မိုင်)လာရမည်ပင်။

ရှေးလူကြီးများက အသွားတစ်တိုင်၊ အပြန်တစ်တိုင် ဟူသောသဘောကို ခရီးလမ်းအကွာအဝေးသဘောသာမက ရူးသွပ်သူကို ကုသရာတွင်လည်း တစ်ပတ်ကြာရူးသွပ်သူကို တစ်ပတ်ကုလျှင် ပျောက်လွယ်သော်လည်း တစ်လကြာမျှရူးနေသူကို တစ်လကြာလောက် ဆေးဝါး၊ ဓာတ်စာ စသဖြင့် အချိန်ယူကာ ကုသပျောက်ကင်းစေရခြင်းသဘော။

*စာမျက်နှာ ၁၇ သို့*

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၆-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၄၀ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၂၈၅ | ၂၃၀၀ | ၂၂၉၅ | ၂၂၇၅ | ၂၃၆၅ | ၂၃၈၅ | ၂၂၈၀ | ၂၂၉၀ | ၂၃၂၅ | ၂၃၂၅ | ၂၃၂၅ | ၂၅၄၅ | ၂၅၈၅ |
| 95 Ron | ၂၃၃၀ | ၂၃၈၀ | ၂၃၇၅ | ၂၃၄၀ | ၂၃၇၅ | ၂၄၀၀ | ၂၃၈၅ | ၂၃၆၅ | ၂၄၆၀ | ၂၄၇၅ | ၂၃၇၀ | ၂၃၈၅ | ၂၄၁၅ | ၂၄၁၅ | ၂၄၁၅ | ၂၆၃၅ | ၂၆၅၀ |
| HSD (500 ppm) | ၂၄၅၀ | ၂၅၀၀ | ၂၄၉၅ | ၂၄၆၀ | ၂၄၉၅ | ၂၅၂၀ | ၂၅၁၅ | ၂၄၈၅ | ၂၅၉၅ | ၂၅၉၀ | ၂၄၉၀ | ၂၅၀၀ | ၂၅၃၅ | ၂၅၃၅ | ၂၅၃၅ | ၂၇၅၅ | ၂၇၄၀ |
| HSD (50 ppm) | ၂၄၈၀ | ၂၅၂၅ | ၂၅၂၅ | ၂၄၉၀ | ၂၅၂၅ | ၂၅၄၅ | ၂၅၄၅ | ၂၅၃၀ | ၂၆၂၅ | ၂၆၂၀ | ၂၅၁၅ | ၂၅၃၀ | ၂၅၆၀ | ၂၅၆၀ | ၂၅၆၅ | ၂၇၈၅ | ၂၇၇၀ |
| HSD (10 ppm) | ၂၄၈၀ | ၂၅၂၅ | ၂၅၂၅ | ၂၄၉၀ | ၂၅၂၅ | ၂၅၄၅ | ၂၅၄၅ | ၂၅၃၀ | ၂၆၂၅ | ၂၆၂၀ | ၂၅၁၅ | ၂၅၃၀ | ၂၅၆၀ | ၂၅၆၀ | ၂၅၆၅ | ၂၇၈၅ | ၂၇၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၃၇ | ၂၂၁၃ |
| 95 Ron | ၂၂၂၄ | ၂၃၀၂ |
| HSD (500 ppm) | ၂၃၄၀ | ၂၄၁၆ |
| HSD (50 ppm) | ၂၃၆၇ | ၂၄၄၄ |
| HSD (10 ppm) | ၂၃၆၇ | ၂၄၄၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

*စာမျက်နှာ ၁၆ မှ*

အတွေးအမြင် အယူအဆလွဲချော်ခဲ့ရသူတချို့ကိုလည်း အမှန်သိသူ၊ ပကတိအရှိတရားကို နားလည်သူ၊ ဖြစ်နေပျက်နေသော အခြေအနေအမှန်တရားကိုမြင်နေကြသော ပြည်သူအများထုကြီးက ဝိုင်းဝန်းဖေးမ အမှန်မြင်အောင်မှန်ထောင်ပြသကဲ့သို့ သိမြင်စေရန် စာဖတ်ကြအောင် တိုက်တွန်းပါ။ ဘာသာရေးအဆုံးအမ၊ တရားတော်များ၏ လမ်းမှန်ညွှန်ပြ၊ လောကီလောကုတ္တရာ လက်တွေ့ကောင်းကျိုးရစေမည့် သဘောတရား၊ အသိဉာဏ်ရစေမည့် စာကောင်းပေကောင်းများနှင့် ထိတွေ့ရင်းနှီးအောင် ဆွဲဆောင်စည်းရုံးကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရက စိတ်ရှည်သည်းခံဖွဲ့သန်သန်ဖြင့် လွဲချော်ခဲ့သူများကိုပင် သဘောထားကြီးစွာ ဖြူစင်သောမေတ္တာစေတနာအရင်းခံဖြင့် လက်တွဲရန် ကမ်းလှမ်းဖိတ်ခေါ်နေသည်ကို ကြည့်ပါလေ။ စိတ်ရှည်ရှည်ထား၍ လက်တွဲခေါ်ကြရပေမည်။ ခရီးကရှည်သေးသည်။ သွားကြရမည့် ရှေ့ခရီးသည် နောင်လာနောက်သား ကောင်းစားစေရေးအတွက် မြော်ရည်လျက် တိုးတက်အောင်မြင် စည်ပင်သာယာသော ပြည်ထောင်စုကြီးဖြစ်အောင် ထောင့်စုံဘက်စုံက လက်တွဲညီညာပါဝင်ထူထောင် တည်ဆောက်ကြရမည့် (အောင်အတိတ် အောင်နိမိတ်ပြည့်စုံလှသော မင်္ဂလာအချိန်) ကာလမဟုတ်ပါလား။

(၆)

"ဘဝဆိုတာ ခရီးတစ်ခုပဲ။ ပန်းတိုင်တစ်ခုမဟုတ်။ တိုးတက်ကြီးပွားလိုစိတ် ရည်မှန်းချက်မရှိဘဲ ဘာမှစလို့ မရပါဘူး။ စိတ်အားထက်သန်တဲ့ အားထုတ်လုပ်ဆောင်မှုရှိမှသာ ကြီးမားသော အောင်မြင်မှုအောင်ပွဲတွေက ရရှိလာမှာဖြစ်ပါတယ်။"

**ရာ့ဖ်ဝါလ်ဒိုအယ်မာဆင်(၁၈၀၃-၁၈၈၂)**
**အမေရိကန်ကဗျာဆရာ စာရေးဆရာ**

ဆရာ၊ ဆရာမများရော၊ ကျောင်းသား၊ ကျောင်းသူများရော၊ ကလေး၊ လူငယ်၊ လူကြီး၊ မြို့ရော တောပါ တစ်လုံးတစ်စည်းတည်း (မိသားစုတစ်အိုးတစ်အိမ်ပမာ) အောက်ပါခံယူချက်အမြင်မှာ တူညီစုစည်းရပေမည်။ (Unity of Attitude) **ဤသည်မှာ နိုင်ငံကြီးသား စိတ်ထားပင်ဖြစ်ပေသည်-**

**၁။ အမုန်းဖယ်ရှား မေတ္တာစိတ်သာ ပွားကြမည်။**
**၂။ စည်းလုံးညီညာ သာယာအောင်ကြိုးစားမည်။**
**၃။ ဖြစ်အောင်လုပ်မည်။**
**၄။ အဆက်မပြတ်(မရမချင်း) ထပ်ခါထပ်ခါ အောင်မြင်သည်ထိ လုပ်ဆောင်နေမည်။**
**၅။ လုပ်သင့်သည်ကို မဖြစ်မနေလုပ်မည်။**
**၆။ အလုပ်ကို အလေးထားကာ လေးစားစွာ လုပ်ကြမည်။ (မလုပ်သင့်သည်ကို မလုပ်မိအောင် ရှောင်ကြဉ်မည်)**

မိမိတို့နိုင်ငံသည် ၂၁ ရာစု အချိန်ကာလ၏ သမ္ဗတ္တိတရားနှင့် အဘက်ဘက်က ပြည့်စုံဆိုက်ရောက်လာသော **"အာရှခေတ်သစ်"** ကမ္ဘာ့အခြေအနေမှာ နောက်ကျ ကျန်ရစ်မနေရလေအောင် ပြည်သူပြည်သားအားလုံးက တစ်ယောက်မကျန် နိုင်ငံကြီးသား စိတ်ထားပြည့်စုံကြပါစေ။ သုဝဏ္ဏသာမ မြားဆိပ်ပြယ်သော၊ မိဘနှစ်ပါး မျက်စိနှစ်ကွင်း အလင်းရကာ သားရွှေအိုးထမ်းလာသည်ကို မြင်ရသောအဖြစ်သို့ ဤသစ္စာစကားဖြင့် မေတ္တာပါးလိုက်ပါသည်။ ။



## ရွှေ့လျားဈေးကားရောင်းချနေမှုနှင့် သန့်ရှင်းသာယာရေးလုပ်ငန်းများ ရန်ကုန်မြို့တော်ဝန် ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၃၁**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီ၊ အတွင်းရေးမှူး ဦးညွှန့်ဖေနှင့် ကော်မတီဝင်များနှင့်အတူ ယနေ့နံနက် ၆ နာရီခွဲတွင် ရန်ကင်းမြို့နယ် (၈) ရပ်ကွက် အောက်နှင်းဆီလမ်းရှိ ကံဘဲ့စည်ပင်အိမ်ရာဝင်းအတွင်း ရွှေ့လျားဈေးကား စနစ်ဖြင့် ကုန်စိမ်း၊ ကုန်ခြောက်မျိုးစုံ၊ အသားမျိုးစုံနှင့် ငါး၊ ပုစွန်အမျိုးမျိုးတို့ကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ရန်ကင်းမြို့နယ်၊ (၁၁) ရပ်ကွက် အောက်နှင်းဆီလမ်းရှိ ဆည်မြောင်းချောင်းအတွင်း အမှိုက်နှင့် မြောင်းချေးများ ဆယ်ယူရှင်းလင်းနေမှုနှင့် ဆည်မြောင်းချောင်း၏ ဝဲ/ယာတွင် မြေထိန်းနံရံ ပြုလုပ်နေမှုတို့ကို လည်းကောင်း၊ အောက်နှင်းဆီလမ်း ကွန်ကရစ်ခင်းကျင်းနေမှုကို လည်းကောင်း၊ ရန်ကင်းမြို့နယ် (၄) ရပ်ကွက် ရန်ငြိမ်းလမ်းသို့ သွားရောက်၍ ရန်ငြိမ်းလမ်း ကွန်ကရစ်လမ်းသား တိုးချဲ့ခင်းကျင်းနေမှုကို လည်းကောင်း၊ ရန်ကင်းမြို့နယ် (၁၆) ရပ်ကွက် ပြည်တော်အေးလမ်းသို့ သွားရောက်၍ ရန်ကင်းမြို့နယ်နှင့် တာမွေမြို့နယ် မာန်အောင်ရပ်ကွက်အကြား ခုနစ်ပင်လိမ်ချောင်းအတွင်း စက်ယန္တရားဖြင့် အမှိုက်နှင့် နုန်းများ ဆယ်ယူရှင်းလင်းခြင်း၊ ချောင်းကမ်းတစ်လျှောက် မြေညှိပြုပြင်ခြင်းနှင့် ချောင်းကြမ်းပြင် ပြန်လည်တူးဖော်ခြင်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် တောင်ဥက္ကလာပမြို့နယ်၊ (၁၅) ရပ်ကွက် သံသုမာလမ်းမပေါ်ရှိ ရေပေါက်ကြည်ချောင်း ရေထိန်းတံခါးသို့ သွားရောက်၍ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှုနှင့် ရေစုပ်စက်များ ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်နေမှုတို့ကို လည်းကောင်း၊ မရမ်းကုန်းမြို့နယ် ကမ္ဘာအေး ဘုရားလမ်းပေါ်ရှိ အင်းလျားကန်ပေါင်သို့ သွားရောက်၍ အင်းလျားကန်စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အနော်ရထာလမ်း (၃၅)လမ်း ကားမှတ်တိုင်တွင် အကြမ်းဖက်သူများ ထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး တစ်ဦးသေ၊ ကိုးဦး ဒဏ်ရာရ

**နေပြည်တော် မေ ၃၁**

PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် အေးချမ်းစွာနေထိုင်သော ပြည်သူလူထုများနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဝိုင်းဝန်း ဆောင်ရွက်နေသော အုပ်ချုပ်ရေးတာဝန်ရှိသူများအား ထိခိုက်ဒဏ်ရာရရှိစေရန် ယုတ်ညံ့သော စိတ်ဓာတ်များဖြင့် အကြမ်းဖက်ဖောက်ခွဲရေး လုပ်ရပ်များအား ငွေကြေးထောက်ပံ့ခြင်း၊ နောက်ကွယ်မှ သွေးထိုးမြှောက်ပင့်လှုံ့ဆော်မှုများ ဆောင်ရွက်ခြင်း၊ ၎င်းတို့ကိုယ်တိုင်ကျူးလွန်ခြင်းများ လုပ်ဆောင်လျက်ရှိသည့်အပြင် အများပြည်သူသွားလာနေသော လမ်းမကြီးများ၊ လမ်းများ၊ ကားဂိတ်များနှင့် မှတ်တိုင်များတွင်ပါ လက်လုပ်ဗုံး၊ လက်လုပ်မိုင်းများဖြင့် ထောင်ကာ ဖောက်ခွဲခြင်း၊ ပစ်ပေါက်ခြင်းများ ပြုလုပ်ဆောင်ရွက်လျက်ရှိသည်။

**လက်လုပ်မိုင်း ပေါက်ကွဲ**

ထို့သို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အနော်ရထာလမ်း (၃၅) လမ်း ကားမှတ်တိုင်၌ PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး တစ်ဦးသေ၊ ကိုးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့မွန်းလွဲ ၃ နာရီမိနစ် ၂၀ က ကျောက်တံတားမြို့နယ် အနော်ရထာလမ်း (၃၅) လမ်း ကားမှတ်တိုင်တွင် အကြမ်းဖက်သူများ ထောင်ထားသည့် လက်လုပ်မိုင်း ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် ကားမှတ်တိုင်အနီးတွင်ရှိနေသည့် ရဲထက်နိုင်(၃၂)နှစ် (ဘ) ဦးဇော်မင်းဦး၊ နန္ဒမျိုးအောင်(၂၅)နှစ် (ဘ)ဦးဇော်မျိုး၊ ဦးစောမင်းရွှေ(၅၉)နှစ် (ဘ) ဦးရွှေထွန်း၊ ခန့်ဝေပိုင် (၁၉)နှစ် (ဘ)ဦးလှဝင်း၊ မိုးဇော်ဦး (၄၅)နှစ် (ဘ)ဦးခင်ဇော်ထွန်း၊ မြင့်သန်းစိုး (၂၃)နှစ် (ဘ) ဦးမြင့်သန်း၊ ကိုစိုင်းအောင်(၃၀)နှစ် (ဘ)ဦးစောလွင်၊ အောင်ကြီး(၃၀)နှစ် (ဘ)ဦးမင်းလွင်၊ အောင်နိုင်(၄၇)နှစ် (ဘ) ဦးငုံတို့ ကိုးဦးတွင် မိုင်းစထိမှန်ဒဏ်ရာများ အသီးသီးရရှိခဲ့ကာ အမည်မသိ (၃၀)နှစ်ခန့် အမျိုးသားတစ်ဦး (စိစစ်ဆဲ)တွင် ရင်ဘတ်ပေါက်ပြဲဒဏ်ရာ၊ ဝမ်းဗိုက်ပေါက်ပြဲ ဒဏ်ရာများ ရရှိသေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူများအား ဆေးဝါးကုသမှုခံယူနိုင်ရေး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**စုံစမ်းဆောင်ရွက်**

ဖြစ်စဉ်တွင် အများပြည်သူသွားလာနေသော ကားမှတ်တိုင်တွင် ဗုံးထောင်ဖောက်ခွဲခဲ့သည့် အကြမ်းဖက်သမားများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


















PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသော လက်လုပ်မိုင်း ပေါက်ကွဲမှု ဖြစ်ပွားသည့် ကျောက်တံတားမြို့နယ် အနော်ရထာလမ်း (၃၅) လမ်း ကားမှတ်တိုင်နှင့် ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူများအား ဆေးဝါးကုသ ဆောင်ရွက်ပေးထားမှု။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၃၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ချင်းပြည်နယ် ဟားခါးမြို့နယ် မြို့ဟောင်းရပ်ကွက်နေ အေးအေးမော်(ခ) ဆွေဘုန်းသည် ၎င်းအသုံးပြုသည့် “Bawi Sung” Face book အကောင့်၊ မြို့ဟောင်းရပ်ကွက်၊ အိုးအိမ်ဝန်ထမ်းအိမ်ရာနေ ဝုန်ဟွဲသည် ၎င်းအသုံးပြုသည့် “Nu Kheh” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် သက္ကံချိုင်းကျေးရွာနေသူများဖြစ်သည့် မိုးမင်းအောင်၊ စုစန္ဒီကျော်နှင့် နှင်းလဲ့ရည်ကျော်တို့သည် ၎င်းတို့အသုံးပြုသည့် “Moe Min Aung” Facebook အကောင့်၊ “Su Sandi Kyaw” Facebook အကောင့်နှင့် “Hnin Lae Ye Kyaw” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်အမှတ်(၁၇)ရပ်ကွက်ခွဲနေ အောင်သီတာဝင်းသည် ၎င်းအသုံးပြုသည့် “Thi Dar Win” Facebook အကောင့်နှင့် မှော်ဘီမြို့ အောက်ချိုင်းကျေးရွာနေ ကျော်လင်းသည် ၎င်းအသုံးပြုသည့် “Kyaw Lin” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့် အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁-၆-၂၀၂၂ ဗုဒ္ဓဟူးနေ့

**MRTV HD**

**၀၆:၀၀** ပေဋကသုတ်၊ ရတနသုတ်၊ မေတ္တာသုတ်၊ အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ဒီမိုကရေစီဆိုရာဝယ်
**၀၉:၁၀** စိုက်ပျိုးရေးရာအဖြေရှာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၁:၃၀** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
**၁၂:၃၀** MRTV National News
**၁၂:၅၅** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၅)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
**၁၇:၂၅** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊ မေလ)(ပထမပိုင်း)
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** (၃၈)ဖြာမင်္ဂလာ (ဦးနန်းဝင်းရေးသားပူဇော်တင်ဆက်သည်) **'ဖြတ်ပဲ့ဝရိယဥ္စ'**
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ဘတ်စကက်ဘောအက်ဆေး'** (အပိုင်း-၁၀)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၂၁:၂၀** (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
**၂၂:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ပြည့်စုံခြင်းအိပ်မက်'** (အပိုင်း-၆)

**mitv**

**07:02** Evergreen Classic: Zambudipar (Shwe Yee Win)
**07:09** Myanmar Traditional Snacks: Mounhsi Gyaw
**07:14** Myanmar Masterclass: Min Wae Aung
**07:27** Discovering Tribes: Akha- Their Life and Customs (Part-1)
**07:44** Myanmar Big Circular Tray
**08:01** Myanmar Musical Orchestra
**08:05** Underwater Photographer
**08:26** A Visit to Yangon's Coastal Area
**08:43** The Caves
**09:01** News
**09:26** Global Partnership for Brighter Future: Samoa Pavilion at Expo 2020 Dubai
**09:35** Chef Life: Ce'dric Davoine (French Chef)
**10:01** Kabyar Wa Beach

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ကရင်စာပေသင်ကြရအောင်(အပိုင်း-၁)

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ရေနတ်ပူဇော်ခြင်း

**ချင်း (လိုင်းဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
တစ်နိုင်တစ်ပိုင် ရိုးရာငါးပိပြုလုပ်ပုံ

**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
တောင်ကြာပန်းတို့ရှိရာဆီ တစ်ခေါက်တစ်ခါ အလည်ရောက်စေချင်

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
ပေါ်လမြိုင်မြို့ရဲ့အထင်ကရနေရာများ

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ဝါးတုတ်ချက်နှင့်ရိုကင်းသုပ်

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ပင်လောင်းရှမ်းစက္ကူ

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
သစ်ကြားသီးနှင့်ကျန်းမာရေး

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
အလှမှာယဉ်ဆေးပက်ဝင်တဲ့ တရုတ်စကားပင်

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
အမျိုးသားဥယျာဉ်ထဲက ချစ်စရာကယားရိုးရာ အိမ်ကလေး

**ဝကေကကရင် (၂၂:၀၀ မှ ၂၃:၀၀)**
အုပ်ဆောင်းပြုလုပ်ပုံ

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၁၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၃:၀၀** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၅)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၂၀** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊ မေလ)(အပိုင်း-၁)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'အုပ်ထိန်းခွင့်ဆိုင်ရာဥပဒေ'**
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၅)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အင်ဒိုနီးရှားနိုင်ငံ)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၅)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၂၅** စိုက်ပါပျိုးပါဝင်ငွေတိုးတာစပ်မျိုးနေကြာ
**၀၆:၄၅** တိုက်ကြီးဒေသဆင်းသုခအလှ
**၀၇:၅၀** အပင်များအတွက် 'ရွှေဇီဝ'
**၀၈:၂၅** ခေတ်မီမီအရည်အသွေးကောင်းရောင်းပန်းလှ
**၀၉:၀၀** တောင်သူဘဝမြှင့်တင်ဖို့သိပ္ပံနည်းကျစိုက်ကြစို့
**၀၉:၄၅** နည်းပညာများဖြန့်ဝေစိုက်/သုမြေ

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# မူဆယ်မြို့၌ မသန်စွမ်းသူများအတွက် အခြေခံဝန်ဆောင်မှုဆိုင်ရာ သင်တန်းဖွင့်

**မူဆယ် မေ ၃၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ စိန်ရတနာဟိုတယ်တွင် မသန်စွမ်းသူများအတွက် Barrier Free Tourism အခြေခံဝန်ဆောင်မှုဆိုင်ရာသင်တန်းကို ယနေ့နံနက်ပိုင်းက ဖွင့်လှစ်သည်။

ဖွင့်ပွဲတွင် သက်ဆိုင်ရာဌာနနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြပြီး ဒုတိယခရိုင်စီမံအုပ်ချုပ်ရေးမှူး ဦးမောင်မောင်က မသန်စွမ်းသူများအတွက် အခြေခံဝန်ဆောင်မှုဆိုင်ရာ သင်တန်းကို စမ်းသပ်စီမံကိန်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ယခုလိုသင်တန်းများအပြင် ခရီးစဉ်ဒေသများတွင် မသန်စွမ်းသူများ လှည့်လည်သွားလာနိုင်ရန် လိုအပ်သည့် အခြေခံ အဆောက်အအုံများ ပြုပြင်မွမ်းမံမှုများ ဆောင်ရွက်ရန် ဘဏ္ဍာငွေကြေးများ ထည့်သွင်းလျာထားတွက်ချက်ပြီး အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။



ယင်းနောက် ဒုတိယခရိုင်စီမံအုပ်ချုပ်ရေးမှူးက လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်စန်းမြင့်ခိုင်အား ဂုဏ်ပြုလက်ဆောင်ပေးအပ်ကြောင်း သိရသည်။(အပေါ်ပုံ) ချယ်ရီမြေ(မူဆယ်)

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် မေ ၃၁**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်းနှင့် နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။

ထိုသို့ထုတ်ပေးရာတွင် မေ ၃၁ ရက်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီ ၁၂ ခုမှ Kalxid 480MG Tablet ၃၀၀၀၊ Megabis 2.5 Tablet ၁၉၉၀၊ Megabis 5 Tablet ၉၉၀၊ Evening Primrose Oil 1000MG with Mitamine ၁၀၅ ခု၊ Trivedon MR Tablet ၉၈၅၄ ခု၊ Medicine Warf 5 Tablet ၈၁၀၊ Tiova Rotacap Capsule ၁၉၉၆၀ ၊ Seroflo 125 Inhaler ၅၀၄၀၊ Panimun Bioral 25MG ၁၀၀၀၊ Pangraf 1.0 ၅၀၀၀၊ Pangraf 0.5 ၄၃၈ ခု၊ Panimun Bioral 50MG ၂၀၀၀၊ Tenepan ၁၄၃၂၈ ခု၊ Omniscan 0.5 MMol ၅၀၁ ခု၊ Visipaque 320 MGI/ML ၁၂၀၊ NAPA 500 Suppository ၂၉၆၉၃ ခု၊ Skineal Cream ၇၂၀၀၀၀ ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၄၀ မျိုး၊ ၅၉၇၄၉ ဒသမ ၁၃ Kg နှင့် နယ်စပ် (ချင်းရွှေဟော်)တွင် ကုမ္ပဏီနှစ်ခုမှ Oxygen Plant တစ်ခု၊ PPE ၅၀၀၀၀တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ယနေ့စျေးကွက်ပေါက်စျေးများ

၃၁ - ၅ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် | ၂၀၄၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် | ၁၉၂၄၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် | ၂၀၄၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် | ၁၉၂၄၇၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီစျေး(ရန်ကုန်) | လက်လီစျေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၈၀ ကျပ် | ၂၃၂၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၀၅ ကျပ် | ၂၃၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၇၀ ကျပ် | ၂၂၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၈၀ ကျပ် | ၂၃၃၀ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၈၇ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၅၁ . ၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၄ . ၁၃၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၄၈ . ၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၂ . ၄၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၈ . ၀၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၈၁၇ |

**ရန်ကုန်စတော့အိတ်ချိန်းစျေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်စျေး (ကျပ်) | အပိတ်စျေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၆၀၀ | ၇၆၀၀ | ၇၅ | ၅၆၃၀၀၀ |
| MTSH | ၂၆၅၀ | ၂၆၅၀ | ၇၅၁ | ၁၉၉၀၁၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၇၅၀၀ | ၁၇၅၀၀ | ၄၅ | ၇၈၇၅၀၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၁ | ၂၆၀၀ |
| EFR | ၂၅၅၀ | ၂၅၅၀ | ၁၆ | ၄၀၈၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၅ | ၂၅၀၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီဆွေ၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့

စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ဒိုမိန်းသုံးစွဲမှုမှတ်ပုံတင်သည့်ကုမ္ပဏီ(Registrar)များအဖြစ် ကုမ္ပဏီအသစ်လေးခု တိုးချဲ့ဆောင်ရွက်

**ရန်ကုန် မေ ၃၁**

မြန်မာနိုင်ငံ၏ ကိုယ်စားပြုဒိုမိန်း(Domain Name) ဖြစ်သည့် .mm Domain Name များကို ပြည်တွင်းဈေးကွက်တွင် ယှဉ်ပြိုင်မှုအားကောင်းလာစေရေးနှင့် ပြည်ပဒိုမိန်းများအစား ပြည်တွင်းဒိုမိန်းများကို အသုံးပြုမှု ပိုမိုအားကောင်းလာစေရေးတို့အတွက် လက်ရှိ ဝန်ဆောင်မှုပေးလျက်ရှိသည့် Domain သုံးစွဲသူ မှတ်ပုံတင်သည့်ကုမ္ပဏီ(Registrar) သုံးဦးအပြင် ကုမ္ပဏီအသစ်လေးခုဖြစ်သည့် Global Technology ကုမ္ပဏီလီမိတက် ၊ AGB Communication ကုမ္ပဏီလီမိတက်၊ Horizon Telecom International ကုမ္ပဏီလီမိတက်နှင့် Frontiir ကုမ္ပဏီလီမိတက်တို့ကလည်း ဒိုမိန်းသုံးစွဲသူမှတ်ပုံတင်သည့်ကုမ္ပဏီ (Registrar)များအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ဝက်ဘ်ဆိုက်မှ မေ ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် ဆက်သွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များအရ အီလက်ထရွန်နစ်လိပ်စာများဖြစ်သည့် Public IP Address, Autonomous System (AS) Number နှင့် Domain Name တို့နှင့် စပ်လျဉ်း၍ စိစစ်ကြီးကြပ်ခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံ၏ကိုယ်စားပြု .mm Domain Name မှတ်ပုံတင်ဌာန(Registry)အဖြစ် ၂၀၁၉ အောက်တိုဘာ ၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး ဒိုမိန်းသုံးစွဲသူမှတ်ပုံတင်သည့်ကုမ္ပဏီ(Registrar) များအဖြစ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ Yatanarpon Teleport Public ကုမ္ပဏီလီမိတက်နှင့် Myanmar Technology Gateway ကုမ္ပဏီလီမိတက်တို့က ဆောင်ရွက်ခဲ့ရာမှ ယခုအခါ ကုမ္ပဏီအသစ်လေးခုကို ဒိုမိန်းသုံးစွဲသူမှတ်ပုံတင်သည့်ကုမ္ပဏီ(Registrar) များအဖြစ် ဆောင်ရွက်ခွင့်ပြုလိုက်ခြင်းဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားချက်အရ သိရသည်။

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် ဒိုမိန်းသုံးစွဲမှုမှတ်ပုံတင်သည့်ကုမ္ပဏီ(Registrar)အဖြစ် ဆောင်ရွက်လိုသည့် ကုမ္ပဏီအသစ်များအနေဖြင့် ယခုနှစ် ဖေဖော်ဝါရီလလယ်မှ မတ် ၂၅ ရက်အထိ လျှောက်ထားနိုင်ကြောင်း ကြေညာခေါ်ယူခဲ့ပြီးနောက် မေ ၂၇ ရက်တွင် အဆိုပါ ကုမ္ပဏီလေးခုကို ဒိုမိန်းသုံးစွဲမှုမှတ်ပုံတင်သည့်ကုမ္ပဏီသစ်များအဖြစ် ထုတ်ပြန်ကြေညာလိုက်ခြင်းဖြစ်သည်။

**ကိုစိုး**

---

# Google I/O 2022 တွင် ပြသခဲ့သော နည်းပညာသစ်များ

**နည်းပညာကုမ္ပဏီကြီးဖြစ်သော ဂူဂဲလ်၏ Developer များ တွေ့ဆုံပွဲဖြစ်သည့် Google I/O 2022 ကို မေ ၁၁ ရက်နှင့် ၁၂ ရက်က ကျင်းပခဲ့ပြီး ထုတ်ကုန်သစ်များနှင့် နည်းပညာသစ်များကို ပြသခဲ့ရာ ထုတ်ကုန်သစ်များအကြောင်းကို ယခင်တစ်ပတ်က ဖော်ပြခဲ့ပြီး ယခုတစ်ပတ်တွင် နည်းပညာသစ်များကို ဆက်လက်ဖော်ပြလိုက်ပါသည်။**

### အဆင့်မြင့်လာမည့် Google Search

**Google** ကုမ္ပဏီဟု ကမ္ဘာကျော်စေခဲ့သော ပထမဆုံးထုတ်ကုန်ဖြစ်သည့် Google Search ကို အဆင့်မြှင့်တင်ထားသည့် နည်းပညာသစ်များကိုလည်း Google I/O 2022 တွင် ပြသခဲ့သည်။ လက်ရှိ Google Search တွင် ရှာဖွေမှုရလဒ်များကို ယခုထက်ပို၍ အဆင့်မြင့်လာစေမည့် Multisearch Near Me ဟုခေါ်သော ဗားရှင်းတစ်မျိုးကိုပါ ပေါင်းထည့်ရန် ပြသခဲ့ခြင်းဖြစ်သည်။ ဥပမာအားဖြင့် လိုင်းပေါ်တွင်တွေ့ရသော အဝတ်အစားဖက်ရှင်ဒီဇိုင်းတစ်မျိုးကို Google Search တွင်တင်၍ ရှာလိုက်ပါက ရှာဖွေသူ၏အနီးတစ်ဝိုက်မှ ထိုအဝတ်အထည်မျိုး ရောင်းသောဆိုင်များ၏ လိပ်စာ၊ ဖုန်းနံပါတ်နှင့် ဈေးနှုန်းများကိုပါ ချက်ချင်းဖော်ပြပေးမည့်စနစ်မျိုးဖြစ်သည်။




### တက်ဘလက်များအတွက် အန်းဒရွိုက်စနစ်

တက်ဘလက်ကဲ့သို့ မျက်နှာပြင်အရွယ်အစားကြီးမားသော ကိရိယာများတွင် အန်းဒရွိုက်စနစ်ကို ပိုမိုကောင်းမွန်စေရန်အတွက် ဂူဂဲလ်သည် အန်းဒရွိုက် ၁၂ ကို ထုတ်ဝေစဉ်ကပင် Android 12L(Large)ဟု အမည်ပေး၍ စမ်းသပ်နေခဲ့ရာ အသစ်ထွက်လာမည့် အန်းဒရွိုက် ၁၃ တွင်လည်း တက်ဘလက်များအတွက် မြင်ကွင်းရော စွမ်းဆောင်ရည်ပါ ပိုမိုမြင့်တက်လာစေမည့် စနစ်အချို့ကို ဖော်ပြခဲ့သည်။ အန်းဒရွိုက် ၁၃ တွင် တက်ဘလက်များ၏ ဖွင့်ထားသော Tab များ၊ Notification များကို ပို၍အဆင်ပြေစွာ မြင်နိုင်မည်ဖြစ်သလို Google Photos နှင့် Gmail အကြား ဓာတ်ပုံများကို ဆွဲယူချနိုင်မှု စသည့် အပြောင်းအလဲများ ပါဝင်လာမည်ဖြစ်သည်။ အဆိုပါစနစ်သည် တက်ဘလက်များအတွက်ဟုဆိုသော်လည်း တက်ဘလက်ကဲ့သို့ပင် မျက်နှာပြင်အရွယ်အစားပိုကြီးလာသည့် ခေါက်နိုင်သောဖုန်းများအတွက်လည်း အသုံးဝင်စေမည်ဖြစ်သည်။



### Google Maps

Google Maps သည် ကမ္ဘာတစ်ဝန်းရှိ အဆောက်အအုံ ၁ ဒသမ ၆ ဘီလီယံနှင့် လမ်းကီလိုမီတာ ဘီလီယံ ၆၀ ကျော်ကို ဂြိုဟ်တုမြေပုံအဖြစ်ရော ဒီဇိုင်းပုံဖော်၍ပါ ဖော်ပြခြင်းဖြင့် ဝန်ဆောင်မှုပေးနေသည့် လမ်းညွှန်မြေပုံစနစ်ဖြစ်သည်။ Google Maps တွင် လက်ရှိအချိန်အထိ ကွဲကွဲပြားပြားမရှိသေးသော အဆောက်အအုံအမျိုးအစားအချို့နှင့် မြေမျက်နှာသွင်ပြင်တို့ကြောင့် မြေပုံဆွဲရန်ခက်ခဲသောနေရာအချို့ ရှိနေသေးသည်။ ယခုအခါ Google သည် ဂြိုဟ်တုဓာတ်ပုံများမှ အဆောက်အအုံများကို အတိုင်းအတာတစ်ခုအထိ ပိုမိုသိရှိနိုင်ရန် ကွန်ပျူတာအမြင်ကို အသုံးပြုနေပြီဖြစ်ကြောင်း Google I/O တွင် ပြသခဲ့သလို ထိုစနစ်ကြောင့် မြေပုံတွင်ဖော်ပြနိုင်သည့် ဓာတ်ပုံများ၏ အရည်အသွေးကို ပိုမိုတိကျလာစေပြီး ဖော်ပြနိုင်သည့် အဆောက်အအုံ အရေအတွက်များမှာလည်း တိုးပွားလာမည်ဟု သိရသည်။



ထို့အပြင် Google Maps အက်ပလီကေးရှင်းတွင် ရှာဖွေသည့်နေရာမှ ထင်ရှားသည့် အဆောက်အအုံများ၏ 3D ပုံရိပ်များကိုပါ ပေါင်းစပ်ဖော်ပြခြင်း၊ ရှာဖွေသောနေရာကို အသေးစိတ် လှည့်ပတ်ကြည့်ရှုနိုင်ခြင်း၊ ယာဉ်ကြောအသွားအလာနှင့် ရာသီဥတုအခြေအနေများကိုပါ ကြည့်ရှုနိုင်ခြင်း စသည့် စနစ်များ ပါဝင်လာမည့် Immersive View လုပ်ဆောင်ချက်အသစ်ကိုလည်း ပြသခဲ့ပြီး Google Maps တွင် ယင်းစနစ်များကို နောက်နှစ်အတွင်း ထည့်သွင်းပေးနိုင်ကြောင်း သိရသည်။




### ဘာသာပြန်နိုင်သည့် AR မျက်မှန်

ဂူဂဲလ်၏ ဘာသာပြန်စနစ်ဖြစ်သော Google Translate စနစ်ဖြင့် ပေါင်းစပ်ထားသည့် AR မျက်မှန်ကိုလည်း Google I/O 2022 တွင် ပြသခဲ့သည်။ မျက်မှန်ကိုင်းများ အနည်းငယ် ပို၍ထူနေသည်မှလွဲ၍ သာမန်မျက်မှန်တစ်လက်နှင့်တူသော အဆိုပါ AR မျက်မှန်သည် Google Translate စနစ်ကြောင့် မည်သည့်ဘာသာဖြင့်ရေးထားသော စာများကိုမဆို မျက်မှန်တပ်၍ ကြည့်လိုက်ရုံဖြင့် မိမိဘာသာပြန်လိုသော ဘာသာစကားသို့ ဘာသာပြန်ပြီးသားကို မြင်တွေ့နိုင်မည်ဖြစ်သည်။ သို့ရာတွင် အဆိုပါမျက်မှန်ကို အစမ်းအနေဖြင့်သာ ပြသခဲ့ခြင်းဖြစ်ပြီး ယင်းတွင်အသုံးပြုမည့် အန်းဒရွိုက်စနစ်၊ အခြားပစ္စည်းများဖြင့် ချိတ်ဆက်နိုင်မည့်စနစ်၊ ပါဝင်မည့် ဟာ့ဒ်ဝဲအရည်အသွေးများ စသည်တို့ကိုမူ အသေးစိတ် ထုတ်ဖော်ပြသခဲ့ခြင်းမရှိသလို ဈေးကွက်တင်ရောင်းမည့် အချိန်မှာလည်း ဝေးနိုင်သေးကြောင်း သိရသည်။

### Google Assistant နှင့် Home Hub

လက်ရှိ ဖုန်းများနှင့် တက်ဘလက်များတွင် ပါဝင်နေပြီဖြစ်ပြီး အသံဖြင့်ခိုင်းစေနိုင်သည့် Google Assistant တွင်လည်း ပို၍ကောင်းမွန်သော နည်းပညာသစ်များ ထည့်သွင်းပေးမည်ဖြစ်ကြောင်း Google I/O 2022 တွင် ပြသခဲ့သည်။ စတင်အသုံးပြုရန်အတွက် Hey Google ဟုခေါ်ရန် မလိုတော့သလို Google Home Hub စနစ်နှင့်တွဲထားသည့် အိမ်များတွင် Google Assistant ကို မီးဖွင့်ခိုင်းခြင်း၊ တီဗွီဖွင့်ခိုင်းခြင်း စသည်များကိုပါ လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ထို့အပြင် မေးမြန်းမှု/ခိုင်းစေမှုတစ်ခုကို ပြီးအောင်မပြောဘဲ ရပ်ထားပါက Google Assistant သည် မပြည့်စုံသောအမိန့်ကို လုပ်ဆောင်မည့်အစား ပြီးအောင်ပြောရန် တိုက်တွန်းမည်ဖြစ်သည်။ အဆိုပါ Google Assistant စနစ်ကို ဂူဂဲလ်၏ Wear OS များတွင်လည်း ထည့်သွင်းမည်ဖြစ်ကာ ယခုစတင်မိတ်ဆက်လိုက်သည့် Pixel Watch စမတ်နာရီတွင် ပထမဆုံးပါဝင်လာမည်ဖြစ်ပြီး ဒုတိယအနေဖြင့် ဆမ်ဆောင်းကထုတ်မည့် Galaxy Watch 4 နာရီများတွင် ပါဝင်လာမည်ဖြစ်သည်။

**ကိုစိုး၊ ကိုးကား – io.google**



# လားရှိုးမြို့၌ မသန်စွမ်းသူများအတွက် အတားအဆီးမဲ့ ခရီးသွားလုပ်ငန်း အခြေခံဝန်ဆောင်မှု သင်တန်းဖွင့်

လားရှိုး မေ ၃၁

**ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့တွင် မသန်စွမ်းသူများအတွက် အတားအဆီးမဲ့ ခရီးသွားလုပ်ငန်း Barrier Free Tourism အခြေခံဝန်ဆောင်မှုသင်တန်း ဖွင့်ပွဲကို မေ ၃၀ ရက်က လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံတွင် လှပသည့် ရေ၊ မြေ၊ တောတောင်၊ သဘာဝများ၊ တိုင်းရင်းသားယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် ခရီးသွားလုပ်ငန်း အရင်းအမြစ်များ ကြွယ်ဝသော ပြည်နယ်တစ်ခုဖြစ်ပြီး ပြည်တွင်း၊ပြည်ပ ဧည့်သည်များ လာရောက်လည်ပတ်ရာ ခရီးစဉ်ဒေသတစ်ခု ဖြစ်ကြောင်း၊ ပြည်တွင်း၊ ပြည်ပ ခရီးသွားအားလုံးအတွက် အသင့်ဖြစ်စေရန်နှင့် အားလုံးပါဝင်သော ခရီးသွားလုပ်ငန်းဖြစ်စေရန် မသန်စွမ်း ခရီးသွားများအတွက် အခြေခံဝန်ဆောင်မှုဆိုင်ရာသင်တန်းကို စမ်းသပ်စီမံကိန်းအဖြစ် စတင်အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း၊ မသန်စွမ်းသူများ ခရီးသွားလာသည့်အခါ အဆင်ပြေစွာ တည်းခိုနေထိုင်နိုင်ရေးအတွက်ကိုလည်း နောင်ဟိုတယ်တည်ဆောက်သည့်အခါ အခန်း ၂၀ နှင့်အထက် ဟိုတယ်များတွင် မသန်စွမ်းသူများအတွက် တစ်ခန်း ထည့်သွင်း တည်ဆောက်ပေးရန်အတွက်ကိုလည်း ရှမ်းပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီအစည်းအဝေး(၂/၂၀၂၂)တွင် ထည့်သွင်း ဆွေးနွေးပြီးဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း ရှမ်းပြည်နယ်မြောက်ပိုင်း ဇုန် ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦးနှင့် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တောင်ကြီးရုံးမှ ဒုတိယညွှန်ကြားရေးမှူးတို့အား ဂုဏ်ပြုလက်ဆောင် ပေးအပ်သည်။

အဆိုပါသင်တန်းကို ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ ဟိုတယ်ဝန်ထမ်း ၈၀၊ စည်ပင်ကြီးကြပ်မှုအောက်ရှိ တည်းခိုခန်း ဝန်ထမ်း ၆၀၊ စားသောက်ဆိုင်များမှ ဝန်ထမ်းများနှင့် ခရီးသွားဧည့်လမ်းညွှန် ၃၃ ဦး၊ ခရီးသွား ကုမ္ပဏီများမှ ဝန်ထမ်း နှစ်ဦး စုစုပေါင်း ၁၇၅ ဦး တက်ရောက်ကြပြီး သင်တန်းကို နှစ်ရက်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။



ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း အဘိုးအဘွားများအတွက် ထောက်ပံ့ငွေ ပေးအပ်စဉ်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လားရှိုးမြို့ ဆင်းရွှေလီ ဘိုးဘွားရိပ်သာ ကြီးကြပ်မှုကော်မတီများနှင့် တွေ့ဆုံပြီးနောက် အဘိုးအဘွားများအတွက် ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ အေတီတပ်ဦးကျောင်း ပရိယတ္တိစာသင်တိုက် ကျောင်းထိုင်ဆရာတော်အား သွားရောက်ဖူးမြော်ကာ လှူဖွယ်ပစ္စည်းနှင့် နဝကမ္မ အလှူငွေများ လှူဒါန်းပြီး နေ့ဆွမ်းဆက်ကပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# မြိတ်ခရိုင်အတွင်း စပါးအထွက်တိုးရေးအတွက် တောင်သူများထံ အထွက်တိုးစပါးမျိုးများ ပေးအပ်

မြိတ် မေ ၃၁

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်း ဒေသဝမ်းစာဖူလုံရေး၊ စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ စပါးအထွက်တိုးတက်ရေးအတွက် အထွက်တိုးမျိုးစပါးပေးအပ်ပွဲကို မေ ၃၀ ရက်က အဆိုပါ ကုမ္ပဏီ၌ ကျင်းပသည်။

အထွက်တိုး မျိုးစပါးပေးအပ်ပွဲတွင် ဝန်ကြီးချုပ် ဦးမြတ်ကိုက စပါးထုတ်လုပ်မှုအနေဖြင့် ဝမ်းစာဖူလုံမှုပင် မရှိသေးသည့်အတွက် မြိတ်ခရိုင်အတွင်း၌ သုံးနှစ်အတွင်း ဆန်စပါးဖူလုံအောင် ကြိုးပမ်းဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ စပါးတစ်ဧကအထွက်နှုန်း တိုးတက်မြင့်မားရေးအတွက် ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီ၍ အထွက်နှုန်းကောင်းမွန်ပြီး မျိုးကောင်းမျိုးသန့် မျိုးစေ့များ ပြောင်းလဲစိုက်ပျိုးရန် လိုအပ်ကြောင်း၊ စပါးစိုက်ပျိုး ထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ဒေသဝမ်းစာဖူလုံရေးအတွက် တောင်သူ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် သက်ဆိုင်ရာဌာနများမှ တက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားသည်။



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို တောင်သူများထံ မျိုးစပါးများ ထောက်ပံ့ပေးအပ်စဉ်။

ထို့နောက် တောင်သူများအား စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်အင်ကြင်းခိုင်က နည်းစနစ်များကို ရှင်းလင်းပြောကြားပြီး မြိတ်ကော်ပိုရေးရှင်းအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုးဝင်းက အထွက်တိုးမျိုးစပါး ပေးအပ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားသည်။ ဆက်လက်၍ မြိတ်ခရိုင် ဆန်စပါးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးထွေးဝေက မျိုးကောင်းမျိုးသန့် မျိုးစပါးများ ဖြန့်ချိဆောင်ရွက်ပေးနေမှုအား ရှင်းလင်းတင်ပြပြီး တောင်သူ ဦးထွန်းဝင်းက တောင်သူများကိုယ်စား စပါးစိုက်ပျိုး ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အထွက်တိုးမျိုးစပါးများကို ဝန်ကြီးချုပ်၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက တောင်သူများအား ပေးအပ်ခဲ့ကြပြီး ခရိုင်ဆန်စပါး လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးထွေးဝေက ကျောက်ဖျာကျေးရွာ အုပ်စုရှိ တောင်သူ ၅၃ ဦးအား လယ် ၃၅၈ ဧကအတွက် တစ်ဧက တစ်သိန်းခွဲနှုန်းဖြင့် အတိုးမဲ့ ထုတ်ချေးပေးသည့် မိုးစပါး စိုက်ပျိုးစရိတ် ချေးငွေ ငွေကျပ် ၅၃၇ သိန်းကို ပေးအပ်သည်။

ဆက်လက်၍ စန္ဒဝတ်ကျေးရွာရှိ တောင်သူများအား စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါး ရာသီတွင် ထွန်စက်ဖြင့် လယ်မြေပြုပြင်ခြင်းနှင့် မြေခံ ဓာတ်မြေသြဇာထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲ ပညာပေးဆောင်ရွက်နေမှုအား ဝန်ကြီးချုပ်နှင့်အဖွဲ့က သွားရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

ထို့နောက် ကျောက်ဖျာကျေးရွာတွင် တစ်နေ့လျှင် တန် ၁၀၀ ကျ OK ဆန်စက်သို့ သွားရောက်၍ ဆန်စက်အတွင်း ဒေသထွက်စပါးများ ဝယ်ယူစုပုံထားရှိမှု၊ အခြောက်ခံမှု၊ ကြိတ်ခွဲမှု၊ သန့်စင်မှု၊ စုပုံထိန်းသိမ်းထားရှိမှု၊ အမှုန်များစုပ်ယူ၍ စက်ရုံအတွင်း သန့်ရှင်းအောင် ဆောင်ရွက်ထားရှိမှု၊ စပါးခွံမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်အသုံးပြုနေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြိတ်စီးပွားရေးဇုန် စီမံကိန်းသို့ ရောက်ရှိ၍ စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခိုင်ထူး**

**(ပြန်/ဆက်)**


ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဂျာနယ် ထွက်ရှိ



၁-၆-၂၀၂၂ ရက်နေ့ထုတ် အတွဲ(၁၉)၊ အမှတ်(၁၁)တွင်
- ပြောင်းလဲလာသည့် ရာသီဥတုနှင့်အညီ ဟန်ချက်ညီညီစိုက်ပျိုးရေး
- စပါးပင်သဘာဝ ကြီးထွားမှုကာလကိုမူတည် တိုးမြှင့်အထွက်စွမ်းရည်
- လက်ဖက်ပျိုးထောင်ရာတွင် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများ
- ဈေးကွက်ရောင်းကုန် သရက်ပင်စိုက်ပျိုးရေးအကြောင်း သိကောင်းစရာ
- အခွံမာရေနေသတ္တဝါ ကျောက်ပုစွန်များ
- စပါးနှင့်ငါး တွဲဖက်မွေးမြူခြင်း၏ အကျိုးကျေးဇူးများ
- တစ်နိုင်တစ်ပိုင်မှသည် စီးပွားဖြစ်မွေးမြူနိုင်သော ဝက်မွေးမြူရေးနည်းလမ်းကောင်းများ
- မိုးရာသီမှာ ကျန်းမာရေးနှင့် ညီညွတ်အောင်နေနည်း အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင် (၂၀၀) ကျပ်

အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

DKY Journal


## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် မေ ၃၁**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ခြိမ်းခြောက်မှုများကြားက ပညာရာကြမယ့် အနာဂတ်ရဲ့ မျိုးဆက်သစ်များ”** ခေါင်းစဉ်ဖြင့် ဇွန် ၁ ရက်မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် PDF အမည်ခံအကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်းရှိ စာသင်ကျောင်းဆောင်နှစ်ဆောင်နှင့် စာသင်ခုံများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရသည့်ဖြစ်စဉ်”**နှင့် ပတ်သက်သည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ တိရစ္ဆာန်အစာများ၊ စက်သုံးဆီများ၊ မော်တော်ယာဉ်နှင့် လိုင်စင်မဲ့ဆိုင်ကယ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၃၁**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၂၇ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ရာတွင် ပခုက္ကူမြို့နယ်အတွင်း လိုင်စင်မဲ့ဆိုင်ကယ်ခြောက်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၀၀၀၀၀)ကိုပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မေ ၂၉ ရက်တွင် ပခုက္ကူမြို့နယ် ရေဝတီတံတား စစ်ဆေးရေးဂိတ်၌ တရားမဝင် သယ်ဆောင်လာသော စက်သုံးဆီ ၂၃၀၀ ဂါလန်၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၄၀၀၀၀)နှင့် အဆိုပါ စက်သုံးဆီများတင်ဆောင်လာသည့် ကုန်တင်ယာဉ်တစ်စီး၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၉၁၀၀၀၀)ကို ဖမ်းဆီး အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၃၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော ကုန်တင်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော Double A တံဆိပ်၊ A4 စက္ကူထုပ်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၇၅၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မေ ၃၁ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကုန်တင်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တိရစ္ဆာန်အစာများ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် ရေတာရှည်မြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့အတွင်း တရားမဝင် သစ်မျိုးစုံ ၅ ဒသမ ၉၇၂၈ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၆၃၀၃၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၂၇ ရက်၊ ၂၉ ရက်၊ ၃၀ ရက်နှင့် ၃၁ ရက်များတွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၃၉၀၅၃၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# မိုင်းပျဉ်းမြို့၌ ငွေကျပ် ၁ ဒသမ ၂၇၅ ဘီလီယံတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး ကက်တမင်း ကီလို ၁၅၀ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၃၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပျဉ်းမြို့တွင် ငွေကျပ် ၁ ဒသမ ၂၇၅ ဘီလီယံ တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး ကက်တမင်း(Ketamine) ကီလို ၁၅၀ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၉ ရက် ည ၉ နာရီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့ အလယ်ပိုင်းရပ်ကွက် နမ့်ပိန်းချောင်းအနီးတွင် လှိုင်မင်းထွန်း မောင်းနှင်ပြီး စိုင်းဆမ်လိုက်ပါလာသည့် PAJERO မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလ တန်ဖိုး ငွေကျပ် ၁ ဒသမ ၂၇၅ ဘီလီယံ တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး ကက်တမင်း ကီလို ၁၅၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ည ၁၀ နာရီ၌ မိုင်းပျဉ်းမြို့တွင် စိတ်ပြောင်းဆေးဝါး ကက်တမင်းများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်သည့် စိုင်းယီ၊ နန်းဟုန်၊ စိုင်းငို့ နှင့် စိုင်းလင်းတို့ လေးဦးကို မော်တော်ဆိုင်ကယ် လေးစီးနှင့်အတူ ဆက်လက် ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ကျိုင်းတုံမြို့ (၄) ရပ်ကွက်နေ စိုင်းလုံကျောက် (ခ) စိုင်းနွံကျောက်က သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါးများကို မိုင်းပျဉ်းမှ ကျိုင်းတုံသို့ သယ်ဆောင်ခိုင်းခြင်းဖြစ်ပြီး ၎င်းမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိသဖြင့် ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်းသိရသည်။ **သတင်းစဉ်**



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါး ကက်တမင်းများနှင့်အတူ တွေ့ရစဉ်။

# နောင်ချိုမြို့နယ်၌ ငွေကျပ်သိန်း ၁၃၁၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းမိ

**နေပြည်တော် မေ ၃၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၃၀ ရက် နံနက် ၅ နာရီက နောင်ချိုမြို့နယ် အိုရီယမ်တယ်တိုးဂိတ်အနီး၊ လားရှိုး – မန္တလေးသွား ကားလမ်းတွင် အောင်ကိုကို(ခ)ပေါက်စ မောင်းနှင်ပြီး အောင်အောင်နိုင် လိုက်ပါလာသည့် TOYOTA IPSUM အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်၏နောက်ခန်း ထိုင်ခုံအောက်နှင့် ဆီတိုင်ကီအံ့ဝှက်အတွင်းတို့မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၆၀၀၀၊ ဘိန်းစိမ်း ၁၀ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် အောင်ကိုကို(ခ)ပေါက်စ (၂၈)နှစ်နှင့် အောင်အောင်နိုင်(၄၀)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



အောင်ကိုကို(ခ)ပေါက်စနှင့် အောင်အောင်နိုင်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

### ဖခင်အမည်မှန်

မဘိမ်းမြို့နယ်၊ အထက(ဘဟဲ) Grade-4မှ မောင်လင်းထက်ဝေ၏ ဖခင်အမည်မှန်မှာ ဦးဇေယျာထွန်း ၁၃/မဘန(နိုင်) ၁၁၄၇၃၂ ဖြစ်ပါကြောင်း။

**ဦးဇေယျာထွန်း ၁၃/မဘန(နိုင်) ၁၁၄၇၃၂**

### အမည်မှန်နှင့်မိခင်အမည်မှန်

ဦးမောင်တူး ၏သမီး ဗန်းမော်ခရိုင်၊ မံစီမြို့နယ်၊ ဟန်တက်ကျေးရွာ အထက(ဟန်တက်) Grade-6မှ မထားထားတင် ၏အမည်မှန်မှာ အထားထားဝင်းဖြစ်ပြီး ၎င်း၏မိခင် အမည်မှန်မှာ ဒေါ်စိုးတင် ၁/မစန(နိုင်) ၀၂၀၁၆၈ ဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6P/6311 ယာဉ်အမည်ပေါက်သူ Best Eternity Recycle Pulp and Paper Company Limited က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(တောင်ငူ)**

### အမည်မှန်

ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ ရွာသာယာ ကျေးရွာနေ ဦးဆိတ်ဖြူ၏ သမီး ဒေါ်နှင်းသီတာဖြူ၏ အမည်မှန်မှာ မသီတာ ၁၁/မပတ(နိုင်) ၀၃၈၅၀၁ ဖြစ်ပါကြောင်း။

### မွေးသက္ကရာဇ်အမှန်နှင့် အမည်မှန်

အမ်းမြို့၊ အမှတ်(၃) အထက အရှေ့ပိုင်း အဌမတန်း(သင်ရိုးဟောင်း) မှ ဦးမောင်မောင်၏ သမီး မခွေး၏ အမည်မှန်မှာ မိုင်ကြည်ပြာဝင်း ဖြစ်ပြီး မွေးသက္ကရာဇ် အမှန်မှာ ၁၅-၃-၂၀၀၈ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

အမ်းမြို့၊ အမှတ်(၃) အထက အရှေ့ပိုင်းကျောင်းမှ မအိဇင်မိုးGrade-11 မစံပယ်မိုး Grade- 7၊ မချစ်ချစ်မိုး Grade- 5 ၏ ဖခင် ဦးမင်းကျမ်း၏ အမည်မှန်မှာ ဦးစုန်း ၁၁/ အမန(နိုင်) ၀၄၂၄၈၆ ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ပုဏ္ဏားကျွန်းမြို့နယ်၊ ကျွဲလမ်းချောင်းကျေးရွာနေ ဦးမောင်သောင်း၏ သမီး ဒေါ်နွဲ့ရီစိုး ၁၁/ ပဏတ(နိုင်) ၀၅၈၂၂၉ နှင့် ဒေါ်နွဲ့ရီစောတို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4G/7390, Toyota Probox S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်မီမီစိုး ၁၃/လရန(နိုင်)၁၀၉၈၇၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### အမည်မှန်

ကော့ကရိတ်မြို့၊ အထက(၁) Grade- 7မှ စောအဲဒိုဒိုထူး၏ အမည်မှန်မှာ စောအယ်ဒိုတူးနှင့် မိခင်အမည်မှန်မှာ နော်ဘွေထူး ဖြစ်ပါကြောင်း။

**စာအုပ်စာပေ လူ့မိတ်ဆွေ**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### မြစ်ကြီးနားမြို့နယ်တရားရုံးတော်
### ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် – ၂၆

ဒေါ်ခေါန်နူး **တရားလို** နှင့် ဦးချက်ဖောင်း **တရားပြိုင်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ တင့်တယ်ရွာရှိ ဦးမွတ်တား၊ ဒေါ်မြအေးတို့၏ နေအိမ်နေ ဦးချက်ဖောင်း (ယခုနေလိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ရက္ကန်းရက်လုပ်ခ ကြိုတင်ထုတ်ယူငွေ ကိုးသိန်းကိုးသောင်းတစ်ထောင့်သုံးရာကျပ်တိတိ(၉၉၁၃၀၀ိ/-)နှင့် နစ်နာကြေးငွေကျပ် (၁၀၀၀၀၀ိ/-) တစ်သိန်းတိတိ၊ စုစုပေါင်းငွေကျပ် (၁၀၉၁၃၀၀ိ/-) ဆယ်သိန်းကိုးသောင်းတစ်ထောင့်သုံးရာတိတိရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဇွန် ၁၃ရက် (၁၃၈၄ ခုနှစ်၊ နယုန်လပြည့်နေ့) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် လိုအပ်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ် စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် မေ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ယောန)**
**ဒုတိယမြို့နယ်တရားသူကြီး (၂)**
**မြစ်ကြီးနားမြို့နယ်တရားရုံး**

### ဖခင်အမည်မှန်

တပ်ကုန်းမြို့၊ ပညာမြင့်မိုရ်လင်း ကိုယ်ပိုင်အထက်တန်းကျောင်း Grade-11 မှ မောင်ဝေလင်းထွန်းနှင့် မောင်လင်းလင်းထွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော် ၉/တသန(နိုင်) ၁၁၇၉၀၉ ဖြစ်ပါကြောင်း။

### ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6E/7621 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ခရိုင်ရုံး(မိတ္ထီလာ)**

### တစ်ဦးတည်းဖြစ်ကြောင်း

ထားဝယ်မြို့၊ ဝဲကျွန်းမြို့သစ်(၁) လမ်းနေ မောင်ဘိုဘိုအောင်၏ ဖခင်ဖြစ်သူ ဦးကျော်ကျော်နှင့် ဦးကျော်ဝင်း ၆/ထဝန (နိုင်)၀၉၅၁၃၇ တို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

### ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9K/7245 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ခရိုင်ရုံး(မိတ္ထီလာ)**

### အမည်ပြောင်း

နွားထိုးကြီးမြို့၊ အထကမြို့မ၊ နွားထိုးကြီးမြို့နယ်၊ အမှတ် (၃) ရပ်ကွက်နေ ဦးမျိုးဝင်းသိုက်၏သမီး၊ G-5 အတန်းမှ မသိမ့်သီရိဖြိုးအား မသိမ့်သီရိစံဟု ပြောင်းလဲခေါ်ဆိုပါရန်။

### ဖခင်အမည်မှန်

သံတွဲမြို့နယ်၊ အထက(ရွှေလှေ) Grade- 11 မှ မောင်မင်းခန့်စံ၏ ဖခင်အမည်မှန်မှာ ၁၁/သတန(နိုင်) ၀၄၀၆၅၀ အရ ဦးသောင်းဝင်းဖြစ်ပါကြောင်း။

**ဦးသောင်းဝင်း**

### အမည်ပြောင်း

နွားထိုးကြီးမြို့နယ်၊ မြို့မ အထက အမှတ်(၂)ရပ်ကွက်နေ ဦးဝင်းနိုင်စိုး၏သမီး၊ G-2 အတန်းမှ မပြည့်ရတနာငြိမ်းအား မဖြိုးစန္ဒာလင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/45567, Honda Wave 110, ယာဉ်လက်ဝယ်ရှိသူ TRILLION LIN Co.,Ltd. က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8F/8564, Golden Lion L/T (GL-01) ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းရီ ၉/ပဘန(နိုင်)၁၀၀၄၅၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

### အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ ဝန်တက်ကျေးရွာ အထက (ခွဲ) Grade-9 တွင် ပညာသင်ကြားနေသော မောင်ကျော်ဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးဝင်းလှိုင် ၈/ ဆပဝ(နိုင်) ၁၁၁၄၉၁ ဖြစ်ပါကြောင်း။

**ဦးဝင်းလှိုင်**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉(က)၊ မြေကွက်အမှတ် ၂၄၇(ခ)၊ ဇေယျာမြိုင်လမ်း၊ (၁၉)ရပ်ကွက်၊ အကျယ်အဝန်း (၀ဒသမ၀၂၉)ဧက ဒေါ်ချိန်ကြူရင်(ခ)ဒေါ်ခင်ဌေးဝင်း ၁၃/လရန(ဧည့်)၀၀၀၃၂၀အမည်ပေါက်မြေကွက်ကို ဦးမင်းနိုင် ၅/တဆန(နိုင်)၁၀၄၂၃၉က ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် မြေအရောင်းတန်ဖိုး၏ စရန်ငွေတစ်ချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ– ဦးရဲမြတ်နောင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၃၆၄၁၈)**
**အမှတ်(၁၈၅)၊ လမ်း(၅၀၊ အထက်)၊ ၇လွှာ(ဝဲ)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း–၀၉–၇၉၅၆၂၀၁၇၃၊ ၀၉–၉၈၃၁၂၃၂၃၉**

### သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ နဝင်းရပ်ကွက်၊ နဝင်းကွက်သစ်၊ ဝါရုံလမ်းနေ ဒေါ်နွဲ့ ၇/ပမန(နိုင်)၀၄၆၅၅၄ နှင့် ဒေါ်အေးအေးငြိမ်း ၇/ပမန(နိုင်)၁၈၆၄၃၆ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်နွဲ့၏သမီး ဒေါ်အေးအေးငြိမ်း၏ ညီမဖြစ်သူ ဒေါ်ထက်ထက်ဦး ၇/ပမန(နိုင်)၁၇၆၀၇၅ သည် မိခင်နှင့် အစ်မတို့၏ ဆိုဆုံးမမှုများကို မနာခံဘဲ စိတ်ဆင်းရဲစေသော ကိစ္စအရပ်ရပ်ကို အကြိမ်ကြိမ်အခါခါ ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ ဒေါ်နွဲ့မှ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ဒေါ်အေးအေးငြိမ်းမှ ညီမအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ နောက်နောင်မည်သည့် ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဝေလင်းသက်နိုင်(LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၉၇၇)**
**အမှတ် ၉၁၊ လမ်းမတော်လမ်း၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး**
**ဖုန်း–၀၉–၇၉၆၆၂၀၀၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန
## အားကစားနှင့်ကာယပညာဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း
## နေပြည်တော်

၂၀၂၂ ခုနှစ်၊ ဇွန်လ ၁ ရက်
(၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၃ ရက်နေ့)

၁။ အားကစားနှင့်ကာယပညာဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည် -

| စဉ် | ရာထူးအမျိုးအစား | လစ်လပ် | အနိမ့်ဆုံးပညာအရည်အချင်း သတ်မှတ်ချက် |
|---|---|---|---|
| (က) | ပစ္စည်းထိန်း(၂) | (၈)နေရာ | CPA/ B.Com/ B.Econ (သို့မဟုတ်) ဘွဲ့တစ်ခုခုရရှိပြီး DAအောင်မြင်ရမည်။ |
| (ခ) | စာရင်းကိုင်(၂) | (၁၆)နေရာ | CPA/ B.Com/ B.Econ (သို့မဟုတ်) ဘွဲ့တစ်ခုခုရရှိပြီး DAအောင်မြင်ရမည်။ |
| (ဂ) | အငယ်တန်း အင်ဂျင်နီယာ(၂) | (၃)နေရာ | B.E (Civil / Electronics / Electrical Power) |
| (ဃ) | ဒု-ကြီးကြပ်ရေးမှူး (ထိန်းသိမ်းရေး) | (၁၀)နေရာ | B.E (Civil / Electronics / Electrical Power) |
| (င) | ဒု-ကြီးကြပ်ရေးမှူး (ကွင်း/ရုံ) | (၇)နေရာ | B.E (Civil / Electronics / Electrical Power) |

၂။ (က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ပြီး လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်သူ၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ခ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ ဌာနတွင် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိခံဝန်ချက် ရေးထိုးရမည်။

၃။ စာမေးပွဲဝင်ကြေးငွေကျပ်(၁၀၀၀) (ကျပ်တစ်ထောင်တိတိ)ကို မြန်မာ့စီးပွားရေးဘဏ် ငွေထုတ်စာရင်းအမှတ် (MD 010442)သို့ ပေးသွင်းကြရမည်။

၄။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များပါရှိရမည် -
(က) အခြေခံပညာအထက်တန်း (သို့မဟုတ်) တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူ
(ခ) ဘွဲ့လက်မှတ်မိတ္တူ
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(ဃ) တာဝန်ကျရာ မည်သည့်ဒေသမဆို သွားရောက်နိုင်ကြောင်း ကတိပြုလွှာ
(င) ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်အမှတ်၊ နေ့စွဲနှင့် အလုပ်သမားရုံးအမည်
(စ) အစိုးရဌာနတစ်ခုခုတွင် တာဝန်ထမ်းဆောင်နေသူဖြစ်လျှင် လက်ရှိတာဝန်ထမ်း ဆောင်လျက်ရှိသော ရာထူး၊ လစာနှုန်း၊ ဌာန/အဖွဲ့အစည်းအမည်နှင့် ဝန်ကြီးဌာန အဖွဲ့အစည်း၏ ခွင့်ပြုမိန့်မူရင်း
(ဆ) ယခင်ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပါက ဌာန၏ နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမိတ္တူ
(ဇ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ဆရာဝန်၏ ဆေးထောက်ခံစာမူရင်း
(ဈ) ပြင်ပပုဂ္ဂိုလ်များနှင့် အစိုးရဌာနဆိုင်ရာများတွင် ချိန်နှုန်းလစာ မရရှိသေးသူ (နေ့စားဝန်ထမ်း)များသည် သက်ဆိုင်ရာ ပြည်သူ့ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ (၆)လအတွင်း အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်မူရင်း ပါရှိရမည်။
(ည) ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံနှင့် ဖုန်းနံပါတ်
(ဋ) ဝင်ကြေးငွေပေးသွင်းပြီးကြောင်း ပြေစာချလန်မူရင်း
(ဌ) ပြည့်စုံစွာ ဖြည့်စွက်ထားသော ကိုယ်ရေးမှတ်တမ်း

၅။ ပြင်ပပုဂ္ဂိုလ်များနှင့် ချိန်နှုန်းလစာမရရှိသော ဌာနဆိုင်ရာများတွင် လုပ်ကိုင်နေသူများသည် (၃၀.၆.၂၀၂၂)ရက်နေ့ နောက်ဆုံးထား၍ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ရုံးအမှတ်(၃၁)သို့ လျှောက်ထားရမည်။

၆။ အစိုးရဌာနတစ်ခုခုတွင် ချိန်နှုန်းလစာနှင့် တာဝန်ထမ်းဆောင်နေသူများသည် သက်ဆိုင်ရာ အဖွဲ့အစည်းများမှတစ်ဆင့် လျှောက်ထားကြရမည်။ လျှောက်လွှာမိတ္တူ(၁)စောင်ကို ညွှန်ကြားရေးမှူးချုပ်၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ရုံးအမှတ်(၃၁) နေပြည်တော်သို့ လိပ်မူ၍ (၃၀.၆.၂၀၂၂)ရက်နေ့မတိုင်မီ ကြိုတင်ပေးပို့ရမည်။

၇။ အရည်အချင်းစစ် စာမေးပွဲဖြေဆိုရမည့်ရက်နှင့် ဖြေဆိုခွင့်ရရှိသူများစာရင်းကို သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနရုံးများနှင့် အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန Website ဖြစ်သော www.mosya.gov.mm နှင့် အားကစားနှင့်လူငယ်ရေးရာ Sports & Youth Affairs, Myanmar Facebook Page တို့တွင် ကြေညာပေးမည်ဖြစ်ပါသည်။

၈။ ရေးဖြေအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးမှု ပြုလုပ်မည်ဖြစ်ပါသည်။

၉။ သတ်မှတ်စည်းကမ်းချက်များနှင့် ကိုက်ညီမှုမရှိသော၊ မပြည့်စုံသော၊ သတ်မှတ်ရက်ထက် ကျော်လွန်ပြီးမှ ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၀။ အသေးစိတ်သိရှိလိုပါက အားကစားနှင့်ကာယပညာဦးစီးဌာန၊ စီမံ/ဘဏ္ဍာဌာနခွဲသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၀၆၇-၄၀၆၂၀၃၊ ၀၆၇-၄၀၆၀၂၁ သို့ဖြစ်စေ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**အားကစားနှင့်ကာယပညာဦးစီးဌာန**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်နေ ဦးသက်နေဝင်းထွန်း၏သား ဆဋ္ဌမတန်း တက်ရောက်နေသော မောင်ဟိန်းသီဟထွန်းအား မောင်သုတဟု ပြောင်းလဲခေါ်ပေးပါရန်။

## ဖခင်အမည်မှန်

ကော့သောင်းမြို့၊ ရွှေပြည်စိုးကျေးရွာ အလက(ခွဲ) ပဉ္စမတန်းတွင် တက်ရောက်နေသော မယွန်းနဒီဖြိုး၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဝင်း ၁၀/ရမန(နိုင်)၁၂၃၂၆၃ ဖြစ်ပါကြောင်း။

**ဦးထွန်းထွန်းဝင်း**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (၈-၆၀၂၈)၊ ဧရိယာ ၀ဒသမ ၁၄၆ ဧကရှိ ဦးဥက္ကာထွန်းလှိုင်(ခ) အောင်သန့်ထွန်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏အထူး/အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူဦးကောင်းမွန်(ဘ) ဦးသိန်းဆိုင် ၁၂/ဒဂမ(နိုင်)၀၂၇၀၅၆ မှ မြေငှားစာချုပ်၊ အထူး/အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၇၆၄/၂၀၂၂)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်ကေသီသိန်း ၇/ရတန(နိုင်)၀၂၈၉၆၈ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**




## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ဓာတ်အားဖြန့်ဖြူးရေးဌာန၊ ထရန်စဖော်မာ ပြုပြင်ထိန်းသိမ်းရေးဌာနခွဲမှ လိုအပ်သော Transformer New Oil နှင့် Transformer Cork Sheet (Leather Gasket)တို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အချက်အလက်များကိုဌာနမှသတ်မှတ်နှုန်းထားအတိုင်း (၁.၆.၂၀၂၂) ရက်နေ့မှ စတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ(၁၅.၆.၂၀၂၂)ရက်နေ့၊(၁၄ : ၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း၊ ၀၁-၂၂၀၈၁၆ ဖုန်းနံပါတ်သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## 66kV လွှတ်တော် နှင့် 66kV လှိုင်တက္ကသိုလ်ဓာတ်အားခွဲရုံများ အားအစားထိုးတိုးချဲ့တပ်ဆင်ရေး Consortium အဖွဲ့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ 66kV လွှတ်တော်ဓာတ်အားခွဲရုံနှင့် 66kV လှိုင်တက္ကသိုလ်ဓာတ်အားခွဲရုံတို့တွင်အစားထိုးတိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းများအတွက်လိုအပ်သော ဓာတ်အားခွဲရုံသုံးဆက်စပ်ပစ္စည်းများဝယ်ယူခြင်းလုပ်ငန်းဆောင်ရွက်ခြင်းအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အချက်အလက်များကိုConsortiumအဖွဲ့မှသတ်မှတ်နှုန်းထားအတိုင်း (၂.၆.၂၀၂၂)ရက်နေ့မှ စတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ(၁၅.၆.၂၀၂၂)ရက်နေ့၊(၁၄ : ၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း၊ ၀၁-၂၃၁၄၆၄၁ ဖုန်းနံပါတ်သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃)
## တောင်ကြီးခရိုင်တရားရုံးတော်
## ၂၀၂၂ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၅

အရှင်သီဟဗလ — လျှောက်ထားသူ

ပျံလွန်တော်မူသော ဦးမေဓါဝီ၏ ကျန်ရစ်သောငွေများနှင့်စပ်လျဉ်းသည့်အမှု

သာသနာ့ဝိပုလမြို့လယ်စာသင်တိုက်၊ အလယ်ပိုင်းရပ်ကွက်၊ ဟဲဟိုးမြို့၌ နေထိုင်ခဲ့သော ပျံလွန်တော်မူသူ ဦးမေဓါဝီ၏ ကျန်ရစ်သော၊ ညောင်ရွှေမြို့၊ မြန်မာ့စီးပွားရေးဘဏ်၌ ဘဏ်စာရင်းအမှတ် (SW-64)ဖြင့် ငွေစုဆောင်းခဲ့ရာ ဘဏ်စာအုပ်ဖွင့်လှစ်ထားသော ငွေစုစာအုပ်၌ လက်ကျန်ငွေစုစုပေါင်း(၈၉၉၈၈၃၀) (ရှစ်ဆယ့်ကိုးသိန်းကိုးသောင်းရှစ်ထောင့်ရှစ်ရာ့သုံးဆယ်ကျပ်)တိတိအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် အရှင်သီဟဗလက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ခုနှစ် ဇွန်လ ၂၀ရက်(၁၃၈၄ခုနှစ် နယုန်လပြည့်ကျော် ၇ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုပျံလွန်တော်မူသူ ဦးမေဓါဝီ၏ ကျန်ရစ်သောငွေများတွင် အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင် ဆိုခဲ့သော ၂၀၂၂ခုနှစ် ဇွန်လ ၂၀ရက် (၁၃၈၄ခုနှစ် နယုန်လပြည့်ကျော် ၇ရက်) ၌ မိမိကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က အရှင်သီဟဗလ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင်စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၂ခုနှစ် မေလ ၂၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်စိုးညွန့်)**
**ခရိုင်တရားသူကြီး**
**တောင်ကြီးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (၁၂၇၂)၊ ဧရိယာ ၀ဒသမ၀၈၂ဧကရှိ ဒေါ်ဖြူဖြူခိုင် (ဘ) ဦးကျော်မောင် ၉/လဝန(နိုင်)၂၀၉၁၁၄ အမည်ပေါက် ပါမစ်မြေကွက်အား အမည်ပေါက်သူကိုယ်စား ဒေါ်မလေး(ဘ)ဦးတုတ် ၉/ဇဗသ(နိုင်)၀၀၃၈၁၉မှ ယာယီမြေပေးစလစ်၊ နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ၎င်းမြေကွက်ကို ချထားပေးသည်မှာ မှန်ကန်ကြောင်း အသိသက်သေ (၃)ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေပေးမိန့်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးမိန့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အိမ်အမှတ် (မ/၃၂၄)နေ ဦးခွန်အဂ္ဂရာဇ် ၁၃/တကန(နိုင်)၂၄၇၄၇၃၏ ဖခင်အမည်မှာ မှတ်ပုံတင်၊ အိမ်ထောင်စုဇယားနှင့် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်တွင် ဦးစံထွန်းဖြစ်ပြီး တက္ကသိုလ်ဘွဲ့လက်မှတ်တွင် ဦးခွန်စံထွန်းဖြစ်နေပါသဖြင့် ဦးစံထွန်းနှင့် ဦးခွန်စံထွန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8L/9618, Bagan Truck Short (2), Ton (L/T) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငြေး ၁၂/လကန(နိုင်)၁၅၆၃၃၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရွာသာကြီး)ရန်ကုန်မြို့**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃)
## မအူပင်ခရိုင်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ် တရားမအထွေထွေမှုအမှတ်- ၆

ကွယ်လွန်သူ ဦးစံသိန်းနှင့် ဒေါ်မလေးတို့၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

ညောင်တုန်းမြို့နယ်၊ သဇင်ရေကျော်အုပ်စု၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးစံသိန်းနှင့် ဒေါ်မလေးတို့၏ သေတမ်းစာအတည်ပြုသည့်လက်မှတ်/ ကျန်ရစ်သော ပစ္စည်းအပေါ်၌ မွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးမောင်မောင်ဦးက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ ခုနှစ် ဇွန် ၂၈ ရက်တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးစံသိန်းနှင့် ဒေါ်မလေးတို့၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည်အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင် ဆိုခဲ့သော ၂၀၂၂ ခုနှစ် ဇွန် ၂၈ရက်၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် သေတမ်းစာအတည်ပြုချက်လက်မှတ်/အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးမောင်မောင်ဦး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်။

၂၀၂၂ ခုနှစ် မေ ၂၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(လင်းအောင်သူ)**
**ဒုတိယခရိုင်တရားသူကြီး**
**မအူပင်ခရိုင်တရားရုံး**

## အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၇၃)
## မြစ်ကြီးနားခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ် တရားမအထွေထွေမှုအမှတ် - (၅)

ကွယ်လွန်သူ ဒေါ်ခင်ပို(ခ)ဒေါ်ခင်မိုးသက် အမည်ဖြင့် ပိုင်ဆိုင်သည့် မြစ်ကြီးနားမြို့၊ အောင်နန်းရိပ်သာရပ်ကွက်ရှိ အိမ်ခြံမြေကွက်အကြောင်း

၁။ ဒေါ်ဆွေဆွေဦး ၁/မကန(နိုင်)၀၀၄၀၇၅
၂။ ဒေါ်အေးအေးဝင်း ၁/မကန(နိုင်)၀၀၄၀၇၃

အမှတ် (၅၅)၊ နယ်မြေ(၅)၊ အောင်နန်းရိပ်သာရပ်ကွက်
မြစ်ကြီးနားမြို့။(အတူနေ မိသားစု)-------------------- (လျှောက်ထားသူများ)

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အောင်နန်းရိပ်သာ ရပ်ကွက်၊ နယ်မြေ(၅)၊ အိမ်အမှတ်(၅၅)နေ ဒေါ်ဆွေဆွေဦးနှင့် ဒေါ်အေးအေးဝင်းတို့က ကွယ်လွန်သူ ဒေါ်ခင်ပို(ခ)ဒေါ်ခင်မိုးသက်၏ သားသမီးများဖြစ်သူဟူ၍ မြစ်ကြီးနားမြို့၊ အောင်နန်းရိပ်သာရပ်ကွက်၊ နယ်မြေ(၅)၊ အိမ်အမှတ် (၅၅)နေ ကွယ်လွန်သူ ဒေါ်ခင်ပို(ခ) ဒေါ်ခင်မိုးသက် ကျန်ရစ်သော ၎င်းဂရန် အမည်ပေါက် ခရိုင်အမှုတွဲ အမှတ် ၁၁၈၈ (၃)/၉၂-၉၃၊ ဦးပိုင်အမှတ်(၃၀)၊မြေကွက်အမှတ်(၆၅)၊ ဧရိယာ ၄၈၀၀ စတုရန်းပေရှိ အိမ်ခြံမြေကွက်ထဲမှ ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်း အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူဒေါ်ခင်ပို (ခ)ဒေါ်ခင်မိုးသက်မှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှ တို့သည် ဤရုံးသို့ ၂၀၂၂ခုနှစ် ဇူလိုင် ၁ ရက် (၁၃၈၄ ခုနှစ် ဝါဆိုလဆန်း ၄ ရက်)နံနက် ၁၀နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူများဖြစ်ကြသော ဒေါ်ဆွေဆွေဦး ၊ ဒေါ်အေးအေးဝင်းတို့၏ လျှောက်ထားချက်ကို ကြားနာ၍လက်မှတ်ရသင့် မရသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့် မည်။

၂၀၂၂ ခုနှစ် မေ ၃၀ ရက်၌ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အုန်းမြင့်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မြစ်ကြီးနားခရိုင်တရားရုံး**

## အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နေ ဦးစောဇော်ဝင်းမြိုင် ၇/ပခန (နိုင်) ၀၇၄၀၇၀ ၏ သမီး နော်လားခူရှိ အား နော်ကြည်ဖြူဟု ပြောင်းလဲခေါ်ပါရန်။

## အမည်ပြောင်း

ဦးအောင်ကိုဖြိုး ၇/ထတပ(နိုင်)၀၇၂၂၆၈၏သမီး ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့ လေ့ကျင့်ရေး အလယ်တန်းကျောင်း Grade-5 မဆု ထက်ဝင့်အား မဆောင်းသဒ္ဒါလွင်ဟု ပြောင်းလဲခေါ်ပါရန်။ **မဆောင်းသဒ္ဒါလွင်**

## အမည်ပြောင်း

အင်္ဂပူမြို့နယ်၊ အထက ချင်းကုန်း Grade-2မှ ဦးဆက်ဝေဖြိုး ၁၄/အဂပ (နိုင်)၁၇၇၁၉၂၏ သား မောင်ခန့်ထက်အောင်အား မောင်ဥက္ကာကျော်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဥက္ကာကျော်**

## အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ မလွန်ကျေးရွာနေ ဦးရဲဝင်းအောင် ၈/မလန (နိုင်) ၁၂၀၉၇၅၏သား အထက မလွန် Grade-5မှ မောင်စိုးမိုးသူအား မောင်ချမ်းငြိမ်းဝေယံဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ချမ်းငြိမ်းဝေယံ**

## ဖခင်အမည်မှန်

၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့ အထက (လွယ်ဂျယ်)၌ Grade-5 တက်ရောက်နေသည့် မဇင်ဇင်သော်၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်းအရ ဦးအောင်မျိုးချစ် ၁/ဗမန(နိုင်)၀၅၄၄၈၀ဖြစ်ပါကြောင်း။ **ဦးအောင်မျိုးချစ်**

## အမည်ပြောင်းလဲခေါ်ဆိုပါရန်

မိတ္ထီလာမြို့၊ အထက (၅)ရှမ်းတဲ စတုတ္ထတန်းမှ ဦးငြိမ်းထွန်းသူ ၉/မထလ (နိုင်)၂၃၅၂၈၈၏ သမီးဖြစ်သူ မယွန်းဝတီဦးအား ယနေ့မှစ၍ မယွန်းဝတီဖြိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မယွန်းဝတီဖြိုး**

## အမည်ပြောင်း

ထားဝယ်မြို့၊ ကျွန်းမွေးရပ်၊ သပြေလမ်းနေ ဦးသက်စိုးလှိုင်၏သား အမက(ဝဲကျွန်းဘီ) တတိယတန်းမှ မောင်ရဲရင့်အောင် အား မောင်ဟိန်းသူရကျော်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဟိန်းသူရကျော်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/83359, Dayng -110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွယ်နီမြင့် ၉/မလန (နိုင်)၁၀၂၈၅၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အ တွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/41911, HONDA SCOOPY 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖွန်ပိုးအိ ၈/ပခက(နိုင်)၃၂၄၁၁၄ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပခုက္ကူ)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒိုးနွယ်အုပ်စု၊ ရွာသစ်ကျေးရွာ၊ သဲဖြူတဲစုနေ ဦးကျော်မြ ၇/ကတခ(နိုင်) ၀၄၂၅၃၆- ဒေါ်တင်အောင် ၇/ကတခ (နိုင်)၀၉၇၇၃၀တို့၏သမီး ဒေါ်အိအိချော (မှတ်ပုံတင်ပျောက်ဆုံး)သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ ၃၀-၅-၂၀၂၂ရက်တွင် မိမိသဘောဆန္ဒဖြင့် အိမ်ပေါ်မှဆင်းသွားပါသဖြင့် အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ဒေါ်အိအိချောနှင့် ပတ်သက်သည့် ကိစ္စအဝဝ အားလုံးတာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်မြ-ဒေါ်တင်အောင်**

စာအုပ် စာပေ လူ့မိတ်ဆွေ



# အထူးအစည်းအဝေးဖိတ်ကြားလွှာ

ရက်စွဲ။ ။၂၈.၅.၂၀၂၂(၁၃၈၄)

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး၏ ဩဝါဒအရ အတောင် ၁၈၀ ပြည့် မင်းဘီသိက်ခံ ဘုရားကြီးတည်ထားပူဇော်ရန်အတွက် ဩဝါဒစရိယ ဆရာတော်ကြီးများနှင့် ဦးဆောင်ဆရာတော်မှ ဦးစီး၍ ဗဟိုကော်မတီဝင်များ ထပ်မံတိုးချဲ့ဖွဲ့စည်းခြင်းနှင့် အခြားလုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော် ဘုရားကြီး၏ တပည့်သာဝကများ အားလုံး အောက်ပါအစီအစဉ်အတိုင်း အစည်းအဝေးကို မပျက်မကွက်(မပျက်မကွက်) တက်ရောက်ကြပါရန် ဖိတ်ကြားပါသည်။

| | |
|---|---|
| ကျင်းပမည့်ရက် ။ | ။၄.၆.၂၀၂၂(စနေနေ့)<br>သာသနာ - ၂၅၆၆၊ ကောဇာ - ၁၃၈၄၊<br>နယုန်လဆန်း(၆)ရက် |
| ကျင်းပမည့်အချိန်။ | ။နံနက်(၇း၃၀)နာရီတွင်စတင်ပါမည်။ |
| ကျင်းပမည့်နေရာ။ | ။နတ်တလူ သာသနာပြုစခန်း၊ စစ်ကိုင်းတိုင်း<br>ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ် |

ဦးဆောင်ဆရာတော်
ဘဒ္ဒန္တ ဝိလာသဂ္ဂ

ဩဝါဒစရိယဆရာတော်
ဘဒ္ဒန္တ ကောဝိဒဓဇ
(အဘိဓဇမဟာရဋ္ဌဂုရု)

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၂၃၅ ဆူ | ၄၈၅ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၄၈ ခန်း | ၄၀၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၀ တိုင် | ၂၀ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၁၂ တိုင် | ၆၈ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၉၇ ခု | ၅၅၅ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၃ ကျင်း | ၂၀၈၆. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၆ ကျင်း | ၂၀၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၀၅ ကျင်း | ၁၆၃၁. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန(ဥယျာဉ်ရိပ်သာ)၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် အတွက် ဥယျာဉ်ရိပ်သာ(၁) တွင် (၆''x၆'')ကွန်ကရစ်တိုင်ဖြင့် သံချေးမတက်သည့် Chain Link (အရောင်ပါ) ခြံစည်းရိုးကာရံခြင်း(၁၂၅၁'x၈')(အုတ်တိုင် ဖိနပ် ၁၅၁ ခု)၊ (၆''x ၆''x ၁၀') သံကူကွန်ကရစ်တိုင်(၁၅၁)တိုင်နှင့် Strutခေါက်(၆၀)ခု ပြုလုပ်ခြင်း၊ ၉'' အုတ်ရိုး မြေကာနံရံ)လုပ်ငန်းအား မြန်မာ(ကျပ်)ငွေဖြင့် အိတ်ဖွင့်တင်ဒါဆောင်ရွက်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်ရက်** - ၁-၆-၂၀၂၂ရက် မှ ၁၃-၆-၂၀၂၂ ရက်အထိ
(ခ) **တင်ဒါလျှောက်လွှာ တင်သွင်းရန် နောက်ဆုံးရက်/အချိန်** - ၁၄-၆-၂၀၂၂ရက်၊ ညနေ ၄ နာရီ
(ဂ) **တင်ဒါအဆိုပြုလွှာ(စာအိတ်-A) ဖွင့်မည့်ရက်/အချိန်** - ၁၇-၆-၂၀၂၂ရက်၊ နံနက် ၉နာရီ
(ဃ) **တင်ဒါဈေးနှုန်းလွှာ(စာအိတ်-B) ဖွင့်မည့်ရက်/အချိန်** - ၂၄-၆-၂၀၂၂ရက်၊ နံနက် ၉နာရီ
(င) **တင်ဒါဖွင့်မည့်နေရာ** - အစည်းအဝေးခန်းမ(၂)၊ မြို့တော်ခန်းမ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို စည်ပင်ဥယျာဉ်ရိပ်သာ(၁)၊ အုပ်ချုပ်ရေးမှူးရုံးသို့ တစ်စုံလျှင် ၂၀၀၀/- ကျပ်နှုန်းဖြင့် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စည်ပင်ဥယျာဉ်ရိပ်သာ(၁)၊ အုပ်ချုပ်မှုရုံး၊ ဖုန်း-၀၆၇-၈၁၀၈၁၈၅၊ ၀၉-၇၉၆၄၆၅၁၈၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (မှတ်ချက်။ တင်ဒါဖွင့်မည့်ရက်/ အချိန် အပြောင်းအလဲရှိပါက ကြိုတင်အကြောင်းကြားပါမည်။

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဌေးကြွယ်(က) ရပ်ကွက်၊ သူဌေးလမ်း၊ အမှတ်(၁၀)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ၄-လွှာ(တိုက်ရှေ့မျက်နှာ မူလျှင်-ညာဘက်)၊ အကျယ်အဝန်း (၁၅x၆၀)ပေရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့် တိုက်ခန်းကို မြေပိုင်ရှင်လည်းဖြစ်ပြီး ယခုလက်ရှိ လက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးအေးလွင် ၁၄/မအပ (နိုင်)၀၁၂၀၄ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုပေါ်ပေါက်ခြင်း မရှိပါက အဆိုပါအရောင်းအဝယ်ကို ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဘူမောင် (LL.B)** (စဉ်-၂၂၇၄၇) | **ဒေါ်ဖြိုးဖြိုးအောင်(LL.B)** (စဉ်-၄၈၄၃၁)

**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈)၊ လူနေရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ် ၂၆၊ အကျယ်အဝန်း(၄၀ပေ x၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၂၆)၊ နဝရတ်လမ်းမ၊(၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော (၁)ထပ် နေအိမ်တို့အား ဂရန်အမည်ပေါက် ဦးငေါ်လစ်ရှင်း (ခ) ဦးသန်းဝင်းရှိန် ၁၂/လသန (ပြု)၀၀၀၈၁၀ ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏ မိတ်ဆွေမှ စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ ယင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထား မူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဘူမောင်(LL.B)(စဉ်-၂၂၇၄၇)၊** **ဒေါ်ဖြိုးဖြိုးအောင်(LL.B)(စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉**

## အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နန်းခင်သိန်းရီ ၁၃/သပန(နိုင်)၀၅၁၆၉၀သည် ဒေါ်ဝင်းသစ်နွယ် ၁၄/မမန(နိုင်)၁၅၄၆၀၄ ထံမှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဘုရင့်နောင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၄၇)၊ မြေကွက်အမှတ် (၃၅)၊ (အလျား ၄၆ပေxအနံပေ ၆၀)၊ ဧရိယာ ၀ဒသမ၀၆၃ကေ၊ နှစ် ၆၀ ဂရန်မြေအမျိုးအစားဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်သဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသော ပိုင်ဆိုင်မှု စာမှတ်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက် အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မော်မော်ခင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၃၆)**
**တိုက် (၁၂၇)၊ အခန်း (၆)၊ ရန်နိုင်လမ်းသွယ် (၅)၊ (၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊**
**ဖုန်း-၀၉-၅၀၂၉၉၅၈၊ ၀၉-၄၃၀၉၅၄၈၆**

## သမီးဖြစ်သူအား အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ဃ) ရပ်ကွက်၊ ပြည်တော်သာလမ်း၊ အမှတ် ( ၄/ဘီ)၊ ငါးလွှာနေ ဒေါ်စန်းစန်းရီ ၁၂/သဃက (နိုင်)၂၁၄၇၅၇၏ သမီး မဟန်နီစိုး ၁၂/သဃက(နိုင်)၂၁၄၈၇၇သည် မိခင်ဖြစ်သူ ကျန်းမာရေးမကောင်းသည့်အချိန် ရောဂါခံစားနေရသည့်အချိန်များတွင် မိခင်အား ပြုစုစောင့်ရှောက်ခြင်း၊ ဆေးကုသပေးခြင်းမရှိဘဲ ရောဂါသည်မိခင်အား တစ်ဦးတည်း ပစ်ထားသဖြင့် မိခင်ဖြစ်သူမှ တစ်ဦးတည်း ညိုးငယ်စွာနေရခြင်း၊ မိခင်ဖြစ်သူမှ သားအမိနှစ်ဦး အတူတကွ နေထိုင်ရန် ခေါ်ဆိုသည့်အခါတွင်လည်း မဟန်နီစိုးမှ မိခင်ဖြစ်သူနှင့် မနေနိုင်ကြောင်း၊ အပြင်းအထန်ငြင်းဆိုခြင်း၊ မိခင်ဖြစ်သူအား မလေးမစား၊ မချေမငံနှင့်ရက်စက်စွာ ပြုမူပြောဆိုခြင်းများကြောင့် ကျွန်ုပ်မိတ်ဆွေသည် အထီးကျန်စွာဖြင့် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ ကြီးစွာခံစားနေရသဖြင့် မဟန်နီစိုးအား ကျွန်ုပ်မိတ်ဆွေမှ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်တွင် မဟန်နီစိုးမှ ကျွန်ုပ်မိတ်ဆွေ၏ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ အမွေပစ္စည်းများအားလုံးအား မဟန်နီစိုးမှ အမွေမခံထိုက်တော့သဖြင့် အမွေဆက်ခံပိုင်ခွင့်မရှိတော့ပါကြောင်း ၎င်းနှင့်ကျွန်ုပ်မိတ်ဆွေမှာ သက်ဆိုင်မှုမရှိတော့၍ ၎င်း၏ကိစ္စအဝဝကိုလည်း ကျွန်ုပ်မိတ်ဆွေမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဥမ္မာဦး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၃၃)**
**ဖုန်း-၀၉-၄၂၀၈၀၃၂၅**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀) မြဝတီခရိုင်တရားရုံးတော်၌ ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၅၃

ဦးဇော်ဇော်ဝင်း နှင့် ဒေါ်နော်ရေဖော ပါ-၂
**တရားလို** **တရားပြိုင်များ**

မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ အာရှလမ်းတွင် နေထိုင်သူ (ယခုနေရပ်လိပ်စာ မသိ) အမှတ်(၁) တရားပြိုင် ဒေါ်နော်ရေဖောနှင့် အမှတ်(၂) တရားပြိုင် ဒေါ်သီတာ သိစေရမည်။

သင့်အပေါ်တွင် တရားလိုက မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ ကွင်း/အကွက် အမှတ် (၅၃-အေ)၊ မြန်မာနန်း အကွက်၊ ဦးပိုင်အမှတ် (၂၆၉)၊ မြေဧရိယာ (၄၀ x၆၀) ပေရှိ ခြံမြေကွက်ကို အိမ်နှင့် ခြံမြေကွက်အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ မှတ်ပုံတင် ပေးစေလိုမှု လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ ကိုယ်စားလှယ်ဖြစ်စေ၊ အခွင့်ရရှေ့နေဖြစ်စေ သို့မဟုတ် အမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး ၎င်းရှေ့နေနှင့် ပါ၍ဖြစ်စေ ၂၀၂၂ ခုနှစ် ဇွန် ၁၀ ရက် (၁၃၈၄ ခုနှစ် နယုန်လဆန်း ၁၂ ရက်)(သောကြာနေ့) နံနက် ၁၀နာရီတွင် အထက်ပါ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် မြဝတီခရိုင် တရားရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ သင်သည် အထက်က ဆိုခဲ့သည့်ရက်တွင် လာရောက်ရန် ပျက်ကွက်ပါက သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် သင်က ထုချေတင်ပြလိုသည့် စာချုပ်စာတမ်းများကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် အပ်နှံ၍ ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်း ရမည်။

၂၀၂၂ ခုနှစ် မေ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ဇော်ဦး)**
**ခရိုင်တရားသူကြီး**
**မြဝတီခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀) မြဝတီခရိုင် တရားရုံးတော်၌ ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၅၂

ဦးဇော်ဇော်ဝင်း နှင့် ဒေါ်တင်တင်အေးပါ-၂
**တရားလို** **တရားပြိုင်များ**

မြဝတီမြို့၊ အမှတ် (၄)ရပ်ကွက်၊ အာရှလမ်းတွင်နေထိုင်သူ (ယခုနေရပ်လိပ်စာ မသိ) အမှတ် (၁) တရားပြိုင် ဒေါ်တင်တင်အေးနှင့် အမှတ် (၂) တရားပြိုင် ဒေါ်ထွေး ထွေးငယ် သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြဝတီမြို့၊ အမှတ် (၄)ရပ်ကွက်၊ ကွင်း/အကွက် အမှတ်-(၅၃-အေ) မြန်မာနန်းအကွက်၊ ဦးပိုင်အမှတ် (၂၆၈)၊ မြေဧရိယာ ၀ဒသမ ၀၅၅ဧကရှိ ခြံမြေကွက်ကို အိမ်နှင့် ခြံမြေကွက်အရောင်းအဝယ် စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စားလှယ်ဖြစ်စေ၊ အခွင့်ရရှေ့နေဖြစ်စေ (သို့မဟုတ်) အမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦး ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဇွန် ၁၀ရက် (၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၁၂ရက်) သောကြာနေ့ နံနက် ၁၀နာရီ၌ အထက်ပါတရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် မြဝတီခရိုင်တရားရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ သင်သည် အထက်ကဆိုခဲ့သည့် နေ့ရက်တွင် လာရောက်ရန်ပျက်ကွက်ပါက သင့်ကွယ်ရာ၌ ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် သင်ကထုချေတင်ပြလိုသည့် စာချုပ်စာတမ်းများကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် အပ်နှံ၍ ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် မေ ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ဇော်ဦး)**
**ခရိုင်တရားသူကြီး**
**မြဝတီခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

